

www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

**စိစစ်သူ**

ကိုမိုး(တောင်ကြီး)

ဆင့်မအာရုံ မဂ္ဂဇင်း (အယ်ဒီတာချုပ်)

**စိမံအုပ်ချုပ်ရေးမှူး**

ဒေါ်ငွေးငွေးလှိုင်

**မျက်နှာဖုံးဒီဇိုင်း**

ကျော်စွာငွေစိုး

**ပန်းချီသရုပ်ဖော်**

ဇိုးအောင်

**ထုတ်ဝေသူ**

ဦးဟန်စိန် (၀၁၀၃၅)

ကျိုးတော်ရုပ်ပြ

**ပုံနှိပ်သူ**

ဦးကျော်သင်း(၀၀၆၂၆)

(သံလွင်ဦးပုံနှိပ်တိုက်)

**ပုံနှိပ်ခြင်း**

၂၀၁၆ ခုနှစ်

**တန်ဖိုး**

၁၅၀၀ ကျပ်

**ဖြန့်ချိရေး**

ဆင့်မအာရုံ စာပေတိုက်

အမှတ် (၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း (၅၀) အထက်၊ ပုဇွန်တောင်မြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁ ၇၆၆၅၀၊ ၀၉ ၃၀၀ ၅၀ ၁၆၀။

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

# စေတန်

## ဝိညာဉ်ဘုံသားများ

ဩကာသ လောက၊ သတ္တလောက၊ သင်္ခါရလောက ဟူသော လောကသုံးပါး ရှိသည့်အနက် သတ္တလောကထဲက လူသား(၈) ယောက် သင်္ခါရလောကထဲကို ရောက်သွားတဲ့အခါ ချောက်ချား ထိတ်လန့်၊ တုန်လှုပ်၊ ကြောက်မက်ဖွယ်ရာတွေနှင့် တွေ့ကြုံရပုံများကို မြင်တွေ့ရမည်။

www.burmeseclassic.com

www.burmeseclassic.com

# စေတန်စာအုပ်များကို

# သင် ဖတ်ပြီးပြီလား

ပထမ စာအုပ်



ဒုတိယ စာအုပ်





www.burmeseclassic.com

www.burmeseclassic.com

# ဓေတန်
# ဝိညာဉ်ဘုံသားများ

## CHAPTER


1 အပျော်ခရီးထွက်သူများ

2 ကမ္ဘာသစ်မှာ ဘာဖြစ်လာမလဲ

3 ထူးထူးခြားခြား လူသားများရှာ

4 ကမ္ဘာပျက်သလို..

5 အသူရကာယ်ဘုံမှာ..

6 ဘဝအမှန် ရောက်ပြန်..ရောက်ပြန်

7 ကြောက်စရာကောင်းတဲ့ ညငရဲ

8 သချိုင်းကုန်းမှာ မိစ္ဆာဝုန်းတာ

9 ကံဆိုးလွန်းတဲ့ စုတွဲ

10 သတ္တာဘုံမှာ ဖြစ်ပျက်တာ

11 ပရဘုံ

12 ရေပြည်ထဲ အလူးအလဲ

13 မေ့ခြင်းသစ်ပင်

14 မရဏမင်း အော်သံ

15 ဖမ်း..မိ..မ..လား

16 ပြန်ရောက်လာသော သေခြင်းများ

17 ဇာတ်တူသား စားကြသူများ

18 လွတ်လမ်းပေါ်က စိန်ခေါ်သံ

19 သေကံမကြုံ၊ ပြန်ရင်ခုန်




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# Chapter (1)

## အပျော်ခရီးထွက်သူများ

**ရဲဝင်း၊** ညီညို၊ မင်းထက်၊ ရောင်နီဆိုသော ဆယ်ကျော်သက် သူငယ်ချင်း (၄)ယောက်နှင့် ဖွန်၊ ရွှေရောင်၊ မိုးသဲ၊ ဖြိုး ဆိုသည့် အပျိုဖြန်းလေး(၄)ယောက်၊ စုစုပေါင်း (၈)ယောက်တို့မှာ ချစ်သူစုံတွဲ သူငယ်ချင်းများ ဖြစ်ကြသည်။

'ရဲဝင်း နှင့် ဖွန်'

'ညီညို နှင့် ရွှေရောင်'

'မင်းထက် နှင့် မိုးသဲ'

'ရောင်နီ နှင့် ဖြိုး' တို့မှာ ချစ်သူစုံတွဲတွေ ဖြစ်ကြ၏။

ကျောင်းကြီးတစ်ကျောင်းမှာ ဆယ်တန်းစာမေးပွဲ ဖြေဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com

# ဧကောင်

အားလုံး (က)အဆင့်နှင့် အောင်မြင်ခဲ့ကြပြီးပြီ။ မည်သူမျှ ဂုဏ်ထူးမထွက်။ ရမှတ်တွေက မတိမ်းမယိမ်းမို့ ကောလိပ်တက်သည့်အခါ မေဂျာတစ်ခုထဲ အတူကျနိုင်လေသည်။

သူတို့(၈)ယောက် ဆယ်တန်းအောင်မြင်သဖြင့် မိဘတွေကို ခွင့်ပန်ပြီး အပျော်ခရီးထွက်ဖြစ်ကြ၏။ ရောင်နီမှာ မီနီဘတ်စ်ကား ရှိနေ၍ အဆင်ပြေသွား၏။ ဖြိုးက ငွေကုန်ကြေးကျခံတဲ့သူ။ ရောင်နီတို့မိသားစုနှင့် ဖြိုးတို့မိသားစုက သူတို့သူငယ်ချင်း အားလုံးထဲမှာ အပြေလည်၊ အချမ်းသာဆုံးတွေ။

ရဲဝင်းနှင့် ဇွန်ရဲ့ မိဘတွေက ဝန်ထမ်းတွေ။

ညီညိုနှင့် ရွှေရောင်တို့မိဘတွေက ကုမ္ပဏီဝန်ထမ်းတွေ။

မင်းထက်နှင့် မိုးသဲတို့မိသားစုတွေက လက်လုပ်လက်စား သားသမီးတွေ။

သူတို့ဘဝတွေ ကွဲပြား ခြားနားနေသော်လည်း သူငယ်ချင်းဘော်ဒါစိတ် အပြည့်ရှိကြ၏။

ရန်ကုန်မြို့ထဲမှာ လိုအပ်တာတွေ ဝယ်ခြမ်းပြီး ကားစထွက်လာကြ၏။ စားကြ၊ သောက်ကြ၊ ပျော်ကြ၊ ပါးကြနဲ့ပေါ့။

"ငါ့အမေက . . မိန်းကလေးသူငယ်ချင်းတွေ ပါနေတာတောင် ဒီခရီးကို မလိုက်ဖို့ အတင်းတားနေသေးတယ်။ ငါလည်း ဒေါ်သထွက်ပြီး ပြန်အော်ပြီး ဖွတ်ထွက်လာလိုက်တာ"

မိုးသဲက အသားပေါင်းကို ဝါးတူနဲ့ညှပ်ကာ အချဉ်ရည်တို့စားရင်း ဗလုံးဗထွေး ပြောလိုက်၏။ ဇွန်ကလည်း –

"တူလိုက်တာ . . ငါ့အမေလည်း အဲဒီလိုပဲ တားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရမလဲ၊ ငါက အလစ်မှာ ခိုးထွက်လာတာပေါ့။ အဝတ်အစားတွေ ဖြိုးတို့အိမ်ကို အရင်ပို့ထားပြီးသားလေ”

ပြောပြီး ဇွန်က ကိုကာကိုလာ တစ်ငုံသောက်လိုက်၏။ ရွှေရောင်က –

“ငါ့လည်း အဖေနဲ့အမေကို တိုက်ပွဲဆင်ခဲ့ရသေးတယ်။ သမီးတို့ အပျိုဖော်ဝင်နေပြီ၊ ကိုယ်ဖာသာကိုယ် ထိန်းတတ်တယ်။ လိုက် မချုပ်ခြယ်နဲ့။ ဆယ်တန်းအောင်လို့ အင်းလေးကန်ဘက်ကို အပျော်ခရီးထွက်တာ ပုဂံ၊ ပုပ္ပား၊ ရွှေစက်တော်ပါဘုရားဖူးသွားရမှာ မိဘဆီက ပိုက်ဆံမယူဘူးဆိုပြီး အပြတ် ပြောထည့်ပစ်လိုက်တယ်။ အဲဒီတော့မှ အဖေနဲ့အမေ ငြိမ်ကျသွားတယ်”

ရွှေရောင်က နေကြာစေ့ကို ကိုက်ဝါးရင်း ပြောလိုက်ခြင်းပင်။ ဖြိုးက ပန်းသီးစားနေရာက –

“နင်တို့ကလည်း . . ကိုယ့်မိဘတွေကို ဒီလို ဆက်ဆံရသလား။ ရဲကြီးတယ်၊ ပြေပြေလည်လည်လေးပြောပေါ့”

“ပြောလို့မရလို့ပေါ့ ဟယ်၊ တို့မိဘတွေက ဖြိုးတို့မိဘတွေလို နားလည်မှုပေးတာ မဟုတ်ဘူး။ သူတို့ အမိန့်အတိုင်း နေခိုင်းတာ။ အဲလို ကလန်ကဆန်နဲ့ ဇွတ်အတင်းမှမထွက်ရင် ဒီခရီးလိုက်ဖြစ်မှာတောင် မဟုတ်ဘူး”

မိုးသဲ ပြောလိုက်သည့်စကား ရွှေရောင်နဲ့ဇွန်က ခေါင်းညိတ်ထောက်ခံနေကြ၏။ သူတို့စကားကို ငိမ်းပွတ်နေသော ယောကျ်ားလေး (၄)ယောက်လုံး ကြားနေကြ၏။

ရောင်နီက ကားမောင်းနေ၏။ ရဲဝင်းလည်း ကားမောင်း



www.burmeseclassic.com

www.burmeseclassic.com



# ဧကာန်

တတ်၍ လမ်းခရီးရှည်မှာ တစ်ယောက်တစ်လှည့် မောင်းနှင်ကြမှာ ဖြစ်သည်။

ညီညိုက ဘီယာဘူးဖောက်သောက်ပြီး သူ့စော် ရွှေရောင်ဆီက အခွံခွာပြီးသား နေကြာစေ့တွေကို ပါးစပ်လေးဟပေးပြီး မြည်းနေ၏။ မင်းထက်က ရွှေငှက်ပျောသီး တစ်ကိုက်၊ ဘီယာတစ်ကျိုက်နဲ့ အေးဆေးအနေအထား။ ရဲဝင်းက –

"နင်တို့ မိန်းကလေးတွေ သိပ်စကားများတယ်။ လက်ပံပင် ဇရက်ကျသလို၊ ကုလားတိုက် ကျားဝင်ကိုက်သလို ဆူပွက်နေတာပဲ။ ဒီမှာ သီချင်းနားထောင်နေတာ ဖီးလ်အောက်ကုန်ပြီ"

"အံမယ် . . နင့်စော်ကြီး ဖွန်ကြတော့ ထည့်မပြောဘူးလား။ စကားများတဲ့အထဲမှာ ဖွန်လည်းပါတာပဲ"

"ငါ့စော် မပါဘူးကွ၊ ငါ့စော်လေးဖွန်က အေးဆေးပဲ . . ဟုတ်တယ်နော် အသည်းလေး'

"ဘာ . . အသည်းလေးလဲ၊ ငါ့သူငယ်ချင်းတွေကို မပြောနဲ့၊ ငါ စိတ်ဆိုးရင် သိတယ်နော်။ ဖြတ်ချပစ်လိုက်မယ် . . ရည်းစားအဖြစ်ကနေ"

"မလုပ်ပါနဲ့ . . အသည်းနှလုံးလေးရယ်၊ အချစ်မကြိုက်တာ ဂျစ်မတိုက်တော့ပါဘူး၊ အချစ်တို့ ပြောချင်ရာပြော မောင် ခွင့်လွှတ်ပြီးသားပါ"

"အံမယ် . . လာသေးတယ်၊ သူက ဟွန့်"

"ငါတို့ အားလုံးကို သူ့စော်တဲ့၊ ဟာ ဟ ရယ်ချင်လိုက်တာ ဖတ်ဖတ်မောအ၊ ရင်ဘတ်နောက်ကကျော"



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်ဘုံသားများ

ဖုန်းပွတ်နေပြန်သော ညီညိုက –

"မင်းက အထာမထားတဲ့သဘောလား ရဲဝင်း၊ ငါ့အချစ်လေး ရွှေရောင့်ကိုပါ သိမ်းချင်တဲ့ သဘောလား၊ မယားထိရင် ဓားကြည့်ဆိုတဲ့ စကားပုံကို မင်းကြားဖူးတယ် မဟုတ်လား"

"သိပ်ကြားဖူးတာပေါ့ . . မယားမှ မဟုတ်သေးတာ"

"ဟေ့ကောင်တွေ . . မယားတွေရော၊ ဓားတွေရော ပါလာကုန်ပြီ။ ငါကားမောင်းရတာ အာရုံနှောက်တယ်။ ငါတို့ လမ်းခွဲရောက်လာပြီ။ အမြန်လမ်းသစ်က မောင်းမလား၊ လမ်းဟောင်းက မောင်းမလား"

"လမ်းသစ်ကမောင်း . . လမ်းရှင်းတယ် မြန်တယ်။ လမ်းဟောင်းက မောင်း၊ မြို့ရွာတွေ ဖြတ်သွားရတယ်။ လူနေမှုပုံစံမျိုးစုံမြင်ရတယ်"

"လမ်းသစ်ကလည်း တော၊ တောင်ရှုခင်းတွေမြင်ရတာပဲ"

"ဟဲ့ . . လမ်းသစ်က ကားတွေ ခဏခဏ မှောက်နေတာ၊ လမ်းသစ်မှာ သေထားတဲ့သူတွေ မနည်းဘူး။ မကျွတ်မလွတ်တဲ့ ဝိညာဉ်တွေ အများကြီး၊ သံဃာတော်တွေတောင် ကားပေါ်ကနေ ပရိတ်တရား ရွတ်ဖတ်ပေးနေရတာ"

"လမ်းဟောင်းက ရောက်ဖူးပြီးသား၊ လမ်းသစ်ကပဲ မောင်းမယ်။ ရောင်နီ မင်းက ကားမောင်းရင် အိပ်ငိုက်တတ်တယ်။ လမ်းက ကောင်းပြီး ဖြူးနေတော့ မင်းမောင်းရင် အိပ်ငိုက်မယ်။ ငိုက်တာနဲ့ လမ်းဘေးထိုးကျပြီး မှောက်ရော"

"ငါ့ဘေးမှာ မင်းရှိနေတာပဲ၊ မင်းက သတိပေးပေါ့။ ငါ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ငိုက်လာရင် မင်းတစ်လှည့်မောင်းပေါ့”

လမ်းသစ်က မောင်းဖြစ်ကြ၏။ လက်ပွတ်ဖုန်းတွေ မကိုင်ကြေးပေါ့။ ဟေးလား ဝါးလား ပျော်ဆို၊ ရှင်မြူးသံတွေ ကားထဲမှာ ဆူညံနေကြ၏။ အိမ်ခြေလေးဆယ် လမ်းခွဲကျော်လာတော့ ရောင်နီ အိပ်ငိုက်ချင်လာပြီ။ (၁၀)မိုင်လောက် မောင်းပြီးမှ ရဲဝင်းကို ပေးမောင်းမည်ပေါ့။

လမ်းကကောင်းနေတော့ ကားကငြိမ်နေ၏။ လမ်းဘေးရှုခင်းတွေကလည်း လှပလွန်း၏။ ရောင်နီမောင်းနေရင်း ငိုက်ခနဲဖြစ်သွား၏။

“ဟာ! . . ရောင် . . ရောင်နီ ဘေး . . . ဘေးကို ဆွဲချ ချ”

“ဝုန်း! . . ဒုန်း! . .”

“ချွင် . . ချလွမ်း”

“အား! . . ”

“အမယ်လေး”

“ဘုရား . . ဘုရား”

ကားက လမ်းဘေးကိုဆွဲချပြီး တစ်ပတ်လည် မှောက်ကာ ပြန်မတ်ထောင်နေပြီ။ ကားပေါ်ကလူတွေ ဆောင့်မိကုန်ပြီး သတိတွေ လစ်ကုန်ကြ၏။ အရှိန်နှင့်မောင်းလာတာမို့ မှောက်ချက်က မသက်သာ။ ကားပေါ်ပါ လူ (၈)ယောက်လုံး အမှောင်ကမ္ဘာထဲ အသိတရားတွေ လွင့်ပါးရောက်ရှိသွားကုန်တော့၏။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com





# Chapter (2)

## ကမ္ဘာသစ်မှာ ဘာဖြစ်လာမလဲ

"**အား** . . ကျွတ် . . ကျွတ် . . ကျွတ်"

ရောင်နီ အရင် သတိရလာ၏။ သတိမေ့နေသော သူငယ်ချင်းတွေကို သေကုန်ပြီထင်၍ ရင်ထဲ ထိတ်လန့် တုန်လှုပ်သွား၏။

"ရဲ . . ရဲဝင်း . . ရဲဝင်း"

"အင်း . . ဟင်း . . ဟင်း"

"မသေသေးဘူး။ ရဲဝင်း . . ထ . . ထ"

"ဟင်! . . ရောင် . . ရောင်နီ "



www.burmeseclassic.com

www.burmeseclassic.com

## ဧကောန်

"ဟော့ကောင် . . ကားမှောက်တာ ငါတို့ မသေသေးဘူး။ ကျန်တဲ့သူတွေ လိုက်နှိုးရအောင်၊ သတိလစ်နေတာပဲ ဖြစ်ပါစေ။ မသေပါစေနဲ့၊ ဖြိုး . . ဖြိုး"

ဖြိုးကို သွားလှုပ်နှိုး၏။

"အား! . ."

ဖြိုးက လန့်အော်ပြီး သတိပြန်ရလာ၏။

"ဖြိုး . . ဖြိုး . . ဖြိုး မသေသေးဘူး"

"ရောင် . . ရောင်နီ"

ကျန်တဲ့သူတွေ လိုက်လှုပ်နှိုးကြည့်၏။ အကုန် သတိလစ်နေရာက သတိပြန်ရကုန်၏။ ဘယ်သူမှ ကြီးကြီးမားမား ထိခိုက်ဒဏ်ရာ မရ။ မိုးသဲက မျက်ခုံးလေး နည်းနည်း ကွဲသွား၏။

ရွှေရောင်က နဖူး နည်းနည်း ပေါက်သွား၏။ ရဲဝင်းက ခေါင်းဖုသွားသည်။ ဒီလောက်သာ ဖြစ်သွား၍ တော်သေးသည်ဟု စိတ်ဖြေမိကြ၏။ ရဲဝင်းက အလန့်တကြားဖြင့်–

"ဟာ! . . ဘေးကို ကြည့်လိုက်စမ်း"

"ဟင်! . ."

"ဟယ်! . ."

"ဘယ်လိုကြီးလဲ"

ဘေးပတ်ဝန်းကျင်တစ်ခုလုံး နီညိုရောင်သမ်းနေ၏။ သစ်ပင်တွေ သိပ်မရှိ။ တောင်ကုန်း၊ တောင်တန်း၊ မြေပြန့်လွင်ပြင်ကြီး ဖြစ်နေ၏။ ကားပေါ်ကဆင်းကြည့်တော့ မြေနီပြန့်ကြီးပေါ် ရပ်မိကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခြောက်လမ်းသွား လမ်းသစ်ကြီး ဘယ်ရောက်သွားပြီလဲ။ ဒါ ဘယ်နေရာလဲ"

"အေးနော် . . မရှိတော့ဘူး။ ထူးဆန်းလိုက်တာ တို့ ဘယ်နေရာကို ရောက်နေကြတာလဲ"

"ငါ . . ငါတို့ ကာလယန္တရား ရပ်တန့်နေတဲ့ ဇုန်ထဲကိုများ ရောက်နေတာလား"

"ဟုတ်မယ်နဲ့ တူတယ်"

"နေဦး၊ ငါ . . ငါတို့ တမလွန်ဘုံကို ရောက်ကုန်ကြတာလား"

"ဘာ! . . ဒါ . . ဒါဆို . . ငါ . . ငါတို့အားလုံး သေ . . သေကုန်ပြီပေါ့"

"ဘုရား! . . ကယ်တော်မူပါ"

"အမေရေ"

"ဖေဖေနဲ့ မေမေရေ"

"နင်တို့ကလည်း အားငယ်မနေစမ်းပါနဲ့၊ ငါတို့ ကားမှောက်ပြီး သေသွားတာဆိုရင် ဝိညာဉ်လောကသားတွေနဲ့ တွေ့နေရမှာပေါ့။ သရဲစာအုပ်တွေထဲမှာ ကားမှောက် သေကြတဲ့အထဲက သေရွာပြန်တွေ ရေးထားဖူးတဲ့စာကို ငါဖတ်ဖူးတယ်"

"သူတို့ ဝိညာဉ်ဖြစ်သွားတော့ ကားလမ်းဘေးတွေ၊ သစ်ပင်တွေမှာ သရဲ၊ တစ္ဆေ အထီးအမတွေက ဝိုင်းကြည့်ပြီး လက်ခုပ်ဩဘာ ပေးနေကြတာတဲ့။ သူတို့က အလောင်းကောင်တွေကို စားသောက်ရတော့မှာမို့ ပျော်နေကြတာလေ၊ အခု အဲဒါမျိုးတွေ မတွေ့ရတော့



www.burmeseclassic.com

www.burmeseclassic.com



သေတာ မဖြစ်နိုင်ဘူး . . လုံးဝ မဖြစ်နိုင်ဘူး"

"သေပြီဆို သေမင်းက လာခေါ်မှာပေါ့"

"ယမမင်းထံ အစစ်ခံရမယ့်လူကိုမှ လာခေါ်ကြတာ။ ကုသိုလ်အားကောင်းတဲ့လူဆို နတ်ပြည်က လာခေါ်ကြတယ်လေ။ ယမမင်းထံ အစစ်ခံစရာ မလိုတော့ဘူး"

"အကုသိုလ် အားကြီးတဲ့သူဆို . . ငရဲပြည်ကို တန်းရောက်ရော၊ ယမမင်းက မစစ်ဘူး"

"ယမမင်း စစ်တာ . . ကုသိုလ်၊ အကုသိုလ်မျှနေတဲ့သူကို စစ်ဆေးတာပေါ့"

"အခု . . ငါတို့ဆီကို ဘယ်သူမှ ရောက်မလာတော့ ရောင်နီပြောသလို ကာလယန္တရား ရပ်တန့်နေတဲ့ ဇုန်ထဲ ရောက်နေကြတာပေါ့"

ရွှေရောင်က ငိုသံနွယ်သောစကားဖြင့် –

"ဒီလို ဖြစ်လာမယ်မှန်းသိရင် ဒီခရီးကို မထွက်ဖြစ်ပါဘူးဟယ် . . အိမ်ကိုပဲ ပြန်ချင်တယ်။ ညီညို အိမ်ရောက်အောင် ပြန်ပို့ပေးပါနော် . . နော် . . နော်လို့'

ဂယောင်ချောက်ချားတွေနှင့် သွေးပျက်ချင်လာကုန်ပြီး ညီညိုက ခေါင်းသာ တွင်တွင်ညိတ်ပြနေ၏။ သူကိုယ်တိုင်လည်း ဘာဆက်လုပ်ရမှန်းပင် မသိ။

(၈)ယောက်သား ဂြိုလ်ကမ္ဘာသစ် တစ်ခုထဲ ရောက်သွားသလိုပင်။ ရဲဝင်းက –

"ဒီလိုနေလို့ မဖြစ်ဘူး။ ထွက်ပေါက် တစ်နေရာရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိမှာပဲ။ ငါတို့ စူးစမ်းလေ့လာပြီး လိုက်ရှာကြမယ်။ ကားပေါ်မှာ ရိက္ခာတွေ ရှိတယ်။ ကျောပိုးအိတ်ထဲက အဝတ်အစားတွေ အပိုနှစ်စုံစာပဲ ယူ၊ ကျန်တာ ရိက္ခာနဲ့ရေဘူးတွေ တစ်ယောက် (၃)ဘူးနှုန်း ထည့်သယ်ခဲ့ကြ"

မိန်းကလေးတွေက စနစ်တကျ ပစ္စည်းတွေ ထည့်ပေးကြ၏။ ကျောပိုးအိတ် တစ်ယောက်တစ်အိတ် လွယ်ပြီး ခရီးဆက်ကြ၏။ မြေနီလွင်ပြင်ကြီးမှာ သဲငွေ့တွေ တငွေ့ငွေ့လွင့်နေ၏။ မြေကလည်း ပျော့တဲ့နေရာက ပျော့ပြီး မာတဲ့နေရာ မာနေ၏။

ရဲဝင်းနှင့် ရောင်နီတို့က ရှေ့ဆုံးက ဦးဆောင်၏။ အလယ်မှာ မိန်းကလေး(၄)ယောက်။ နောက်ဆုံးမှာ မင်းထက်နှင့် ညီညို။

အရပ် လေးမျက်နှာ မသိ။ တောင်ကုန်းတွေဘက်ကို ဦးတည်ပြီး ထွက်လာဖြစ်ကြ၏။ တောင်ခါးပန်းကုန်းပေါ်မှာ လူသွားလမ်းလိုလို ယောင်ယောင်လေးရှိနေ၍ ထိုလမ်းကလေးအတိုင်း လျှောက်သွားမိကြ၏။

"အလို! . ."

"ဘာသံတွေလဲ"

"လူအုပ်ကြီးအသံ"

အော်ဟစ် ပြေးလွှားသံ၊ မြင်းခွာသံ၊ အော်ဟစ် ကြိမ်းမောင်းသံတွေ ဗလုံးဗထွေးကြားရ၏။ ကြောက်လန့် သွေးပျက် အော်ဟစ်သံတွေက အပွက်ညံဆုံး ဖြစ်နေသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com



# ဧကာန်

"**အား** . . အူး . . ကျား . . အီး . . ဟီး . . ဟီး"

သူတို့တွေ ထားရစ်ခဲ့ရာ ကွင်းပြင် ကွက်လပ်ကြီးကို လှမ်းမျှော်ကြည့်ရှုလိုက်၏။ လူလိုလို၊ တိရိစ္ဆာန်လိုလို၊ ဗြိလ်သားလိုလို အကောင်ပလောင်မျိုးစုံနဲ့ အုပ်လိုက်ကြီးက ကသောင်းကနင်း ထွက်ပြေးလာကြ၏။

နောက်မှာ ဧရာမ လူထွားကြီးတွေ၊ ဦးချိုကြီးတွေနှင့်။ လှံ၊ အဲမောင်း၊ မြှား၊ ပုဆိန်၊ တင်းပုတ်ဆူးချွန်ကြီးတွေနှင့် ညာသံပေးပြီး မွန်ဂိုတွေ အမဲလိုက်သလို ရှေ့ကအုပ်စုကို လိုက်ဖမ်းနေ၏။ အုပ်စုနှစ်စု . . ပြေးသူနဲ့ လိုက်သူ။

လဲကျသူ လဲကျ၊ ထိမှန်သူ ထိမှန်၊ လှံစိုက်သူ စိုက်၊ ပုဆိန်ချက်မိသူ မိနှင့်။ လူသတ်ပွဲကြီးကို ကြောက်ခမန်းလိလိ မြင်နေရ၏။

"ဘုရား! . . ဘုရား! . . အဲဒါ ဘာတွေလဲ ဘာတွေလဲ"

မိုးသဲက လန့်လန့်တုန်တုန်နှင့် မေးလာ၏။ မင်းထက်



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း အတင်းတွယ်ထား၏။ ဘယ်သူမှ အဖြေ ပြန်မပေးနိုင်ကြ။ သတ်ဖြတ်နေတာလည်း ရက်ရက်စက်စက်။ ရှေ့က အုပ်စုကလည်း ဦးရေ တစ်သောင်းခန့် ရှိမည်။ နောက်ကအုပ်စုက ဦးရေ ငါးထောင်ခန့် ရှိမည်။ အသတ်ခံရသူတွေ အုပ်စုက ဘာမှ ပြန်မလုပ်နိုင်။ ဦးရေ ငါးထောင်ခန့် သုတ်သင်ခံလိုက်ရ၏။

ရှေ့ဆက်ပြီး ဦးရေ ငါးထောင်ခန့်က အုပ်စုခွဲပြီး ပြေးကုန်၏။ တောင်ခါးပန်းဘက်ကို နှစ်ထောင်ကျော်လောက် ပြေးတက်လာသည်။ မြောက်အရပ်ဟု ယူဆရသောဘက်ကို နှစ်ထောင်ခန့် ထွက်ပြေးကြ၏။ ကျန်တဲ့သူတွေက အရှေ့ဘက်ဟု ယူဆရာဘက်ဆီ ထွက်ပြေးကြကုန်၏။

သတ်တဲ့အုပ်စုက ရောင်နီတို့ စီးခဲ့သောကားကြီးကို မြင်းနဲ့ လှည့်ပတ် ကြည့်ကုန်ကြ၏။ ခေါင်းမွေးစုတ်ဖွား ဦးချိုကြီးနှင့် ဖုထစ်ကာ အထွားကျိုင်းဆုံးကောင်ကြီးက အရပ်ရှစ်မျက်နှာကို ခေါင်းမော့ အနံ့ခံရင်း ရောင်နီတို့ရပ်ကြည့်နေရာ တောင်ခါးပန်းဘက်ကို မျက်နှာတူရှုပြီး ရပ်ဆိုင်းကြည့်နေ၏။ သူ့လူတွေကို တောင်ခါးပန်းဘက်ဆီကို ရဲဒင်းကြီးနဲ့ ညွှန်ပြလိုက်၏။

"ဘုရားရေ . . သူတို့ ငါတို့ရှိတဲ့နေရာကို သိသွားပြီ။ ကယ်တော်မူပါ၊ တို့တွေ အသတ်ခံရလိမ့်မယ်။ ထွက် . . ထွက်ပြေးကြမယ်လေ"

မိန်းကလေးတွေက အသံတုန်အက်အက်တွေနှင့် ပြောလာကြကုန်၏။ ယောကျာ်းလေးတွေက ခုခံကာကွယ်ဖို့ လက်နက်တွေကို အနီးအပါးမှာ လိုက်ရှာကြည့်၏။ ကျောက်တုံးတွေသာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ကျောက်တောင်စွန်း အကွယ်မှာ ဝင်ပုန်းနေကြမယ်။ တို့ကို တွေ့ချင်မှတွေ့ဦးမှာ၊ လာကြ . . လာကြ"

"အား! . . ဟိုမှာ ဘာကောင်ကြီးလဲ၊ လုပ်ပါဦး"

ပြေးတက်လာသော ပုလုံးလုံးအကောင်ကြီးက အကြည့်ရဆိုးလှ၏။ ဖားပြုတ်ကြီးလိုလို ပုတ်သင်ညိုခေါင်းကြီးလိုလိုနှင့်။ နောက်က လိုက်တက်လာသော သတ္တဝါတွေမှာလည်း ပုံဆိုးပန်းဆိုးတွေ။

"အဲဒါ ဂြိုလ်သားတွေလား၊ ငါတို့ တခြားဂြိုလ်ပေါ် ရောက်နေတာလားကွာ"

"အဲဒါ ပြိတ္တာတွေဖြစ်မှာ . . မမြင်အပ်တဲ့ သတ္တဝါတွေ၊ သူတို့ ပြုလုပ်ခဲ့တဲ့ အကုသိုလ်ကံဆိုး အတိုး အကျိုးပေးပြီး ပုံပျက်၊ ပန်းပျက်တွေ ဖြစ်နေတာဖြစ်မယ်"

အားလုံးထဲမှာ ဗဟုသုတ လေ့လာ မှတ်သားအားကောင်းသော ရောင်နီက ပြောလိုက်ခြင်းပင်။ ညီညိုက –

"အဲဒီ ပြိတ္တာတွေကို လိုက်သတ်နေတာကရော ဘာတွေလဲ"

"နတ်ဘီလူးတွေ ငရဲထိန်းတွေ ဖြစ်မှာပေါ့"

"ဟုတ်လို့လား. . ရောင်နီရာ"

"မင်းတို့ စကားများမနေနဲ့၊ အကောင်ကြီးတွေ နီးလာပြီ၊ တို့ပြေးကြမှ ဖြစ်တော့မယ်။ ရောင်နီ မင်းရှေ့က လမ်းရှာပြီး ပြေး၊ ရောင်နီနောက်က မိန်းကလေးတွေ လိုက်ကြ၊ ငါတို့ယောကျာ်းလေးတွေက သူတို့လိုက်မီလာရင် ခုခံ တားဆီးတိုက်ခိုက်ပြီး အဆင်ပြေသလို လိုက်လာခဲ့မယ်၊ မြန်မြန် ပြေးကြ. . ပြေး"



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်ဘုံသားများ



ရဲဝင်းက လော်ဆော်လိုက်သည်နှင့် အစဉ်လိုက် ထွက်ပြေးကြ၏။ ရဲဝင်း၊ မင်းထက်၊ ညီညိုက လက်ပစ်ခဲလောက် ကျောက်တုံးတွေ တစ်ဖက်တစ်လုံးစီကောက်ပြီး နောက်ကနေ ပြေးလိုက်ကြ၏။ ကျောပိုးအိတ်တွေနှင့် ပိုပြီး လေးလံပင်ပန်းလွန်းလှ၏။

လမ်းရှိသလောက် ပြေးလာရင်းနဲ့ ချောက်ကမ်းပါးမှာ လမ်းဆုံးသွား၏။ အောက်ခြေကိုငုံ့ကြည့်တော့ မြူတွေ ဆိုင်းပြီး မှိုင်းမှုန်နေ၏။ တောင်ကြားထဲ ဖြတ်တိုက်နေသော လေပြင်းတွေက တဟူးဟူး တဟဲဟဲ မြည်သံပေါ်နေသည်။

"ပြေးစရာလမ်း မရှိတော့ဘူး . . တောင် ဆင်ခြေလျှောအတိုင်း ပြေးဆင်းမှရတော့မယ်"

"မပြေးနဲ့ . . ဘီလူးတွေ အဲဒီလမ်းအတိုင်း မြင်းနဲ့ လိုက်ပတ်ထားပြီးပြီ၊ ပြိတ္တာတွေက ကြောက်လန့်ပြီး သွေးရူးသွေးတန်းပြေးနေတာ၊ ပြိတ္တာတွေကို ငါတို့ ခဲနဲ့ပေါက်ပြီး ခြောက်လှန့်ထုတ်မယ်"

ပြိတ္တာကောင်တွေ ဝရုန်းသုန်းကား ပြေးလာကြ၏။ ရဲဝင်းက ရှေ့ဆုံးကကောင်ကို ခဲနဲ့ပေါက်၏။ မင်းထက်နဲ့ ညီညိုတို့လည်း ဝိုင်းပေါက်ကြ၏။ ဘေးနားမှာ ကျောက်ခဲတွေပေါ်နေ၍ ရောင်နီနဲ့ မိန်းကလေး (၄)ယောက်ပါ ဝိုင်းပစ်ပေါက်ကြ၏။

ပြိတ္တာတွေ ကျောက်ခဲမိုးရွာသလို အပေါက်ခံနေရ၍ တချို့က တောင်ခြေကို ဆင်းပြေးကြ၏။ တချို့က တောင်ပေါ်ကို အတင်းတွယ်တက်ပြေးကြ၏။ တောင်ခါးပန်းလမ်းဆုံးဘက်ကို ဦးမတည်ရဲကြတော့။

ငရဲထိန်းကြီးရဲ့ မြင်းတပ်ဖွဲ့ကလည်း တောင်စောင်း



www.burmeseclassic.com

www.burmeseclassic.com

# ဧကောင်

အောက်ခြေပတ်လည်မှာ ဝိုင်းထားကြ၏။ ငရဲထိန်းအဖွဲ့တွေ ခွဲပြီး ပြိတ္တာတွေ နောက်လိုက်ကုန်ကြ၏။ ငရဲထိန်းခေါင်းဆောင်အဖွဲ့က တောင်ခါးပန်းကို ဝိုင်းထား၏။

အောက်ခြေကို ပြေးဆင်းလာသော ပြိတ္တာတွေကို ငရဲထိန်းတွေက ထိုးခုတ် သတ်ဖြတ်သုတ်သင်နေ၏။ ငရဲထိန်းခေါင်းဆောင် ဦးချိုနှစ်ခုနှင့် လူထွားကြီးက ရောင်နီတို့အုပ်စုကို မမိုတ်မသုန် လှမ်းကြည့်နေ၏။

ကိုက်တစ်ရာ အကွာလောက်က ကြည့်သော်လည်း ကြောက်စိတ်တွေတဖွားဖွား ဖြစ်ပေါ်လာစေနိုင်သော အကြည့်မျိုးကြီး ဖြစ်၏။

"အာနိုးတို့၊ ရမ်ဘိုတို့ထက် နှစ်ဆလောက်ကို တောင့်တင်းခိုင်မာတယ်။ သူကိုင်ထားတဲ့ ပုဆိန်နှစ်ဖက်သွားရဲ့ ရိုးတံအရှည်ကိုက လုံတစ်ချောင်းစာလောက်ရှိတယ်။ သူ့ပုဆိန် တစ်ချက်ထိတာနဲ့ အသက် ဘယ်နားကထွက်ရမှန်း မသိအောင် ဖြစ်သွားလိမ့်မယ်"

ညီညိုက လှမ်းကြည့်ရင်း . . ကြောက်မေးရိုက်သံကြီးနှင့် ပြောလာ၏။ မိန်းကလေးများဆို ရဲရဲပင်ပြန်မကြည့်ရဲ။

ငရဲထိန်း ခေါင်းဆောင်ကြီး (ယမဒေါ၊ ယမနေ) ဆိုသည်မှာ ယမမင်းကြီးရဲ့ လက်ရုံးနှစ်ဆူဖြစ်၏။ ညာလက်ရုံးနဲ့ ဘယ်လက်ရုံးပေါ့။ ဒီငရဲထိန်းကတော့ ဘယ်လိုအဆင့်ရယ်မှန်း မသိ။

"ဟာ! . . အခြေအနေမကောင်းဘူး။ ငါတို့ကို လက်ညှိုးထိုးပြီး သူ့လူတွေကို အသံသြအက်အက်ကြီးနဲ့ ပြောနေသံ ဗလုံးဗထွေးကြားနေရတယ်။ တို့ကိုတွေ့သွားတာ သေချာပြီ"

"တောင်ပေါ်တက်ပြေးတဲ့ ပြိတ္တာတွေကို ပြောနေတာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်တာပဲ”

“တို့တည့်တည့်ကို ပြနေတာကွ၊ တောင်ပေါ်တက်ပြေးတဲ့ ပြွတ္တာတွေ တို့ဘက်မှာ အပေါ်ဘက်မှာ တစ်ကောင်မှမရှိဘူး။ ဟော . . တို့ဘက်ကို သူ့ရောမမြင်းကြီးနဲ့ ခုန်ထိုးပြီးတက်လာပြီ”

အာဂမြင်းကြီးတွေ တောင်ပေါ်တက်လာနိုင်ကြ၏။ တောင်ဆိတ်တွေလို တောင်တက်လည်း ကျွမ်းကျင်ကြ၏။

“တို့ကို သတ်တော့မယ်နဲ့ တူတယ်။ လုပ်ကြပါဦး . . ကယ်ကြပါဦး။ ငါတို့မှာ ပြေးစရာမြေ မရှိတော့ဘူး”

မိုးသဲက ငိုသံပါကြီးနှင့်အော်ပြော၏။ ရဲဝင်းက ကျောက်ခဲတွေ လိုက်ကောက်ပြီး ဘေးနားမှာ စုပုံနေ၏။ ရောင်နီက နက်ရှိုင်းသော ချောက်ကမ်းပါးကြီးကို ငုံ့ကြည့်နေ၏။

“ငါတို့ ခုန်ဆင်းကြမလား”

‘သေကုန်မှာပေါ့’

“ဟိုအကောင်ကြီးတွေ လာခုတ်သတ်ရင်ကော သေရမှာပဲ။ ဒီအောက်ထဲခုန်ချတာ သေလမ်း၊ ရှင်လမ်း နှစ်လမ်းရှိသေးတယ်”

“နေဦး . . ဒီအကောင်ကြီးတွေ တို့နဲ့ မပတ်သက်ဘူး။ တို့ကို ဘာလုပ်ချင်တာလဲဆိုတာ အသာစောင့်ကြည့်ရအောင်။ သူတို့ ရန်မူမှ ငါတို့ ပြန်တိုက်ခိုက်မယ်”

အားလုံး ကျောက်နံရံကို ကျောကပ်ပြီး ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေကြ၏။ ဗလုံးဗထွေး အသံကြီးတွေနှင့် မြင်းကြီးတွေ ကဆုန်ပေါက် တက်လာ၏။ မြင်းပေါ်မှာ စီးလိုက်လာသော လူထွားကြီးတွေကို ပေ (၂၀)အကွာလောက်ကနေ မြင်ရတာပိုပြီး



www.burmeseclassic.com

www.burmeseclassic.com

# ဧရာဝန်

ကြောက်လန့် တုန်လှုပ်ချင်စရာ။

ထွားကျိုင်းသန်မာပြီး အမွေးထူလပျစ်နှင့် မျက်ကွင်းညိုကြီးတွေ၊ မျက်လုံးနီကြီးတွေ၊ ဦးချိုချွန်ချွန် နှစ်ဖက်တွေနှင့်။

ပုဆိန်ကြီးကလည်း လက်ပထက်မြဲနေ၏။ ဝါးဝါးဝေဝေ အသံတွေနှင့် ပုဆိန်ကြီးကို ဓားတစ်လက်ပမာ ဝှေ့ရမ်းပြီး တက်လာကြပြီ။ နောက်လိုက်တွေကလည်း ထိတ်လန့်ဖွယ်ရာ မျက်နှာသွင်ပြင်မျိုးစုံနှင့်။

"ဘုရား . . ဘုရား"

"ဩကာသ . . ဩကာသ"

"အမယ်လေး . . ကြောက်စရာကြီးတွေ"

"အမေရေ . . ကယ်ပါဦး"

"ရဲဝင်း . . အခြေအနေ မဟန်ဘူး"

"ရှိုး . . ရှိုး"

"ထန်း . . ထန်း"

"ဟာ! . . မြွားနဲ့ပစ်တယ်။ ငုံ့ရှောင် ထိုင်နေကြ"

"ရှိုး . . ရှိုး . . ရှိုး"

"ဝှစ် . . ဝှစ် . . ဝှစ်"

"ဒေါင် . . ဒန်း . . ထန်း"

ပစ်တက် တက်လာ၍ ထိချက်လွဲနေခြင်းပင်။ မြွားတံတွေကပင် လုံ့တိုလောက်ကြီးတွေ။

"မရတော့ဘူး . . သူတို့သတ်တာ မခံဘူး။ ငါ ခုန်ဆင်းမယ်" ဖြိုးက –



www.burmeseclassic.com

www.burmeseclassic.com



"ရောင်နီ"

ဖြိုးရဲ့အသားတွေ ဆတ်ဆတ်တုန်ပြီး လန့်အော်၏။

"ဖြိုး . . နောက်ဘဝမှာ ပေါင်းဆုံဖို့ အတူမသေရဲဘူးလား"

ဖြိုး စိတ်ကို မျက်လုံးစုံမှိတ် တင်းလိုက်ပြီး. .

"အင်း"

"လာ"

ရောင်နီက ဖြိုးလက်ကိုဆွဲပြီး ချောက်ထဲခုန်ချသွား၏။ ကျန်တဲ့သူတွေ တွန့်နေ၏။ ရန်သူတွေနဲ့လည်း (၁၀)ပေခန့်သာ ကွာတော့၏။ အောက်ကို ဆင်းပြေးဖို့ ဘယ်လိုမှ မလွတ်နိုင်။ အထက်တက်ပြေးလို့မရ။ ချောက်နံရံကျောက်ကြီးက မြင့်မား၏။

စပိုက်ဒါမန်းလို၊ လင်းနို့လူသားလို အတင်းတွယ်တက်သွားနိုင်ရင်တောင် မြှားစာမိမှာ ကေန်။

ရဲဝင်းက ခဲနှင့် စတင်ပစ်ခတ်၏။ မင်းထက်၊ ညီညိုတို့လည်း လိုက်ပစ်ခတ်ကြ၏။ ခေါင်းဆောင်ကြီးကို ရုပ်ထိသွား၏။ ဒေါသမျက်နှာကြီးနှင့် ပါးစပ်ကြီးပြဲပြီး အသံနက်ကြီးနှင့် အော်ဟစ်လိုက်သံ ပွက်လောညံသွားသည်။

မိန်းကလေး (၃)ယောက် ကြောက်လွန်း၍ ခဲပင် မပေါက်ရဲကြ။ လုံ့ပုံ၊ အဲမောင်း၊ မြှားတံတွေ ပလူပျံအောင်ဝင်လာ၏။

"မရတော့ဘူး . . ရောင်နီတို့နောက်ကို လိုက်ကြတော့"

ချောက်ထဲက အော်သံသဲ့သဲ့လေး ကြားရ၏။

"ဆင်းလာ . . ခဲ့"

"မိုးသဲ . . ဆင်းမယ်၊ သူတို့ ဘာမှမဖြစ်လို့ ခေါ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com

## ဧကောင်

"အေး . . နင်အရင်ဆင်း ရွှေရောင်"

"ဟော့အေး . . နင်ပဲ အရင်ဆင်း"

"ဟာ! . . နင်တို့က အရေးထဲမှာ . . ကဲဟာ! . ."

ဖွန်က နှစ်ယောက်လုံးကို ဆောင့်တွန်းချလိုက်၏။

"အား! . ."

"အမလေး! . ."

"ဖွန် . . လိုက်ဆင်းလေ"

"အီး! . . ဆင်းရဲဘူး"

သူတို့ရှေ့မှာ တောင်ဂမူလေးခံနေ၍သာ လှမ်းပစ်နေသော လက်နက်တွေ မထိမှန်နေခြင်းပင်။ ညီညိုက ဖွန့်တင်ပါးကို ကန်ချလိုက်၏။

"အမလေး! . . သေပါပြီ"

သူများကျတော့ လုပ်တတ်တယ်။ သူ့ကျတော့ နင်းကန်အော်လိုက်တာ။

"ငါ့စော်ကို ကန်ချတယ်၊ ရော့ကွာ. ."

ရဲဝင်းက ညီညိုကို နောက်ကနေ ဆောင့်ကန်ချလိုက်၏။ ညီညိုလည်း -

အသံကုန်အော်ပြီး ချောက်ထဲကျသွား၏။ တောင်ခါးပန်း လမ်းကျဉ်းလေးပေါ်ကို ခေါင်းဆောင်ကြီး ရောက်နေပြီ။

"ဟော့ကောင်! . . မင်းထက်. . ဆင်း . . အမြန်ဆင်း"

"ဟိုမှာ ပုဆိန်နဲ့ လှမ်းပေါက်တော့မယ်. . ဆင်း"

ဒီတော့မှ မင်းထက် ခုန်ဆင်းသွား၏။ ရဲဝင်းနှင့် ငရဲတိုန်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ကြီး ဆိုင်ကြည့်နေ၏။ ခေါင်းဆောင်နောက်က တက်လာသော နောက်လိုက်ကောင်ကြီးက လက်ထဲက လှံတံဖြင့်ဆပြီး လှမ်းပစ်လိုက်စဉ် ရဲဝင်း လှစ်ခနဲ ခုန်ချသွား၏။

ငရဲထိန်းခေါင်းဆောင်ကြီးရဲ့ ဒေါသတကြီး အော်ဟစ်သံကြီးက ဟိန်းဟိန်း ပွက်ညံသွားတော့၏။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# Chapter (3)

## ထူးထူးခြားခြား လူသားများရှာ

မြူခိုး ဝေဝေတွေထဲ တောင်ပံပါသလိုပျံဝဲပြီး သစ်ပင်ခြုံတွေပေါ် ပြုတ်ကျကုန်၏။ သစ်ပင်တွေကလည်း တွေ့ဖူးနေကြ သစ်ပင်ပုံစံတွေ မဟုတ်၊ အထူးအဆန်း ပုံစံတွေ။

ရောင်နီနဲ့ဖြိုးက သစ်ပင်ခွကြား ညှပ်နေသူတွေကို လိုက်ဆွဲထုတ်ပေးနေ၏။ ချုံကိုင်းနဲ့ ကျော့ပိုးအိတ်ငြိနေတာတွေ လိုက်ဖြုတ်ပေး၏။ လူ(၈)ယောက်လုံး သစ်ပင်အောက်ကိုရောက်မှ –

"ဖြော . . ဖရော"



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးရှောင်ကြ"

"ဗိုး . . ဒုတ်"

သူတို့ ရပ်နေသောနေရာကို လှံတံတစ်ချောင်း ထိုးကျလာ၏။ မြေပြင်မှာ စိုက်ဝင်ပြီး ထောင်မတ်နေ၏။

"ဟာ! . . သူတို့ လိုက်လာပြီ"

"မဟုတ်ဘူး . . မင်းထက်၊ ငါ့ကိုလှမ်းပစ်တဲ့ လှံတံပါ။ သူတို့ ဆင်းလိုက်လာနိုင်မယ် မထင်ဘူး"

"ငါတို့ ချောက်ထဲ ခုန်ဆင်းတာ ကံကောင်းလို့ မသေတာနော်။ လေဟုန်စီးပြီး ဝဲပျံသွားနိုင်တယ်"

"မဟုတ်ဘူး . . တစ်စုံတရာအားအင်က ငါတို့ရဲ့ခန္ဓာကိုယ်ကိုပင့်ပြီး မ,ပေးထားသလိုပဲ။ နို့မို့ဆို ချွေးကျဝက်ကျ,ကျပြီး မရှုမလှသေကုန်တာပေါ့"

"အေး . . တို့လည်း အဲဒီလိုပဲခံစားရတယ်"

ဖြိုးက –

"တို့ကိုဆို ချိုင်းကနေ ဆွဲမပေးပြီး မြေပြင်ပေါ် အသာချပေးသွားတာ။ နင်တို့ကိုတော့ ငှက်တွေလို ပေါ့ပါးအောင် လုပ်ပေးလိုက်တာဖြစ်မယ်'

"အဲဒါ ဘယ်သူလဲ"

"တို့ရဲ့ ကံတရားပေါ့၊ အတိတ်က ကံတရားပေါ့။ လက်ရှိကုသိုလ်ကံနဲ့ပေါင်းစပ်ပြီး ကယ်တင်လိုက်တာလေ"

"ကံဆိုတာ ကိုယ်ပြုတဲ့အမှု၊ အတိတ်ကံဆိုတာ အတိတ်ဘဝမှာ ကိုယ်ပြုထားတာတွေ၊ ကောင်းတဲ့ ကုသိုလ်ကံကြောင့် သေမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒေဝနတ်ကောင်း၊ နတ်မြတ်တွေက စောင့်ရှောက် ကယ်တင်ပေးတာ နေမှာပေါ့"

ထိုစဉ်မှာပင် သစ်ပင်ထက်က ဝင်းခနဲလင်းသွားသော အလင်းရောင်ကို မြင်လိုက်ရပြီး ဖျတ်ခနဲ ပျောက်ကွယ်သွား၏။ အားလုံး အံ့အားသင့်နေမိကြဆဲ။ သတိပြန်ဝင်လာသော ရောင်နီက –

"တွေ့လား . . ငါတို့ကို စောင့်ရှောက်ကြောင်း သက်သေပြသွားတာ . . ဘာမှ အားမငယ်ကြနဲ့"

သူတို့အားလုံး ထိခိုက်အနာတရ ကြီးကြီးမားမား ရရှိတာ မရှိသေး။ ဗိုက်တွေလည်း ဆာလောင်နေပြီမို့ ဝက်သားပေါက်စီတွေ စားသောက်ကြ၏။ စားသာ စားသော်လည်း လေကို ဝါးရသလို ဖြစ်နေ၏။ ရေသောက်တော့လည်း ထိုအတိုင်းပင်။

"ဘယ်လိုဖြစ်ရတာလဲ"

"ဒါတွေ စားသောက်မရမှတော့ အလေးခံပြီး သယ်မနေပါနဲ့တော့ကွာ . . လွတ်လွတ်လပ်လပ် သွားကြရအောင်၊ အရေးအကြောင်းဆို ပြေးလို့ရတာပေါ့"

အားလုံး ကျောပိုးအိတ်တွေ ပစ်ထားလိုက်ကြ၏။ ဖွန်ကကောင် အနွေးထည်လေး ကောက်စွပ်၏။ ကိုယ်ပေါ်ဝတ်ပြီးတာနှင့် အင်္ကျီပျောက်သွား၏။

"ဟယ်! . . အင်္ကျီက ဘယ်လိုဖြစ်ပြီး ပျောက်သွားတာလဲ၊ အံ့သြပါရဲ့ . . အင်္ကျီတွေတောင် ဝတ်လို့မရဘူး"

"ဝတ်မရလည်း ပစ်သာထားခဲ့လိုက်တော့ . . ဖွန်ရေ"

(၈)ယောက်သား စိတ်ပျက်လက်ပျက်ဖြင့် လျှိုကြားလမ်း



www.burmeseclassic.com

www.burmeseclassic.com



ထဲ ရေ့ဆက်လျှောက်ဖြစ်ကြ၏။ သူတို့ရောက်နေတာက (ဂ)ကွေ့ကြီး ဖြစ်နေ၏။ လမ်းပိတ်ကြီး။ သစ်ပင်ဆူးတောင်တွေကို ရှောင်ရှားပြီး ရှေ့ဆက်သွားသောအခါ လှိုဏ်ခေါင်းပုံစံဖောက်ထားသော ချုံပိတ်တောကြီးကို တွေ့ရ၏။

အလင်းရောင်က နီဝါရောင်သမ်းလာ၏။ ချုံထဲဝင်လိုက်သည်နှင့် –

"ရှီး . . ဖြီး"

"အမလေး ဘာကောင်ကြီးလဲ"

"မြွေ . . မြွေ . . နောက်ဆုတ်နေ"

ဂူဝင်ပေါက်နားမှာ ခေါင်းသုံးလုံးနှင့်မြွေက ချုံမှာ ကပ်လိမ်ပြီး ပါးပျဉ်းထောင်နေ၏။ ဝင်လာသူကို လှမ်းပေါက်မည့် အနေအထား။

ရောင်နီနှင့် ရဲဝင်းကလွဲရင် ကျန်တဲ့သူတွေ နောက်ဆုတ်နိုင်းလိုက်၏။ ရဲဝင်းက ဆူးတောင်ပါသော အရွက်ရိုးမာ တစ်ချောင်းကို ချိုးလိုက်၏။ ရောင်နီက သစ်ခြောက်ပင် အကိုင်းရှည်ရှည်ကို ချိုးလိုက်၏။ ရဲဝင်းက မြွေကို ထိုးသတ်ဖို့ပြင်နေ၏။

"မသတ်နဲ့ . . ရဲဝင်း"

"အဆိပ်ရှိတဲ့ သတ္တဝါမှန်သမျှ သတ်ရမှာပဲ၊ ဒါမှ ကိုယ့်ရောနောက်လူတွေပါ အန္တရာယ်ကင်းမှာ"

"မေတ္တာတရားသာ ထားစမ်းပါ၊ အသာ ခြောက်လှန့် ထုတ်လိုက် သူ့ဘာသာသူ ထွက်သွားလိမ့်မယ်၊ အစောင့်မြွေတွေ ဖြစ်နေရင် မလွယ်ဘူး၊ မသတ်တာ အကောင်းဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်ဘုံသားများ 

"မင်းကလည်း နောက်ကလိုက်နေရင် ဘယ်လိုလုပ်မလဲ၊ ဒါက ခေါင်းသုံးလုံးနဲ့ မြွေဟောက်၊ ငါတို့တွေ့ဖူးတဲ့ အထဲမှာ မပါဘူး။ ဒီမှာက သစ်ပင်တွေရော၊ သတ္တဝါတွေရော အထူးအဆန်းတွေချည်းပဲ"

"မင်းဖယ်ပါ . . ငါကြည့်ရှင်းမယ်"

ရောင်နီက တုတ်ဖြင့် ခြောက်လှန့်လွှတ်၏။ မြွေက တုတ်ကို အတင်း လိုက်ပေါက်နေ၏။ အတော်ကို အဆိပ်ပြင်းပြီး ဒေါသကြီးပုံရ၏။ တော်တော်လေးကို ခြောက်လှန့်လိုက်မှ မြွေလည်း မောပြီး တုတ်ကို ပေါက်မရမှန်းသိ၍ သူ့ဒေါသသူ လျှော့ပြီး အပင်ပေါ်က တွယ်ဆင်းသွား၏။ ကျောက်တုံးကြားထဲ ဝင်သွား၏။

"ရောင်နီ . . မြွေတွေနေတဲ့ဂူ ဖြစ်နေဦးမယ်"

"လမ်းက ပိတ်နေပြီ၊ ဒီထဲဝင်ကြည့်ရမှာပဲ . . ကျောက်တောင်နှစ်ဘက်ကို တွယ်တက်ဖို့ကလည်း မတ်စောက်လွန်းလို့ မဖြစ်နိုင်ဘူး"

"သတိ ဝီရိယထားပြီး ဝင်ကြတာပေါ့၊ ငါနဲ့ရောင်နီ ရှေ့ဆုံးက ဝင်မယ်။ ဖြိုးနဲ့ဖွန်က အပေါ်ဘက်ကို သေချာကြည့် . . တို့ပုခုံးတွေကို ကိုင်ပြီးလိုက်၊ မိုးသဲနဲ့ရွှေရောင်က အောက်ဘက်နဲ့ ဘေးဘက်တွေကို သေချာကြည့်၊ နောက်ဆုံးကလိုက်တဲ့ မင်းထက်နဲ့ ညီညိုက နောက်ဘက်လုံခြုံရေး တာဝန်ယူ . . ဘေးဘက်၊ အပေါ်၊ အောက်တွေလည်း အလွှတ်မပေးနဲ့"

"ဂူထဲမှာ အလင်းရောင်မရှိရင် ဘာမြင်ရမှာလဲ"

"ရှိပုံရတယ် . . ငါ့မှာ ဇစ်ပိုမီးခြစ် ပါတယ်။ လိုအပ်ရင်



www.burmeseclassic.com

www.burmeseclassic.com



ခြစ်ပြီး လမ်းပြသွားမယ်"

(၈) ယောက်သား ရထားတွဲလို တန်းစီလိုက်ကြ၏။ ဂူထဲကို တရွေ့ရွေ့နှင့် သတိထားပြီး တိုးဝင်လာလိုက်၏။ ပန်းရုံ၊ ပန်းခြုံမို့ အပြင်ကနေ အလင်းပျောက်တွေရှိနေ၍ ပျပျလေးလင်းနေ၏။ ပေ(၆၀)ခန့် လျှောက်ဝင်မိသောအခါ လူထွက်ပေါက်ကို လှမ်းမြင်နေရ၏။

ဂူထဲမှာ ထူးထူးခြားခြား ဘာမှမရှိ။ ပိုးစုန်းကြူးလေးတစ်ကောင်က အလင်းပြဆောင်ပြီး လမ်းညွှန်ခေါ်ဆောင်လာ၏။ ဂူထွက်ပေါက်ရောက်မှ ပိုးစုန်းကြူးလေး ပျောက်သွား၏။ ဂူထွက်ပေါက်ထွက်သောအခါ တဖြည်းဖြည်း ပြန့်ကျယ်သွားသော လှိုဏ်မြောင်ကြားလွင်ပြင်ကို တွေ့လိုက်ရ၏။

သာမန် ရေတွင်း ငါးတွင်းစာမကသော တွင်းကြီးထဲမှာ မီးလောင်ထားသော ပြာတွေ အောက်ခံထား၏။ ထင်းအသစ်တွေ ထပ်ထည့်ထားတာ တွေ့ရ၏။ ဘေးပတ်ပတ်လည်မှာ ကားစင်တွေ၊ သင်္ချိုင်းမှတ်တိုင်များပမာ မြောက်များစွာတွေ့ရ၏။

လက်ပံပင်ကြီးတွေကလည်း ဟိုနား၊ ဒီနား အပင်ငါးဆယ်ခန့် တွေ့ရ၏။ လွှစက်ကြီးတွေလို လွှစင်ကြီး (၁၀)ခုခန့်လည်း တွေ့ရ၏။ သံကြိုးတွေ၊ သံခြေကျင်းတွေနှင့် သံမီးဖိုကြီးတွေ ဟိုမှာဒီမှာ။

မြင်ရတဲ့နေရာက လူသတ်၊ နှိပ်စက်၊ အကျဉ်းခန်းနှင့် ဆင်တူနေ၏။ ပုပ်အဲ့အဲ့ အနံ့ဆိုးကြီးတွေလည်း ရ၏။ ကျောက်တုံး၊ ကျောက်နံရံမှာ သွေးတွေပက်ထားသလို စွန်းထင်းနေ၏။

"အီး! . . ဒီနေရာကြီးကို မသတိတော့ဘူး။ မြန်မြန် သွားကြ



www.burmeseclassic.com

www.burmeseclassic.com



ပါဟယ် ''

"အော့! . . ငါလည်း အော့အန်ချင်တယ် အီ''

"ပုပ်စောနံ့လိုက်တာ . . လူသေကောင်ပုပ်တွေများ ရှိနေသလား မသိဘူး''

"ဟိုမှာ ကြည့်စမ်း! . . စင်ဆောက်ထားတဲ့အပေါ်မှာ ဓား၊ လှံ၊ ပုဆိန်၊ တင်းပုတ်၊ လွှ၊ ရဲခင်း၊ ဆောက်၊ တူတွေ အများကြီးပဲ။ ဒါ ဘယ်လိုနေရာလဲ၊ ဘယ်လို ငရဲလဲ''

"လူသတ် စက်ကွင်းကြီးပါဟယ်''

"ရှူး . . ဒီးမှာ အန္တရာယ်တွေ ရှိနိုင်တယ်၊ နင်တို့ တိုးတိုးပြောကြ၊ မြန်မြန် ဖြတ်ကြမယ်။ ငါတို့ ယောကျ်ားလေးတွေတောင် ကျောချမ်းလာပြီ''

"ငါ ရှူးထွက်ကျတော့မယ် . . ကြောက်သေးပါပြီနဲ့ တူဘယ်''

"အရေးထဲမှာ . . မင်းထက်ရာ''

"ခဏလေးပါကွာ . . ညီညို၊ ငါ့ကို ခဏစောင့်ပေးဦး''

တစ်ဖွဲ့လုံးပဲ အသာစောင့်ပေးလိုက်၏။ လေတိုက်လိုက်ဘိုင်း သံထည်၊ သတ္တုပစ္စည်းချင်း ထိခတ်သံတွေ မြည်နေ၏။ ခေါင်းဆိုးဝါးကြီး ရောမဓားမကြီး သွေးသံပေးနေသလိုပင်။

လူသတ်စက်ကွင်းနေရာက ကိုက်(၁၀၀)ခန့် ကျယ်၏။ အဲဒီနေရာမှ လွန်လာသောအခါ ရောမ ပန်းသစ်ပင်ကြီးတွေကို တွေ့လိုက်ရ၏။ ပန်းပွင့်ကြီးတစ်ပွင့်က အထဲမှာ လူနှစ်ယောက်ဘုတ်တုတ် ထိုင်နိုင်လောက်၏။ ပင်စည်ရိုးက လူအရိုးကြီးကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ပင်။ ဧရာမ ခြေသလုံးရိုးကြီးကနေ ကိုင်းတံတွေ ဖြာထွက်ပြီး ပန်းပွင့်ကြီးတွေ ပေါက်နေခြင်းပင်။

သူတို့အုပ်စု ပန်းပွင့်တောကြီးက ဖြတ်စဉ် ပန်းပွင့်ကြီးတွေ ငုံ့နေရာက ပါးစပ်ပေါက်ကြီးတွေလို ပွင့်အာပြီး ကိုင်းတံတွေ တိမ်းညွတ်ကာ လူနောက်ကို လိုက်ဟပ်ဖမ်းတော့၏။

"ဟာ! . . မိုးသဲ ငုံ့ရှောင်လိုက်"

"ရဲဝင်း! . . မင်းနောက်မှာ"

"အား! . . လုပ်ပါဦး"

"ဖွန် . . ဖွန့်လက်ကို ဟပ်မိသွားပြီ"

ဖွန်ရဲ့ လက်တစ်ဘက်ကို ပန်းပွင့်ကြီးကစုပ်မြိုပြီး မြွေကဲ့သို့ ပွင့်လွှာကြီးတွေ ဖြဟာပြီး မြိုဖို့ ကြိုးစားနေ၏။ ဖွန် ထိတ်လန့်အော်ဟစ်သံ ပွက်လောညံနေပြီ။ ရဲဝင်းက အပင်ကိုင်းတံကြီးကို နှိုစီး နှိမ့်ချိုးလိုက်ရာမှ ဖွန် လက်လွတ်သွားရ၏။ ဖွန် လက်မှာ အရည်ကျိုခွဲတွေနှင့် . . ရှောင်နိုက –

"အသားစား သစ်ပင်ပန်းပွင့်တွေ ဒီကနေ လွတ်အောင် မြန်မြန် ပြေးကြ"

အားလုံး ဝရုန်းသုန်းကား ထွက်ပြေးကြ၏။ ပန်းပွင့်ကြီးတွေဟာ တစ္ဆေပါးစပ်ကြီးတွေလို မှိုရာကို လှမ်းဟပ်နေ၏။ လက်တွေနဲ့ရိုက်ချပြီး ဒီဧရိယာဖုန်ကလွတ်အောင် ရုန်းပြေးရ၏။

စိတ် သွားသလောက် ကိုယ်က မပါ။ ပြေးဆိုမှ စလိုးမိုးရှင်းနှင့် ပြေးရသလို ဖြစ်နေ၏။ ထမင်းလုံး တစ္ဆေခြောက်သလို အားအင်သုံး ပြေးလေ၊ ပို၍ နှေးကွေးလေပင်။



www.burmeseclassic.com

www.burmeseclassic.com

## ဝိညာဉ်ဘုံသားများ

ရဲဝင်းက မီးခြစ်နဲ့ ခြစ်ပြီး ပန်းပွင့်ကြီးရဲ့ ပါးစပ်ပေါက်၊ ပွင့်အာနေတဲ့အထဲ ပစ်ထည့်လိုက်၏။ ပန်းပွင့်ကြီးက အစာအမှတ်နဲ့ မြိုသွား၏။ အထဲမှာ မီးလောင်ပြီး တွန့်လိမ်ကွေးကောက်ကာ မကောင်းဆိုးဝါး အော်ဟာစ်သံကြီးနှင့်အတူ အပင်တွေ (ဆက်နွယ်မှု ရှိဟန်တူ၏) အားလုံး လောင်ကျွမ်းပြိုလဲကုန်ကြ၏။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



# ဧကောင်

ဒီဘက်ရောက်သောအခါ လူ့လောက ပတ်ဝန်းကျင်နှင့် တူသယောင် ပုံစံမျိုး တွေ့မြင်ရ၏။ မြေနီလမ်းကလေးမှာ မှတ်တိုင် စိုက်ထား၏။ သင်္ကေတလား၊ မာဂဓတလား၊ ဘာစာမျိုးမှန်း မသိတာ ရေးထားသည်။

မြေနီလမ်းလေးအတိုင်း လျှောက်ဝင်လာကြ၏။ နှစ်ထပ် ခြေတံရှည် သစ်အိမ်ကြီးကို တွေ့ရ၏။ အိမ်ကြီးက ရှေးခေတ်အိမ် ကြီး၊ လူသံတွေကြား၍ အနီးအနား သစ်ပင်ချုံနွယ် အကွယ်ကနေ အသံလာရာဘက်ကို လှမ်းကြည့်လိုက်၏။

မိန်းကလေး (၄)ယောက် ပန်းတွေ ခူးနေကြ၏။ ဆံပင် အရှည်တွေနှင့်၊ ရတနာပုံခေတ်က ဝတ်စား ဆင်ယင်ပုံတွေနှင့်၊ လက် ထဲမှာလည်း ယွန်းကလပ်တွေ ကိုယ်စီနှင့်၊ ချော့မောလှပကြ၏။ သနပ်ခါးပါးကွက် ပါးလေးတွေ လိမ်းခြယ်ထားကြ၏။ အစိမ်းရောင် အဖြူရောင်၊ ပန်းနုရောင်၊ အဝါရောင်တွေ ဝတ်ဆင်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဥ. . ဥစ္စာစောင့်တွေနဲ့ တူတယ်"

ညီညိုက ပြောလာ၏။ ရွှေရောင်က . .

"ဟုတ်တယ် . . ဥစ္စာစောင့်တွေ"

"ဒါဆို သတိထား၊ သိုက်စောင့်ဘီလူးတွေ ရှိတတ်တယ်"

"ဟိတ်! . . ဘာလုပ်နေကြတာလဲ ပြောစမ်း"

နောက်ကျောဘက်ကနေ အော်ဟစ်သံပေါ်လာ၍ အလန့်တကြား လှည့်ကြည့်မိကြ၏။ မင်းညီမင်းသား ဝတ်စုံတွေနှင့် လက်ထဲမှာ မြှားတံတွေကိုပစ်ဖို့ အသင့်ချိန်ထား၏။ (၄၊ ၅)ယောက်ခန့် ရှိမည်။ တချို့က လှံတံတွေ အသင့်ချိန်ရွယ်ထားကြသည်။

"သင်တို့ ဘယ်သူတွေတုန်း၊ ရန်သူတွေလော . . မိတ်ဆွေလော"

မင်းညီမင်းသားထဲမှာ နှုတ်ခမ်းမွေးစစနှင့် လူရွယ်က မေးလာ၏။

"ကျွန် . . ကျွန်တော်တို့ ခရီးသွားဧည့်သည်တွေပါ၊ မျက်စိလည် လမ်းမှားပြီး ဒုက္ခရောက်လာကြတာပါ။ လူကောင်းတွေပါ နောင်တော်ကြီးရယ်၊ ကျွန်တော်တို့ကို ကူညီပါ"

ခေါင်းဆောင်ဖြစ်သူက စူးစိုက်ကြည့်ကာ အကဲခတ်လိုက်၏။ ဘာလက်နက်မှမပါသော ရောင်နီတို့ကို အတန်သင့် ယုံကြည်သွားပုံရသည်။ သူ့လူတွေ မြှားနဲ့ ချိန်ထားတာကို မလုပ်ခိုင်းတော့။

"တစ်နယ်ရပ်သားတွေပဲ . . ဒီနေရာက လူစိမ်းတွေ ရောက်လာဖို့ ခဲယဉ်းတယ်။ သင်တို့က ပေါက်မြောက်အောင် ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့အတွက် ဧည့်သည်တော်အဖြစ် သတ်မှတ်ရသပေါ့'

"ကျေးဇူးတင်ပါတယ်"

"ကျွန်ုပ်က မင်းကျော်စွာတည်း။ သင်၏ အမည်သည်ကား ဘယ်သူနည်း"

"ကျွန်တော်က ရောင်နီပါ။ သူတို့က ရဲဝင်း၊ ညီညို၊ မင်းထက် သူတို့လေးတွေက မိုးသဲ၊ ဖြိုး၊ ဇွန်နဲ့ ရွှေရောင်လို့ အမည်ရပါတယ် . . နောင်ကြီး မင်းကျော်စွာ"

"အိမ်း . . ဗမာလူမျိုးတွေမို့ အချင်းချင်း ကူညီပေးရတာပေါ့။ ကဲ . . အိမ်ထဲကို ကြွ၊ ဟောဟိုမှာ . . ပန်းခူးနေတာ ကျုပ်နှမများပါပဲ။ အဖြူရောင်က မြတ်လှ၊ ပန်းရောင်က မြတ်နု၊ အဝါရောင်က မာလာ၊ အစိမ်းရောင် ဝတ်ထားတာက မြစိမ်းတဲ့။ ကျုပ်နောက်ပါတွေကတော့ အိမ်တော်ပါတွေပေါ့"

မင်းကျော်စွာ ခေါ်ဆောင်လာရာနောက်ကို ရောင်နီတို့အဖွဲ့တွေ လိုက်သွားကြ၏။ မိန်းကလေးတွေလည်း မင်းကျော်စွာရောက်လာတာနှင့် ပန်းခူးတာရပ်ပြီး အိမ်ထဲကို အသာဝင်လာကြ၏။

နှမလုပ်သူတွေက မင်းကျော်စွာကို ရေကြည်တော် ဆက်ကြ၏။ ကျန်တဲ့ နောက်လိုက်နောက်ပါတွေက အလျိုလျို ပျောက်ကွယ် သွားကြသည်။ မိန်းကလေးတွေက ရောင်နီတို့ ဝတ်ပုံစားပုံတွေကို အထူးအဆန်းပမာ ခိုးခိုးကြည့်ပြီး အံ့ဩနေကြ၏။

မင်းကျော်စွာက နှမတွေကို အကျိုးအကြောင်း တီးတိုး ခေါ်ပြောပြ၏။ ဒေါင်းလန်းကြီးနှစ်ခု . . ဒေါင်းလန်းထဲမှာ လူ ဖွေး



www.burmeseclassic.com

www.burmeseclassic.com

# ဗိညာဉ်ဘုံသားများ

ယောက်စာ ထမင်းတွေ ပုံပေး၏။ အချဉ်ဟင်း လောင်းထည့်ပေး၏။ ငါးခူ၊ ငါးရံ့၊ ငါးကျည်းကြော်၊ အင်ကြော်၊ သရက်သီး၊ သံပုရာသီးသနပ်တွေ အပုံလိုက်ကလေးတွေ ချထားပေးပြန်၏။

"ဧည့်သည်တော်တို့ အဖန်ရည်လေးလည်း သုံးဆောင်ကြ၊ ပြီးရင် ထမင်းစားကြပေါ့။ ညနေ စောင်းလုနေပြီ။ ဘာမှ စားမလာရသေးရင် ဆာရောပေါ့"

မင်းကျော်စွာ ပြောလာ၏။ မိန်းမလှလေးတွေ လာချပေးသားသော ရေနွေး၊လက်ဖက်သုပ်၊ မရွေး၊ ထန်းလျက်ခဲတွေ အနည်းအကျဉ်းစီ စားပြီး ရေနွေးသောက်ကြ၏။ အစားအသောက်တွေက အရသာတစ်မျိုးစီ ထူးကဲနေ၏။

မိန်းမလှလေးတွေက မင်းထက်၊ ညီညို၊ ရဲဝင်း၊ ရောင်နီတို့ (၄)ယောက်ကို စိတ်ဝင်စားနေ၏။ ရက်ပြုံး၊ မျက်လုံးလေးတွေ ကြည်လဲ့ပြီး ပဲတွေများပြနေ၏။

"ဟင်းနော် . . မပြောလိုက်ချင်ဘူး . . နှာဘူး"

ဇွန်က ရဲဝင်းကို မကြည့်ချင်၊ သဝန်တိုနေ၏။

"ဒီမှာလဲ နှာဘူးကြီး . . နှာခေါင်းကြီးနီလာရင် ကုတ်ဆွဲပစ်မှာနော်၊ ပြီးတော့မှ သူများကို အဆိုးမဆိုနဲ့"

ရွှေရောင်က ညီညိုကို တီးတိုးနှိပ်ကွပ်နေ၏။

"တို့ကတော့ သဝန်မတိုဘူး၊ ကြိုက်ရင်လိုက်သွား . . သစ္စာမရှိ၊ မျက်နှာများတဲ့ ရည်းစားမျိုးကတော့ No Sorry ပဲ"

မိုးသဲက မင်းထက်ကို မေးငေါ့မဲ့ရွဲ့ပြီး ပြောလိုက်ခြင်းပင်။ ဖြိုးကတော့ ရောင်နီကို -



www.burmeseclassic.com

www.burmeseclassic.com





"တို့ကတော့ စိတ်ချတယ် . . ရောင်နီက နှာဘူး မဟုတ်ဘူး နော် . . ဟုတ်တယ်မို့လား ရောင်နီ"

"ဒါပေါ့ . . ဒီလို နားလည်မှုရှိစမ်းပါ"

"နှာဘူး မဟုတ်ရင် ဂန်ဒူးဘဲ"

ညီညိုက မကြားတကြား လှမ်းနှိပ်ကွပ်၏။ ရဲဝင်းက ရောင်နီကို –

"ရော်ဒကေးကြီး"

မင်းထက်က –

"ငါတို့က ငါတို့ဘာသာနေတာ ပိုက်ပဲချထားတာ၊ ငါးက တိုးမှတော့ မတတ်နိုင်ဘူး။ ငါးရဲ့နှစ်ကောင် မကဘူး။ တိုးသမျှ ငါး အကုန်ဖမ်းရမှာပဲ . . ဟုတ်တယ်ဟုတ်"

ရောင်နီ၊ ရဲဝင်း၊ ညီညိုတို့ သဘောကျသွား၏။ မိုးသဲက မင်းထက်ကို ဗိုက်ခေါက်လိမ်ဆွဲတော့၏။ မင်းထက် နာကျင်၍ ကြိတ်အော်နေရ၏။

မိန်းမလှလေးတွေ ရောက်လာ၏။

"မောင်ကြီးတို့ . . ညီမအဆွေတို့ ထမင်း သုံးဆောင်တော်မူကြပါရှင်"

"ကြွကြွပါရှင်"

"ဟောဒီမှာ . . လက်ဆေးအင်တုံပါရှင်"

ချိုသော နှုးညံ့ ယဉ်ကျေးသော ဖိတ်ခေါ်မှု၊ အပြုံးချိုချို မျက်နှာလေးတွေက စိတ်ကြည်နူးဖွယ်ရာ။ ဖြိုးတို့ မိန်းကလေး အဖွဲ့က အလိုက်သင့်ပြုံးပြပြီး လက်တွေ ထဆေးကြရ၏။



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်ဘုံသားများ



ထမင်းကျွေးတော့ စုံတွဲနှစ်တွဲကို တစ်ဝိုင်း၊ နေရာယူဖြစ်ကြ၏။ အငွေ့တထောင်းထောင်းနှင့် ဟင်းရန့်က မွှေးပျံ့ကြိုင်သင်းနေ၏။ ‘လက်ရေတပြင်တည်း စားရတော့မည်။ ရှေးဗမာကြီးတွေ မိသားစု စားနည်းအတိုင်းပေါ့။

သူ့ဘက်ကိုယ့်ဘက် ထမင်းပုံ။ ဒေါင်းလန်းကြီး တစ်ဖက်နှိမ့်ပြီး ဟင်းရည်ယူကာ နယ်ဖတ်၊ သူ့ဘက်ကို တစ်ဖက်နိမ့်ပေး။ ထမင်းအရည်ရွှဲတော့ အင်ကျော်လေးမြှုပ်ပြီး တစ်လုတ်စား။ ငါးခြောက်ကြွပ်ရွလေး တစ်ဖဲ့ဝါး။ သရက်သီးသနပ်လေး လျှာမှာ တို့။ ထမင်းတစ်လုတ် ထပ်ဝါး။ ကောင်းလိုက်သည့် အရသာ။

နောက်ဆုံးမှာ အလယ်ထမင်းကို လက်တွေနဲ့ နယ်ဖတ်ကာ တစ်ယောက်တစ်လုတ် စားကြရပြန်၏။ မိန်းမလှလေးနှစ်ဦးစီက လိုအပ်တာတွေ လိုက်ခပ်ထည့်ပေးနေ၏။ ဗိုက်ကားမှ လက်ကာ တားယူရတော့၏။

စားပြီးတော့ အချိုတည်းကြရပြန်၏။ ပက်လက်ကုလားထိုင်တွေပေါ်မှာ ထမင်းလုံးစီပြီး ဇိမ်ရစ်နေကြ၏။ မင်းထက်နဲ့ ညီညိုက ယွန်းကွမ်းအစ်ကြီးထဲက ကွမ်းယာဝါးပြီး ကွမ်းတံတွေးတွေ ထွေးခံထဲသို့ ထွေးထည့်နေကြ၏။

ဒီအိမ်ခြံကျယ်ကြီး တစ်ဘက်မှာ အိမ်တန်းတွေ အတော်များများရှိသေးတာ သတိပြုမိ၏။ မင်းကျော်စွာက ချိုးရေတော်သုံးပြီးသည်နှင့် ပြန်ထွက်လာ၏။ အချိန်ကလည်း နေဝင်ရီတရော။ သူတို့တတွေ ယဉ်ကျေး သိမ်မွေ့တည်ငြိမ်စွာ စားသောက်ကြ၏။ အိမ်ရှင်တွေ စားသောက်သိမ်းဆည်းပြီးချိန် အိမ်ပေါ်ထပ်ကို



www.burmeseclassic.com

www.burmeseclassic.com

# ဧကောင်

မိန်းကလေး (၄)ယောက် တက်သွား၏။

မင်းကျော်စွာက ညော့်ခံစကားပြောလာ၏။

"ညော့်သည်တော်တို့ မှောင်တော့မယ် . . ဒီည ဒီမှာ အိပ်ခို လှည့်ပါ။ ကျွန်ုပ်တို့ မောင်နှမတွေကတော့ ညဘက်ဆို ကိစ္စရှိလို့ အပြင်သွားကြရမယ်။ ညော့်သည်တော်တို့ ချမ်းသာသလို နေရစ်ခဲ့ ကြပေတော့"

"ဩော် . . ဟုတ်ကဲ့ စိတ်ချပါ။ ကျွန်တော်တို့ အိမ်စောင့် ပေးပါ့မယ်၊ ဘာမှ မပျောက်ရစေရပါဘူး"

မင်းကျော်စွာက ခေါင်းသာ ညိတ်၏။ မျက်နှာမကောင်း။ တအောင့်အကြာမှာ မိန်းကလေး(၄)ယောက် ပြန်ဆင်းလာ၏။

"ညော့်သည်တော်များ . . အိပ်ရာစောင်ထည် ခင်းတည် ပြီးပါပြီ။ အိမ်ပေါ်တက်၍ အနားယူပါလှည့်"

"ကိုင်း . . ညော့်သည့်တော်တို့ရေ အိမ်ပေါ်ကို ကြွကြပေ တော့"

မင်းကျော်စွာကလွဲရင် ကျန်တဲ့ မိန်းကလေး (၄)ယောက် လုံး အိမ်ပေါ်ကို လိုက်ပို့ကြ၏။ မိန်းကလေး (၄)ယောက်အတွက် အိပ်ရာခင်း သက်သက်၊ ယောကျ်ားလေး (၄)ယောက်အတွက် အိပ်ရာ သက်သက် ပြင်ဆင်ပေးထား၏။

ရဲဝင်းက အိမ်ရှင် မိန်းကလေးတွေကို ကျေးဇူးတင်ကြောင်း ပြောတော့ မိန်းကလေးတွေ အားယူပြုံး၏။ အပြင်ဘက်မှာ မှောင် ရိပ်စွန်းနေပြီ။ မိန်းကလေးတွေ မျက်နှာ မကောင်းကြတော့။ တစ်စုံ တရာကို ချောက်ချား တုန်လှုပ်နေသလိုပင်။ အောက်ထပ်ကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသွားၐ၏။

"အိမ်ရှင်တွေ . . မျက်စိ၊ မျက်နှာပျက်နေပါလား"

"သူတို့ကိစ္စနဲ့ သူတို့ဖြစ်မှာပါ။ တို့ကြောင့်တော့ မဟုတ်နိုင်ပါဘူး။ တို့ကို မေတ္တာပျက်နေရင် ဒီလိုတွေ တယုတယ လုပ်ပေးပါ့မလား . . ဝါး . . အနားယူ အိပ်စက်ပြီး အားအင်ပြန်ဖြည့်ကြရအောင်"

"တို့တွေ မိဘအိမ်ကို ပြန်ရော ရောက်နိုင်ကြပါ့မလား"

"ဒီ လောကဆိုးကြီးထဲက ရုန်းထွက်နိုင်ပါ့မလား"

"ထွက်ပေါက် . . ဘယ်မှာလဲ"

"ကြိုးစားရှာရင် တစ်နေ့တွေ့မှာပဲ . . ဝင်ပေါက်ရှိရင် ထွက်ပေါက်လည်း မလွဲမသွေရှိရမယ်"

"တို့ အခုရောက်နေတဲ့ နေရာ ဘယ်နေရာလဲ။ ဒီက လူတွေကလည်း ပဒေသရာဇ် ဘုရင်ခေတ်က ပုံစံတွေ၊ ရှေးခေတ်လူသားတွေ၊ သူတို့စကားပြောတာလည်း လေသံတစ်မျိုးကြီးတွေနော်"

ညီညီနဲ့ ရွှေရောင်က အောက်ထပ်ကို အပေါ့အပါး ဆင်းသွားရာက ပြန်ရောက်လာ၏။ မှောင်နေပြီ။ ကညင်ဆီမီးခွက်ကလေးတွေ စင်နဲ့ တင်ထား၏။ နံဘေးမှာ မီးခတ်ကျောက် ရှိ၏။ ဂွမ်းစတွေလည်း ရှိနေ၍ မခတ်တတ်၊ ခတ်တတ်နဲ့ ဝိုင်းခတ်ရာက မီးတောက် ရရှိလာ၏။ အဲဒီ မီးရောင်ထွန်းပြီးချိန်မှာ ညီညီတို့စုံတွဲ အိမ်ပေါ်ပြန်ရောက်လာခြင်းပင်။

"မရှိတော့ဘူး . . သူတို့ အားလုံး မရှိကြတော့ဘူး . . ဒီအိမ်က လူတွေလည်း ညဘက် အပြင်ထွက်ကုန်ကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား . . သူတို့က လူတွေရော ဟုတ်ရဲ့လား"

"စေတနာတော့ ကောင်းပါတယ်"

"ထမင်းထုပ် ဖန်းပြုပြီး ဝါးရင်းတုတ်နဲ့ ရိုက်သတ်ခံနေရဦးမယ် ဟဲ့"

ထိုစဉ်မှာပင် အသံနက်နက်၊ ဩဩတွေးတွေးကြီးဖြင့် အော်လိုက်သံကြီးကို ရင်ထိတ်ဖွယ်ရာ ကြားလိုက်ရ၏။

"အားလုံး ထွက်ကြတော့ ဟေ့ . . ထွက်ကြ၊ ဘယ်သူမှ ပုန်းမနေကြနဲ့ . . ထွက်လာခဲ့ကြ။ ပုန်းတဲ့သူကို လိုက်ရှာလို့မိရင် အပြစ်ဒဏ် ကြီးကြီးပေးလိမ့်မယ်ဟေ့"

အားလုံး ငြိမ်နားထောင်ပြီး ကျောချမ်း ကြက်သီးဖြန်းကုန်၏။ သုံးကြိမ်၊ သုံးခါ အော်ပြီးမှ အသံတိတ်သွား၏။

"ရောင်နီ . . သူတို့က ဘာတွေလဲ၊ မင်း တွေးကြည့်စမ်း"

"အသူရကာယ် နေ့စံ၊ ညခံတွေနဲ့တူတယ်"

"ဘာ! . ."

"ဟင်! . ."

"ဒါ . . ဒါဆို ငါတို့ အသူရကာယ်ဘုံကို ရောက်နေတာ ပေါ့"

"အေး . . ဖြစ်နိုင်တယ်၊ တပ်အပ် သေချာတော့ မပြောနိုင်ဘူး။ စောင့်ကြည့်လေ့လာရမှာပဲ"

အားလုံး အံ့ဩတုန်လှုပ်၊ ကြောက်ရွံ့စွာ တိတ်ဆိတ်ငြိမ်ကျသွားတော့၏။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com







# Chapter (4)

## ကမ္ဘာပျက်သလို . .

**သားသမီးတွေ** ကားမှောက်သည့်သတင်းကို ရဲစခန်းက ဖုန်းဆက် အကြောင်းကြားလာ၍ မိဘတွေရင်ထဲ ကမ္ဘာပျက်သလို ဖြစ်ကုန်ကြ၏။ အရေးပေါ်ကားတွေနှင့် ရန်ကုန် ဆေးရုံကြီးကို မောင်းလာကြ၏။ မိဘတွေခမျာ ရန်ကုန်ဆေးရုံကြီးမှာ စုပြုံစောင့်ရင်း ဖုန်းတွေဆက်မေးကြ၏။

"(၈) ယောက်လုံး ဘယ်သူမှ မသေကြသေးဘူး။ ဒဏ်ရာတွေ ပြင်းတယ်။ အားလုံး သတိလစ်နေကြတုန်းပဲတဲ့"

"မျက်နှာ၊ ခေါ်၊ လက် ထိခိုက်ပျက်စီးတာများ ရှိသေးလား"



www.burmeseclassic.com

# ဆောင်

ညီညိုရဲ့မိခင်အမေးကို ရောင်နီဖခင်က ပြန်ပြော၏။

"ကျုပ် သေချာ မေးမြန်းပြီးပြီ၊ ပြင်ပဒဏ်ရာရတာ ဘာမှ မရှိဘူး။ အတွင်းဒဏ်ရာကတော့ ဒီရောက်ပြီး ဓာတ်မှန်ရိုက် စစ်ဆေးကြည့်မှ သိရမှာပဲ၊ အထူးသဖြင့် ဦးခေါင်းပိုင်းဆိုင်ရာပေါ့"

နှစ်နာရီခန့်အကြာမှာ ကားတွေ ရောက်လာကြ၏။ သူနာပြုတွေ၊ ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေ အလုပ်ရှုပ်ကုန်၏။ တွန်းလှည်းတွေနဲ့ အရေးပေါ်ခန်းထဲ တွန်းပို့ကြ၏။

မိဘတွေခမျာ ငိုသူ ငို၊ အော်သူ အော်၊ တမ်းတ မြည်တွေးသူ တွေးနှင့် ကမ္ဘာပျက်သလို ပွက်လောရိုက်ကုန်၏။ မိခင်တွေ သွေးပျက်၊ အော်ဟစ်နေတာကို ဖခင်တွေက ဆွဲလွဲတားဆီး၊ ချော့မော့နှစ်သိမ့်ပေးရ၏။

"ကျွန်မ သားလေး ပြန်ကောင်းလာပါ့မလားရှင်"

"ဘုရား၊ တရားသာ အာရုံပြုပါ။ ပြန်ကောင်းလာမှာပါ"

"ကျွန်မသမီးလေး . . ဒီခရီးကို မသွားပါနဲ့လို့ အတန်တန်တားတယ်။ မိဘကို ဂလန်ဂဆန်ပြောပြီး အံတင်းထွက်သွားတယ်"

"ကျွန်မသမီးက ခိုးထွက်သွားတာ ရှင့်"

"ကျုပ်သားလည်း ဘယ်လိုမှပြောလို့ မရပါဘူးဗျာ"

"ဟုတ်ပါ့ရှင် . . ကျွန်မသမီးလေးကို မိဘတွေက မတတ်နိုင်လို့ မလိုက်ပါနဲ့ မိုးသဲရယ်ဆိုတာ မရဘူး။ မိဘကို ပြန်အော်ဟစ်ပြီး သွားတာ အခုတော့ အဟင့် . . ဟင့် . . ဟင့်"

"ကဲ . . ကဲ ဖြစ်ပြီးမှတော့ ဘာမှ ပြောမနေကြပါနဲ့တော့။ ခုအခြေအနေမှာ ဘုရားတပြီး ဆုတောင်းပေးကြ"



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်ဘုံသားများ

ဆရာဝန်တွေ စစ်ဆေးစမ်းသပ်နေတာ (၁)နာရီကြာ၏ ။ ဆရာဝန်ကြီး ထွက်လာတော့ ရောင်နီဖခင်က အရင် မေးမြန်း၏။

"ဆရာကြီး . . ကလေးတွေ အခြေအနေ"

"သတိလစ်နေတုန်းပဲ . . သူတို့တွေ အသက်ရှင်နိုင်မယ့် သမ်းက ကြိုးတန်း လျှောက်နေသလိုပဲ။ ရှင်နိုင်တယ်၊ သေနိုင်တယ် သူတို့ ကံတရားပဲ။ သူတို့ သတိ ပြန်လည်လာတဲ့အထိ ကျွန်တော် တို့ဘက်က အစွမ်းကုန် ကြိုးစားနေပါတယ်၊ စိတ်အေးအေးထား ကြပါ။ ခင်ဗျားတို့ ပူလောင်အော်ဟစ်နေတာ . . လုပ်ပေးရတဲ့သူ တွေအတွက် စိတ်ပူလောင်ပြီး အမှားတွေ့နိုင်တယ်"

ဆရာဝန်ကြီး သူ့အခန်း သူပြန် အနားယူခိုက်မှာ မိဘတွေ သမ်းလျှောက်သူ လျှောက်၊ ဘုရားရှိခိုးသူ ရှိခိုး၊ တရားစာ ရွတ်သူ ရွတ်ဖတ်၊ မေတ္တာပို့သူပို့နှင့် ဖြေသာသလို စောင့်နေကြပါတော့၏။ ထမင်းဆာလို့ ဆာမှန်းမသိ။ ရေသောက်ချင်လို့ သောက်ရမှန်းမသိ။ သားသမီးဇော အပူကြီးနေ၍ ဘာဆိုဘာမှမသိ။

သားသမီးတွေ အသက်ချင်းလဲမှအသက်ရှင်ခွင့်ရမယ်ဆိုရင် အသက်စွန့်လွှတ်ဖို့ အဆင်သင့်ဖြစ်နေတဲ့ မိဘတွေပါ။ မိဘရဲ့ မေတ္တာ၊ စေတနာ (၅၂၈)သွယ်သောမေတ္တာဟာ (၁၅၀၀)ထက် အဘက်ဘက်က သာလွန်ပါတယ်။

သားသမီးဆိုးလို့ ရင်ကျိုးပါစေ။ သားသမီးအပေါ်မှာ ထား တဲ့ မိဘတွေရဲ့ ချစ်ခြင်း မေတ္တာပန်းကတော့ အစဉ် မညှိုးပါဘူးလေ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





# Chapter (5)

## အသူရကာယ်ဘုံမှာ . .

မိုးဦး စင်စင်လင်းမှ ရောင်နီတို့တစ်ဖွဲ့လုံး တစ်ရေးနိုးသာကြ၏။ မိန်းမလှလေး (၄)ယောက်က ဆပ်ပြာ၊ ရေခွက်၊ ဆား၊ မီးသွေး၊ တံပူတွေ အသင့်ချပေးထား၏။ သူတို့ကိုယ်၌လည်း ရေချိုးသန့်စင်၊ ဖြီးလိမ်း ခြယ်သပြင်ဆင်ပြီးလေပြီ။

သူမတို့ ကိုယ်သင်းရနံ့က ပန်းရနံ့လေးတွေလို သင်းသင်းမွှေးနေ၏။

ရေအိမ် တစ်ယောက်တစ်လှည့် တက်၊ သွားတိုက်၊ မျက်နှာသစ်၊ ရေပါချိုး ဖြစ်ကြ၏။ ရေမချိုးရတာ ကြာပြီလေ။ ရေအော



www.burmeseclassic.com

www.burmeseclassic.com



လည်း မအေးလွန်း၊ မပူလွန်း။ ရေချိုး သန့်စင်ပြီးသောအခါ သူတို့ အဝတ်အစားတွေ လျှော်ဖွတ်ပြီး အိမ်ရှင်တွေပေးသည့် အဝတ်အစား တွေ ခဏတာ ဝတ်ဆင်ကြရ၏။

အတောင်နှစ်ဆယ်ပုဆိုး မဝတ်တတ်၍ မင်းကျော်စွာ ကိုယ်တိုင် လာရောက် ဝတ်ဆင်ရ၏။ အခုမှ ဇာတ်ထဲက နောက်ပိုင်း ဇာတ်တော်ကသော သရုပ်ဆောင်တွေလိုလို။ မင်းညီ၊ မင်းသား တွေလိုလို။

တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ရယ်မိကြ၏။ ခေါင်းစည်း၊ သျှောင်တစောင်းတွေမှ မရှိတာ။ ပန့်ကော၊ ဘိုကေ၊ ကုပ်ထောက် ဆံပင်ရှည်၊ ကိုရီးယား ရှပ်ပွတွေနဲ့ ဒီအဝတ်အစား တွေက ဘယ်လိုမှ လိုက်ဖက်မှုမရှိ။ မိန်းကလေးတွေခမျာလည်း ဒီလိုပင်။

ဂျပန် ဆံတောက်နဲ့ . . ရင်ဖုံး၊ ထိုင်မသိမ်း ထမီဝတ်ထား တော့ နိုင်ငံခြားသူ မြန်မာဝတ်စုံဝတ်ထားသလို ပုံစံထွက်နေ၏။ ဆံပင်ရှည်သော ရွှေရောင်နဲ့ ဖြူးတို့က ဆံထုံးလေးတွေ ထုံးထား၍ လိုက်ဖက်ပြီး ကြည့်ကောင်းသေး၏။ မိုးသဲနဲ့ ဖွန်တို့မှာသာ ကိုးလို့ ကန့်လန့်။

ဖွန်က ဂျပန်ဆံထောက်နဲ့၊ မိုးသဲက သရီးစတပ်ကေနဲ့။

အချင်းချင်း ရယ်ချင်ပက်ကျိတွေ ဖြစ်လို့ . . လူဆိုတာ လည်း အခက်သားကလား။ စားသွားပေါက ပျားရည်စက်ကို လျက်ချင်ကြတဲ့သူတွေ။ ဒီပျားရည်ကို လျက်တဲ့အခါ လျှာကို စားရ မယ်ဆိုတာ သိရဲ့သားနဲ့ ပျားရည်အရသာကို လိုချင်၍ လျှာအနာ



www.burmeseclassic.com

www.burmeseclassic.com



ခံပြီး လျှက်ကြလေသည်။ ဒုက္ခတောထဲ၊ နွံထဲရောက်ရှိ နစ်မြုပ်နေ ဘာတောင် သူတို့တတွေ ရှာကြံ ရယ်မောနိုင်ကြသေး၏။

"မမ . . နံ့နက်စာ ညီမလေးတို့ ကူချက်ပေးမယ်လေ"

(၄) ယောက်ထဲမှာ အကြီးဆုံးဖြစ်ဟန်တူသော မြတ်လှကို ချဉ်းကပ်ပြီး ဖြိုးက ပြောလိုက်၏။ မြတ်လှက ပြုံးမျက်နှာထား ဖြင့် –

"အားလုံး ချက်ပြုတ် ပြင်ဆင်ပြီးသွားပြီ . . မနက်စာကို အသင့် သုံးဆောင်ရုံပါပဲကွယ်"

"ဘယ်အချိန်က ထချက်လိုက်တာလဲ"

ပြုံးနေ၏။ ဘာမှပြန်မဖြေ။ မိုးသဲက သတိထား ကြည့်ရင်း–

"မမတို့ ဘယ်အချိန်က ပြန်ရောက်တာလဲ ဟင်"

ပြုံး၍သာနေကြ၏။

ဇွန်က –

"စိတ်မဆိုးနဲ့နော်၊ ပွင့်ပွင့်လင်းလင်း မေးလို့ရမလား . . မမြတ်လှ"

မြတ်လှက ခေါင်းညိတ်ပြ၏။ ကျန်တဲ့ မိန်းကလေးတွေက နံနက်စာဝိုင်းဆီ ဦးဆောင်ခေါ်သွား၏။ မြတ်လှ၊ ဇွန်၊ မိုးသဲ၊ ဖြိုးတို့သာ ကျန်နေရစ်ခဲ့၏။

"မမတို့က အသူရကာယ်တွေလား ဟင်! . ."

မြတ်လှ မျက်နှာ ကွက်ခနဲပျက်သွား၏။ ဖြိုးက –

"အို! . . ဘယ်လိုမေးလိုက်တာလဲ ဇွန်ရယ်၊ မမမြတ်လှကို အားနာစရာ"



www.burmeseclassic.com

www.burmeseclassic.com



# ဆောင်

"ထင်ချင်သလို ထင်ပါစေ . . ကိစ္စ မရှိပါဘူး။ ညီမတော်တို့ နံနက်စာသုံးဆောင်ဖို့ ရေ့ကသွားနှင့်ပါလေ"

မြတ်လှက အောက်ထပ် နောက်ဘက်ရှိ အခန်းတစ်ခုထဲ ပြန်ဝင်သွား၏။ ဖြိုးက ဖွန့်ကို –

"နင် အဲလို မမေးသင့်ဘူး။ သူတို့ ဖုံးကွယ်ထားတာကို နင် သွားလှန်ကြည့်တာပဲ၊ သူတို့မကျေနပ်ရင် တို့အားလုံးကို သတ်ပစ်လိုက်လို့ ရတယ်"

"အင်းပါ . . ငါလည်း သိချင်လွန်းလို့ တည့်တိုး(ဒဲ့ဒိုး) မေးချလိုက်တာပါ။ သူတို့က အသူရကာယ်တွေဆိုရင် ငါ့တို့တွေ ကြိမ်းသေ သေခဲ့ပြီ။ မဟုတ်ဘူးဆိုရင်တော့ ကာလယန္တရား ရပ်တန့်စဉ်ထဲက သီးခြားနယ်မြေထဲ ရောက်နေကြတာပဲ ဖြစ်ရမယ်"

အားလုံး နံနက်စာ စားပိုင်းထဲ ရောက်သွား၏။ မင်းကျော်စွာက ရောင်နီတို့ကို နှုတ်ဆက်ပြီး အမဲလိုက်ထွက်သွားပြီ။ ရောင်နီတို့ မနိုးခင်ကတည်းက အိမ်ရှင်တွေ စားသောက်ပြီးကြပြီတဲ့။ ခည်ဝတ် ကျေပွန်လွန်း၍ အားနာနေမိသည်။

နံနက်စာက ဆီထမင်း၊ ငါးလေးကြော်၊ ဆတ်သားခြောက် (သို့မဟုတ်) အမဲသား (နွား၊ ကျွဲ)သားခြောက်ဖုတ်အမျှင် နှမ်းဆီဆမ်း၊ မြေပဲ လက်ဖက်သုပ်၊ ကောက်ညှင်းပေါင်း၊ ငါးရံ့ခြောက်ဖုတ် အပြင် ကြက်ဥပြုတ်၊ နွားနို့၊ နံ့သာပု ငှက်ပျောသီးတွေလည်း ပါဝင်သေး၏။ ရေနွေးကြမ်းက အကျနပ်ထား၏။

စားလို့၊ သောက်လို့ ကောင်းလိုက်ကြသည့် ဖြစ်ခြင်း မြတ်လှတို့တတွေ ဘေးနားက ယပ်တောင်ခပ်ပေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်ဘုံသားများ



"ဒီလောက် ညှို့ဝတ်ကျေပွန်တဲ့နေရာမှာ မောင်ကြီး ပြန်နိုင်တောင် ဖြစ်ချင်လာပြီ"

ရဲဝင်းက ထပြောတော့ မြစိမ်းက မျက်ဝန်းရွှဲကြီးတွေနဲ့။

"မပြန်နဲ့ပေါ့ မောင်ကြီးရယ် . . နှမလေးတို့နဲ့ အတူတူ နေချင်တယ်ဆိုရင် နေလို့ရပါတယ်။ နှမလေးတို့က ညှို့သည်ကိုပဲ ချော်နေတဲ့သူတွေပါ။ ညှို့သည်ပြန်သွားရင် လွမ်းပြီးကျန်ခဲ့ရမှာကို မလိုလားဘူး။ သိပ်ဝမ်းနည်းတတ်တာ ဟုတ်တယ်နော်၊ မာလာ"

"ဟုတ်တယ် . . ပျော်ရင် တစ်သက်လုံးနေ၊ တစ်သက်လုံး ပြုစုမယ်"

ဒီလိုပြောလာတော့ ရဲဝင်းတို့ ယောကျာ်းလေး (၄)ယောက် သဘောတွေ ကျကုန်၏။ မိန်းကလေးတွေက မြတ်လှတို့တွေကို ရယ်ပြုံးပြပြီး နားထောင်နေရသော်လည်း အနီးကပ် ပေါင်တွင်း ကြော ဆွဲလိမ်နေကြ၏။

"အား! . ."

"ညီညို"

"အချစ်ဆူးလေး စူးသွားလို့"

"ဘယ်မှာလဲ . . အချစ်ဆူး"

မင်းထက်က သေချာ လိုက်မေးနေ၏။ ညီညိုက ဘေးနားက ရွှေရောင်ကို မျက်စပစ်ပြလိုက်၏။ မြတ်လှက ရိပ်မိသွား၏။

"အပေါင်းအဖော်၊ ဆွေသဟာတွေဆိုတော့ ပျော်ကြ၊ နောက်ကြတယ်နော်။ မောင်နှမအရင်းအချာတွေ အတိုင်းပါလား ဘွယ်"



www.burmeseclassic.com

www.burmeseclassic.com

## ဧကောင်

"မဟုတ်ဘူး . . ကျွန်မနဲ့ ဟောဒီ ညီညိုနဲ့က ချစ်သူတွေ၊ ဟောဒီ မင်းထက်နဲ့ မိုးသဲကလည်း ချစ်သူတွေပဲ။ ဟိုက ရဲဝင်းနဲ့ ဇွန်ကလည်း ချစ်နေကြပြီးသား။ သူတို့ဘေးက ရောင်နီဆိုတဲ့ ကောင်လေးနဲ့ ဖြိုးဆိုတဲ့ ကောင်မလေးကလည်း ချစ်သူတွေ ဖြစ်နေကြတာပါပဲ"

မြတ်လှ၊ မြတ်နု၊ မာလာ၊ မြစိမ်းတို့ မျက်နှာလေးတွေပေါ်က မျှော်လင့်ချက် ရောင်ခြည်လေးတွေ ရုတ်ချည်းလွင့်ပါး ပျောက်ကွယ်သွားပြီး ဝမ်းနည်းယောင်ယောင် မျက်နှာအသွင်လေးတွေ မသိမသာ ဖော်ဆောင်လာကြလေသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်ဘုံသားများ

**စား** သောက်ပြီးစီးတော့ ဖြိုးတို့က ဝိုင်းသိမ်းဆည်းပေးသည်ကို လုံးဝ အသိမ်းဆည်း မခံကြ။ နောက်တစ်ချက်က အမြဲဘမ်း တံခါးပိတ်ထားသော အောက်ခန်းကျယ်ထဲကို အပြင်လူ လုံးဝဆေးမဝင်။ ပဟေဠိ ဖြစ်ချင်စရာ။

အဲဒီအခန်းထဲကို ပစ္စည်းတွေနှင့် ညီအစ်မ (၄)ယောက်လုံးဝင်သွားပြီးတာနှင့် တံခါးဂျက်ထိုး ပိတ်ထားတတ်၏။

"အဲဒီအထဲမှာ လျှို့ဝှက်ချက် ရှိမယ်။ အိမ်ခြေတံရှည်နေ့ဘက်ပိုင်းမှာ အကာလွှတ်ထားပြီး စင်တွေ ဆောက်ပေးထားဘယ်။ နောက်ဘက်မှာ အကာအရံနဲ့ အခန်းတွေ ဖွဲ့စည်းထားဘယ်။ အဲဒီအခန်းထဲ ချောင်းကြည့်ရအောင်"

"လူကြီး၊ လူကောင်းမဆန်ဘူး . . ဧည့်သည်က အိမ်ရှင်ကို မယုံသင်္ကာဖြစ်တာ စော်ကားတာနဲ့အတူတူပဲ"

"ဘယ်ဟုတ်မလဲ . . ကိုယ့်အတွက် အန္တရာယ်ရှိ၊ မရှိ



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းနိုင်မှ တော်ကာကျမှာပေါ့"

မင်းထက်နှင့် ညီညိုတို့ အသာ သွားချောင်းကြည့်ကြ၏။ ရွှေရောင်နဲ့ မိုးသဲတို့ပါ စိတ်မချ၍ နောက်ကလိုက်သွား၏။ ရဲဝင်း၊ ရောင်နီ၊ ဖြိုး၊ ဇွန်တို့က ရေ့ဘက်ကွတ်ပျစ်မှာပင် ထိုင်ပြီး အဖန်ရည် သောက်နေ၏။

တအောင့်အကြာမှာ မိန်းကလေး(၄)ယောက်လုံး မြေအင်တုံနှင့် ငွေဖလားခွက်လေးတွေ ဘယ်၊ ညာ ကိုင်ဆောင်ယူလာ၏။

"ဒီအရပ်ရဲ့ အကောင်းဆုံး စားသောက်ဖွယ်ရာတွေ အသားစုံချောင်းနဲ့ ငံပြာရည်မွှေးလေးကို သုံးဆောင်ကြပါဦးနော်"

မြတ်လှက ချခင်းပေး၏။

မြတ်နုက ဟိုဟိုဒီဒီကြည့်ပြီး –

"ဟို (၄)ယောက် ဘယ်ရောက်သွားပြီလဲ"

"အဲ ဟို . . ဟို အပေါ့သွားနေကြတယ်"

ရဲဝင်းက အဆင်ပြေအောင်ကြည့်ပြောလိုက်၏။ မင်းထက်တို့ (၄)ယောက်လည်း အပေါ့သွားတဲ့ဘက်က ပြန်ရောက်လာ၏။

"ကဲ . . အားလုံးပဲ သုံးဆောင်တော်မူကြပါဦး။ အလုပ်ကလေးတွေရှိသေးလို့ ယာထဲ၊ ခြံထဲ ဆင်းပါရစေဦး"

မြတ်လှတို့ (၄)ယောက် ခြံထဲကို ဆင်းသွားကြ၏။

'ဟော့ကောင်တွေ . . ဒီအရည်နဲ့ အသားတွေ မစားကြနဲ့'

ရဲဝင်းက အနည်းငယ်စားကြည့်၏။

"ကောင်းလှချည်လား"

အရည်ကိုပါ အနည်းငယ် တို့စားကြည့်၏ ။



www.burmeseclassic.com

www.burmeseclassic.com



“ဟာ! . . လျှာကိုစွဲသွားတာပဲကွာ”

“အဲဒါ ဘာအသားနဲ့အရည်တွေ မှတ်နေလို့လဲ”

“မသိဘူးလေ”

“အခန်းထဲမှာ လူဝံကြီး နှစ်ကောင်ရှိတယ်။ တစ်ကောင်က ထုတ်တန်းမှာ ဆွဲထားတယ်။ ကျန်တဲ့တစ်ကောင်က ခုတင်ပေါ်မှာ လှဲထားတယ်။ လူဝံရဲ့အသားတွေကို ဖဲ့လှီးထားတာ။ ချိတ်ထားတဲ့ လူဝံကိုပေါ့။ ခုတင်ပေါ်ကလူဝံက အပုပ်ခံပြီး အနံ့သေအောင် ဆေးနဲ့ စီရင်ထားတာ။ ခုတင်ပေါ်က လူဝံကြီးကကျတဲ့ အရည်တွေကို အင်တုံကြီးနဲ့ ခံထားတာ။ အဲဒီထဲက အရည်တွေ ခပ်ယူလာတာ”

“ဟေ . .”

“ဟယ်! . .”

“အဟုတ်”

“ဟုတ်ပါတယ်ဆိုမှ ငါတို့ ချောင်းကြည့်ခဲ့တာ၊ မယုံရင် မိုးသဲနဲ့ ရွှေရောင်ကို မေးကြည့်”

“ ဟုတ်ရဲ့လား၊ ရွှေရောင်နဲ့ မိုးသဲရယ်”

“သိပ်ဟုတ်တာပေါ့ . . နင်တို့ ရမ်းသမ်းပြီး စားတော့မလို့ မဟုတ်လား”

“အေးလေ . . ရဲဝင်းက စားပြီးပြီ”

“အရသာတော့ ကောင်းမှကောင်း၊ အပုပ်နံ့လည်း မနံဘူး။ နံ့လည်း မနံဘူး။ မယုံရင် နည်းနည်း စားကြည့်ပါလား။ ငါတော့ ဆက်စားမှာပဲ။ ဒီအရသာမျိုး ဒီတစ်ခါပဲ ခံစားဖူးတယ်”

“ရဲဝင်း”



www.burmeseclassic.com

www.burmeseclassic.com

# ဧကောင်

"ဘာလဲ . . ဖွန်"

"နင် ရှုးနေပြီလား"

"မရှုးပါဘူး . . ဒါလေး စားတာ ဘာဖြစ်သွားမှာလဲ"

"ခုနက အသားချောင်းလိုမျိုး . . ငါတို့ကို သတ်စားရင် ဘယ်နှယ့်လုပ်မလဲ"

"နင်တို့ကလည်း သတ်ချင်မှတော့ တစ်ညသိပ်နေမလား။ မနေ့ကတည်းက အစာထဲ အဆိပ်ထည့်ထည့်၊ ဗိုင်းဖမ်းပြီး သတ်သတ်၊ သတ်လို့ရတာပဲဟာ . . သံသယ မဝင်စမ်းပါနဲ့"

"နင် သေချင်ရင်စား . . ကျန်တဲ့လူတွေ မစားဘူး"

မင်းထက်နဲ့ ညီညိုက အစားအသောက်တွေ လိုက်သိမ်းပြီး ပန်းချုံတစ်ခုနောက်မှာ သွားသွန်ပစ်လိုက်၏။ ရဲဝင်းလည်း ဆက် စားသောက်ခွင့်မရတော့။

"ငါတို့ အပြင်ထွက်ကြည့်ရအောင်"

"အဲဒါ ကောင်းတယ် . . ဒီအိမ်မှာပဲ နေနေရတာ ပျင်းတယ်"

(၈)ယောက်သား ဒီအရပ်အဝတ်အစားတွေနှင့် အိမ်ပြင်ထွက်လာကြ၏။ ရတနာပုံခေတ်ဈေး၊ ရတနာပုံခေတ်က ဝတ်စားဆင်ယင်မှုနဲ့ ကြေးနီရောင်လူသားတွေ သွားလာနေကြ၏။ တကယ့်ရှေးဗမာကြီးတွေပေါ့။

ဆံတောက်ဖားနှင့် . . ဆံထုံးနှင့် . . ရင်ဖုံးနှင့် . . ဈေးတန်းလေးက ရွာဈေးတန်းလေးပေမယ့် လူစည်ကားလှ၏။ သွားလာနေကြသူတွေ မနည်း။ ရွာတန်းရှည် တစ်ဘက်ထိပ်အထိ ရောက်၏။

ယစ်ရွှေရည်ဆိုင်၊ ယာဂုဆိုင်၊ ထမင်းဆိုင်၊ အသီးအနှံ၊



www.burmeseclassic.com

www.burmeseclassic.com



အသားတွဲ အရောင်းဆိုင်၊ သံထည်၊ ကြေးထည် အရောင်းဆိုင် စသည်ဖြင့် စုံစီနဖာစုံလှ၏။

ထိုစဉ်မှာပင် လူတစ်ယောက် ထွက်ပြေးလာ၏။ နောက်က လူတွေ (၄၊ ၅)ယောက်က လက်နက်တွေနှင့် အော်ဟစ်ပြီး လိုက်လာ၏။

"ခိုးသား . . ခိုးသား . . ဖမ်းထား . . ဖမ်းထား"

" သူခိုး . . သူခိုး . . လိုက်ဟ . . ဖမ်းဟ"

ပြေးလာသူက ဟိုငေး၊ ဒီငေးနှင့် ပြေးလမ်းပိတ်သလို ဖြစ်နေသော ဖွန့်ရဲ့ရင်ဘတ်ကို လက်နှစ်ဖက်နှင့် ဆောင့်တွန်းဖယ်၏။ ဖွန် လွင့်လဲကျသွား၏။ ခိုးသား ဆက်ပြေးပြီ။

" ဟာ! . . ဖွန် . . ဖွန်"

နောက်က ပြေးလိုက်လာသူတွေကို လမ်းဖယ်ပေးနေရ၍ ဖွန်ထံ သွားရောက် ပြေးမထူနိုင်သေး။ ပြေးလိုက်သူတွေရော၊ သူခိုးပါ အဝေးရောက်သွားမှ ဖွန်ကို ပြေးထူရ၏။

" ဖွန် . . ဘာဖြစ်သွားတာလဲ၊ လုပ်ကြပါဦး"

ဖွန်က မေ့နေရာက ရင်ဘတ်အစုံလိုက်ကြီး တွန့်ခနဲ၊ တွန့်ခနဲ ထ ထခုန်နေ၏။

"အိမ်ကို ပြန်သယ်ကြမယ်။ မ, သယ်ကြ၊ ဘေးလူတွေနဲ့ လမ်းမကြီးမှာ သူများဂရုစိုက်စရာ ဖြစ်လာမယ်။ မြန်မြန် သယ်မကြဟေ့"

ရောင်နီက လော်ဆော်ပြီး သူကိုယ်တိုင်လည်း ဖွန်ကို မသယ်၏။ လူတွေက အထူးအဆန်းသဖွယ် ဝိုင်းဝန်း လိုက်ကြည့်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

## ဓေကာင်

တည်းခိုအိမ် ခြံထဲရောက်မှ လှည့်ပြန်ကုန်ကြ၏။

ဖွန့်ကို ကြမ်းပေါ် အသာချထား၏။

"အု . ."

"ဘုန်း! . ."

"အစ် . . အစ်"

"ဘုန်း! .. "

ဖွန် ရင်ဘတ်ကြီး ထခုန်ပြီး ကျောနှင့်ကြမ်းပြင် ရိုက်သံထွက်သွားသံ။ ဖွန်ကို ဆောင့်တွန်းရုံနဲ့ ဒီလောက်ကြီး ဖြစ်စရာအကြောင်းမရှိ။ ယခုဟာက မှေ့နေသော ဖွန်ကို တစ်စုံတရာသောအားအင်ကြီးက ရင်ဘတ်ကို ဆောင့်ဆွဲရိုက်ချနေသလိုပင်။

ကျန်တဲ့သူအားလုံး အံ့အားသင့်ပြီး တုန်လှုပ်ကုန်ကြ၏။ ဖွန်ရဲ့ချစ်သူ ရဲဝင်းက အပူပင်ဆုံးပင်။ ဂဏှာမငြိမ်။ ဖွန်ကို အတင်းပွေ့ဖက်ချုပ်ထား၏။ ချုပ်ထားတဲ့တိုင် ရုန်းထခုန်နေ၏။ ရဲဝင်းပါလိုက် ထရုန်း၊ ခုန်သလိုဖြစ်နေရတော့၏။

□ □ □



www.burmeseclassic.com

www.burmeseclassic.com





# Chapter (6)

## ဘဝအမှန် ရောက်ပြန် .. ရောက်ပြန်

“**သမီး** . . သမီးလေး . . မေမေ့သမီးလေး”

“သမီးရေ . . အဖေလေ . . ဒီမှာ သမီးရဲ့ အဖေရှိတယ်လေ”

“ဆရာမ . . သမီးလေး မျက်လုံး ဖွင့်လာတယ်။ သတိရလာပြီနဲ့ တူတယ်။ ဟော . . မျက်ဖြူလေး ပြန်လန်တော့မယ်”

“ခဏလေး . . သူ့နှလုံးခုန်နှုန်း ကျဆင်းရပ်တန့်သွားအောင် ရှော့ခ်ရိုက်ပြီး ပြန်နှိုးနေတာ။ ခင်ဗျားတို့ မိဘတွေ အပြင်ခဏ ထွက်ပေးပါ။ ဝန်ထမ်းတွေ အရေးပေါ် လုပ်ရကိုင်ရတာ မလွတ်လပ်သလို ဖြစ်နေတယ်”



www.burmeseclassic.com

www.burmeseclassic.com



# ဧကောင်

မိဘတွေ အပြင် ထွက်ပေးကြ၏။ ဇွန်ရဲ့ ရင်ဘတ်ပေါ် လက်ကိုင်ထိန့်းစက်နှင့် ရိုက်နှိုးခေါ်နေ၏။ ဇွန် သတိပြန်လည် လာ၏။ ခန္ဓာကိုယ်က နာကျင်ကိုက်ခဲနေ၏။ ဝေဝေဝါးဝါးအမြင် တွေထဲမှာ ဘေးခုတင်က ပိုက်တွေတန်းလန်းနှင့် သတိလစ်နေ သော မိုးသဲကို မြင်လိုက်ရ၏။ မိုးသဲရဲ့မိဘတွေက အနားမှာ မျက်ရည်ကျနေကြသည်။

ဇွန် မျက်ဖြူလေး ပြန်လန်သွား၏။ ထပ်ရိုက်နေကြပြန် ၏။ သတိ ပြန်မလည်တော့သော်လည်း နှလုံးခုန်နှုန်းလေးက အနည်းငယ် ပြန်မှန်လာ၍ ဆက်ရိုက်ခြင်းကို ဆရာဝန်က ရပ်နား ထားခိုင်းလိုက်လေသည်။ ဇွန်ရဲ့ ဝိညာဉ်ရောက်ရှိနေရာ အရပ်မှာ ပြန်ပြီး သတိရလာ၏ ။

"မေမေ . . ဖေဖေ"

"ဇွန် . . သတိရလာပြီ"

"ဟင်! . . ငါ . . ငါ ဘယ်ရောက်နေတာလဲ"

"တို့နဲ့အတူ ရှိနေတယ်လေ ဇွန်"

"မဟုတ်ဘူး . . ဆေးရုံမှာ ဖေဖေနဲ့မေမေကို တွေ့တယ်၊ ပြီးတော့ ဆရာဝန်တွေ၊ နပ်(စ်)မတွေ။ ပြီးတော့ မိုး . . မိုးသဲ ငါ့ ခုတင်ဘေးမှာ ပိုက်တွေတန်းလန်းနဲ့ သတိလစ်နေတယ်။ မိုးသဲရဲ့ ဘေးမှာ သူ့မိဘတွေ"

အားလုံး အံ့ဩထိတ်လန့်ကုန်၏။ မိုးသဲက –

"ဒါ . . ဒါဆို . . ငါတို့ ကားမှောက်ပြီး ငါတို့ရဲ့ ရုပ်ခန္ဓာ တွေက ဆေးရုံပေါ် ရောက်သွားတယ်။ ငါတို့ရဲ့ နာမ်ခန္ဓာတွေက





www.burmeseclassic.com

www.burmeseclassic.com



ဒီအသူရကာယ်ဘုံကို ရောက်နေတာပဲဖြစ်မယ်"

ရောင်နီက ဇွေစပ်စွာစဉ်းစားရင်း –

"ဟုတ်တယ် . . တို့ခန္ဓာက လူ့ပြည်မှာ၊ တို့ဝိညာဉ်တွေက အသူရကာယ်ဘုံမှာ ရောက်နေတာပဲ။ ငါတို့ လူ့ပြည်မှာ သတိလစ်နေကြတာ။ ခုန ဖွန်ကို နလုံးခုန်စက်နဲ့ ခေါ်ရိုက်နေတာ။ ဖွန်ဆေးရုံကို ခဏရောက်သွားတယ်"

"ဒါ. . ဒါဆို ငါတို့ လူ့ပြည်ပြန်လို့ရသေးတယ် ပေါ့"

"အေးပေါ့ . . တို့ခန္ဓာတွေ မသေသေးသမျှ ပြန်လို့ရသေးတာပေါ့ ရဲဝင်းရာ၊ ဒါပေမယ့် ကားမှောက်တုန်းက တန်းသေသွားလို့ မြုပ်နှံလိုက်ရတဲ့ ခန္ဓာကိုယ်တွေလည်း ရှိချင်ရှိနိုင်တယ်။ လောလောဆယ် ဖွန်နဲ့ မိုးသဲ မသေသေးဘူးဆိုတာ ဖွန်ရောက်သွားလို့ သိရပြီးပြီ။ ကျန်တဲ့ခန္ဓာကိုယ်တွေကို ဖွန်မှ သေချာ မတွေ့ခဲ့ရတာ"

ရွှေရောင်က –

"အဲဒီတော့ မသေချာဘူးပေါ့နော်"

" ဒါပေါ့ . . တို့ထဲမှာ အပြီးသေတဲ့လူလည်း ရှိချင်ရှိမယ်။ အားလုံး သတိလစ်ပြီး မသေသေးတာလဲ ဖြစ်ချင်ဖြစ်မယ်"

"မင်းရဲ့ နောက်ဆုံးစကားအတိုင်းပဲ ဖြစ်ပါစေကွာ"

ညီညိုက မရဲတရဲလေး ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ ထိုစဉ်မှာပင် မြတ်လှတို့ညီအစ်မတွေ သစ်သီးဝလံတွေ ခြင်းနှင့်ခူးပြီး သယ်လာကြ၏။ မြတ်နုနှင့် မြတ်လှခြင်းထဲမှာ သရက်သီး၊ မာလကာသီး၊ မရမ်းသီး၊ ဩဇာသီး၊ ဇောင်းဝါးသီး၊ သဘော်သီးစတဲ့ အသီးအနှံတွေပါလာ၏။



www.burmeseclassic.com

www.burmeseclassic.com

# ဧကောင်

"ဒီအသီးအနှံတွေက သူ့ရာသီနဲ့မှ သူပေါ်တာ၊ ဒီမှာ တစ်ချိန်ထဲမှာ အစုံရနိုင်တာပဲလား . . နှမတော်"

ရောင်နီက မေးမြန်းကြည့်လိုက်၏။ မြတ်လှက –

"အမြဲတမ်းရနေတဲ့ အသီးအနှံတွေပါ။ မာလာနဲ့ မြစိမ်းတို့ ဆွတ်လာတဲ့ အသီးအနှံတွေလည်း အမြဲတမ်းရနိုင်တာပဲ"

ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ခဝဲသီး၊ ပဲတောင့်ရှည်၊ ဖုံလုံသီး၊ ရွှေဖယုံသီး၊ သခွားသီး၊ ရုံးပတီသီး အစရှိသဖြင့် အသီးအနှံတွေ ပေါကြွယ်ဝလှ၏။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်ဘုံသားများ

**အ**သူရကာယ်ဘုံဆိုတော့ နေ့မှာ စံစားရပြီပေါ့။ စားသောက်ဖွယ်ရာ၊ စည်းစိမ်ထည်ဝါပြီး နေချင်သလို နေနိုင်ကြသည်လေ။ ဘာအလုပ်မှ ဟုတ်တိ၊ ပတ်တီလုပ်စရာမလို။ အငြိမ့်သား ထိုင်စားရုံပင်။

စားကောင်း သောက်ဖွယ်၊ ဝတ်ကောင်း စားလှတွေနှင့်။ နေ့လယ်ပိုင်းမှာ ကပြသော ကပွဲသဘင်တွေ၊ ပျော်ပွဲရွှင်ပွဲ၊ အငြိမ့်ပွဲတွေ၊ သေသောက်ပွဲတွေလည်း ရှိနေသေး၏။

ညရောက်ရင်တော့ ငရဲမှာခံရသလို ခံကြပေတော့။

အသူရကာယ်ဘုံ ရောက်ကြရသူတွေမှာ လူ့ဘဝတုန်းက ကုသိုလ်တစ်ဝက်၊ အကုသိုလ်တစ်ဝက် လုပ်ခဲ့ကြသူတွေ။

ဝက်သတ်ပြီး အလှူပွဲမှာ ကျွေးမွေးတာ၊ ကြက်၊ ဘဲသတ်ပြီး ဆွမ်းဟင်းကပ်တာ၊ အများကျွေးတာမျိုးတွေပေါ့။

အဲဒီခြင်းတွေနှင့် အခန်းထဲ တအောင့်ဝင်သွားပြီး ပြန်ထွက်လာတာနှင့် အသီးအနှံစားဖွယ်တွေ စိပ်လှီး ပြင်ဆင်လာပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ကြည့်ပြန်တော့လည်း အလွန် အရသာရှိနေပြန်၏။ အဆိပ်မကလို့ ဆယ်ပြန် သေဆေးပဲခပ်ခပ်၊ အကုန် စားပစ်မယ် ဆိုပြီး စားလိုက်ကြတာ တစ်ပွဲပြီးတစ်ပွဲ လာချပေး၍ ဗိုက်တွေကား၊ မျက်တောင်တွေလေးပြီး မှေးပျော်ကုန်ကြတော့၏။

ပြန်နိုးတော့ ညနေစောင်းနေပြီ။ မင်းကျော်စွာနဲ့ အဖွဲ့က အမဲလိုက်ရာက ပြန်ရောက်လာကြပြီး မင်းကျော်စွာတို့ သမင်နှင့် ဒရယ်ရလာကြောင်း ပြော၏။

သမင်သားနှင့် ဒရယ်သားကို ညစာသဘော ညနေစောင်းမှာ အိမ်ရှင်တွေက ကျွေးကြ၏။ သူတို့နဲ့အတူ ဝင်စားစေ၏။ သူများ အသား စားကောင်းလှ၏။ လူ့ဘီလူးတွေ။ ကိုယ့်အသားလေးကျ တော့ အပ်စူးမိတာနဲ့ နာကျင်လိုက်တာ တွန့်ခနဲ။ စားရတာနှင့် နာကျင် ထိတ်လန့်လိုက်တာ မပြောပါနဲ့တော့။ ကိုယ်ချင်း မစာကြ။

ရဲဝင်းတို့အဖွဲ့တွေလည်း ဒီအတိုင်းပင်။

စားသောက်ပြီးစီးတော့ စကားစမြည်လေးပြောရင်း မှေး စင်းလာပြန်၏။ မင်းကျော်စွာတို့ မောင်နှမတွေ မျက်နှာ မကောင်း ကြ။ နေ့မှာ တစ်နေကုန် လွတ်လပ်ပျော်ရွှင်ခဲ့သမျှ၊ ညကျတော့ အလူးအလိမ့်ခံကြရပေဦးတော့မည်။

ငရဲဟူသည်ကား . . နေ့ရော၊ ညပါ အချိန်ပြည့် သေကောင် ပေါင်းလဲ ခံနေရ၏။

ရောင်နီတို့တတွေ ကြိတ်ပြီး တိုင်ပင်ထားကြ၏။ ညကျမှ သူတို့တတွေ ငရဲခံရတာ ဟုတ်၊ မဟုတ် လိုက်ချောင်းကြမည်ပေါ့။ လူသတ်စက်ကွင်းကို သူတို့ ဖြတ်ကျော်ခဲ့ရဖူး၏။ အဲဒီလူသတ်



www.burmeseclassic.com

www.burmeseclassic.com



စက်ကွင်းမှာ ငရဲခံရခြင်းဖြစ်မည်။

ရွာသူ၊ ရွာသားတွေအားလုံး ရွာပြင်ထွက်ပြီး ငရဲမှာ ခံရချိန်ကို လိုက်ချောင်းကြမည်ပေါ့။ အဝတ်အစားတွေ ပြန်လဲ ဝတ်ဆင်ကြပြီး ခွန်အားတွေလည်း ပြည့်ပဝနေပြီ။

ရွာသူကြီးရဲ့ အော်သံနက်ကြီး ထွက်ပေါ်လာလေပြီ။

"ရွာသူ၊ ရွာသားအပေါင်းတွေ ထွက်ကြတော့ ဟေ့ . . ထွက်လာကြတော့၊ သွားကြမယ်ဟေ့။ ပုန်းမနေကြနဲ့။ မိသွားရင် ပြစ်ဒဏ် (၂)ဆခံရလိမ့်မယ်။ သွားကြစို့ဟေ့"

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# Chapter (7)

## ကြောက်စရာကောင်းတဲ့ ညရဲ

ဘုား! . . အီး . . အောင်မယ်လေး! . . သေပါပြီ”

“ကယ်တော်မူကြပါ ရှင့်”

ချော်ရည်ပူ မီးတွင်းကြီးထဲကို တစ်ယောက်ပြီး တစ်ယောက် ခုန်ချနေရ၏။ အထဲမှာ မရိုးမဆုံခံစားနေရသော ကြောက်လန့်ဖွယ်ရာ အော်ဟစ်သံဆိုးတွေ။ တချို့က သံခြေချင်းကြီးတွေနှင့်။ လက်ဝါးကပ်တိုင်မှာ အရိုက်ခံထားရ၏။ တချို့က နှိပ်စက်ရသူ၊ တချို့က ခံစားရသူ၊ ပြီးတော့ နှိပ်စက်ရသူ ဖြစ်သွားပြန်၏။ နှိပ်စက်ရသူက ခံရသူ ဖြစ်ရပြန်လေပြီ။ အချင်းချင်းတွေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



## ဒေါက်

မညှာမတာ ပြုလုပ်နေကြ၏။

နှိပ်စက်ရသူကလည်း အားကုန်၊ အင်ကုန်။ ခံစားရသူတွေမှာလည်း သေလိုက်၊ ပြန်ရှင်လိုက်။ ခံစားရသူတွေ နှိပ်စက်ရသည့် အလှည့်ရောက်တော့လည်း မညှာမတာ။ သူတို့ခံစားခဲ့ရသလို နှိပ်စက်ခဲ့သူတွေကို အားကုန်၊အင်ကုန် ပြန်နှိပ်စက်နေကြ၏။

မြင်ကွင်းက သွေးပျက်ဖွယ်ရာ။ သွေးတွေ မြင်မကောင်းအောင် ချင်းချင်းနီနေ၏။ အသူရကာယ်ဘုံသားတွေ ညဘက်မှာ ခံစားနေရပုံကို ချောင်းကြည့်ပြီး ရောင်နီတို့အဖွဲ့တွေ ကြောက်ဒူးတွေ ဆတ်ဆတ်တုန် ကုန်ကြ၏။ လန့်မအော်မိအောင် မိန်းကလေးတွေက သူတို့ပါးစပ်၊ သူတို့လက်နဲ့ ပိတ်ထားကြရ၏။

မီးစွဲ ချော်ရည်ပူတွင်းထဲက မခံနိုင်လို့ ကုန်းရုန်း တက်လာသူတွေကို တင်းပုတ်ကြီးတွေ ကိုင်ဆောင်ထားသော လူတွေက လိုက်ရိုက်ကြ၏။

ဝိုင်းရိုက်ပုတ်တဲ့ဒဏ် မခံနိုင်သောအခါ တွင်းထဲကို ဆင်းပြေးသူ ပြေး၊ မပြေးနိုင်၍ လဲကျနေသူတွေကို ဒရွတ်တိုက် ဆွဲပြီး တွင်းထဲပြန်ပစ်ချကြ၏။ ခံရသူတွေမှာ သေသွားလိုက်၊ ပြန်ရှင်လာလိုက်။

ထိုစဉ် မိန်းမတစ်ယောက် ပြေးတက်လာ၏။

"ဟင်! . . မြတ်လှ . . မြတ်လှ"

"ဟယ်! . . မမြတ်လှပါလား"

"အမလေး . . မမြတ်လှကို ဝိုင်းရိုက်နေကြပြီ။ သနားပါတယ်။ သွားကယ်ကြပါလားဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ် ကယ်လို့ရမှာလဲ . . ဒါ လူ့ပြည်မဟုတ်ဘူး။ သွားကယ်လို့ မရဘူး။ နင်တို့ အသံမထွက်နဲ့။ ကြားသွားရင်တို့ဘက် လှည့်လာဦးမယ်"

"ငါတို့က အသူရကာယ်ဘုံသားတွေမှ မဟုတ်တာ"

"မဟုတ်ပေမယ့် အသူရကာယ်ဘုံကိုရောက်နေတာပဲ။ ဥပမာ . . ငါတို့ အကျဉ်းထောင်ထဲရောက်သွားရင် ထောင်စောင့်တွေက အကျဉ်းသားလို့ပဲ သတ်မှတ်မှာပဲ"

သူတို့ ပြောဆိုနေကြစဉ် လူတစ်ယောက်က သူတို့ဘက်ကို လှမ်းကြည့်ပြီး အော်ဟစ်လက်ညှိုးထိုးနေ၏။ သေချာကြည့်လိုက်တော့ ဆံပင်ဖားလျားနှင့် မကောင်းဆိုးဝါး ဝင်စီးနေသောမိန်းကျော်စွာ ဖြစ်နေ၏။ ပုံမှန် အသိစိတ် ပျောက်နေပြီ။ ခေါင်းဆောင်ပြီး သေချာလှမ်းကြည့်နေသော ရဲဝင်းက –

"ငါ . . ငါတို့ကို မြင်သွားပြီ။ သတ်ဖြတ်မယ့်ကောင်တွေ ငါတို့ဆီ ပြေးလာနေကြပြီ"

"ပြေး . . ပြေးကြလေ"

"ဘယ်ဘက်ကို ပြေးရမှာလဲ"

ရောင်စဉ် တွန့်ခနဲ တုန်ခါသွားပြီး –

"ဒီဘက်ကိုလာ ငါလမ်းပြမယ်"

ရောင်နီ ရှေ့က ဦးဆောင်ပြေး၏။ ကျန်တဲ့သူတွေ နောက်က ပြေးလိုက်ကြ၏။ သူတို့နောက်ဘက်ကလည်း ညာသံပေးပြီးအားသံ၊ လှံသံ တချွင်ချွင်ပေးပြီး ဝိုင်းလိုက်လာနေပြီ။

ရောင်နီက ကျောက်တောင်ကြိုကြားကနေ ကွေ့ပတ် ဝင်

www.burmeseclassic.com



ပြေး၏။ လှူသတ်စက်ကွင်းနဲ့ ဝေးရာပြေးရင်း ရွာထဲရောက်လာ၏။ ညဆိုသော်လည်း နီကြန့်ကြန့် အလင်းရောင်တွေ ဖြာနေသေး၏။

ရွာထဲကနေ ဖြတ်ကာ အတင်းပြေးကြ၏။ နောက်ကလည်း ဟစ်ပွက်အော်ညံကာ အဆက်မပြတ်လိုက်လာ၏။ စိုက်ခင်းတွေ ဖြတ်ပြေးကြရပြန်သည်။ နောက်က လိုက်လာသံတွေ ဆူညံနေဆဲ။ ရောင်နီက ကုန်းကွေ့တန်းပေါ် တက်ပြေး၏။ ကိုင်းချုံပုတ်တွေနှင့် ကွယ်နေ၏။ လမ်းမရှိ။ ဖြတ်တိုး ပြေးကြရသည်။ ဝေါဝေါ ဝုန်းဝုန်း အသံတွေ ကြားရ၏။

"ဘာသံတွေလဲ"

"ရောင်နီ . . ရှေ့ဘက်က အသံတွေကြားနေရတယ်"

"သိတယ် . . ငါ့နောက်သာ ရဲရဲလိုက်ခဲ့"

ရောင်နီ ကိုင်းထူထူတောထဲ တိုးဝင်ပြီး လျှောခနဲ ပြုတ်ကျသွား၏။ နောက်ကလိုက်လာသူတွေလည်း အရှိန်မထိန်းနိုင်၊ တစ်ယောက်ပြီးတစ်ယောက် ပြုတ်ကျကုန်၏။ လျှောစောက်အတိုင်း လျှောဆင်းပြီး ရေထဲကို ပြုတ်ကျကုန်ကြ၏။

ရေက ချောင်းရေလိုမျိုး။ အထက်မှာ ရေတံခွန်ကြီးက ရေတွေ တဝုန်းဝုန်းကျနေ၏။ အလင်းရောင်က သဘာဝအလင်းရောင်နှင့် ဆင်တူ၏။ ညနေရီ ပုဇွန်ဆီရောင်သမ်းဝေနေပြီ။

ရေထဲမှာ မျောပါကုန်ကြ၏။ ရေကူးတတ်တဲ့သူ ပါသလို ရေမကူးတတ်တဲ့သူလည်း ပါနေ၏။ ရေကူးတတ်တဲ့သူက ရေနစ်နေသူကိုတွဲပြီး တစ်ဘက် မြစ်ကမ်းဘေးရောက်အောင် ကူးခေါ်



www.burmeseclassic.com

www.burmeseclassic.com



သွားကြ၏။

အားလုံး မြစ်တစ်ဘက်ကမ်းကို ခြေကုန်လက်ပမ်းကျပြီး ရောက်သွား၏။ နောက်က လိုက်လာတဲ့လူတွေရဲ့ အသံကို မကြားရတော့။ အရိပ်အယောင်လည်း မမြင်ရတော့။ ရောင်နီက ပက်လက်လှန်ပြီး နားနေရာက –

"မင်းတို့ကို ဒါ နောက်ဆုံး ကယ်တင်ခြင်းပဲ . . ရှေ့ဆက်ပြီး မင်းတို့ ကံကြမ္မာကို မင်းတို့ဘာသာ ဖန်တီးပေတော့။ ငါ့ စောင့်ရှောက်မှုကို ရပ်တန့်လိုက်ပြီ"

"ရောင်နီ . . မင်း ဘာစကားတွေ ပြောနေတာလဲ"

"ငါကား . . နတ်ဒေဝါတစ်ပါး၊ ကောင်းခြင်းအကျိုးကို လိုလားသော နတ်ဒေဝတာ၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ် တစ်ပါးပဲ။ အထူးသဖြင့် စိတ်ကောင်းနှလုံးကောင်းရှိပြီး မိဘကို ရိုသေလေးစားပြီး ပြန်ခံမပြော၊ မပြစ်မှား၊ မစော်ကားတဲ့ ရောင်နီနဲ့ ဖြိုးတို့ကို လိုက်လံ စောင့်ရှောက်မှုပေးတဲ့သူပဲ။ ကျန်တဲ့သူတွေကတော့ မိဘတွေနဲ့ပတ်သက်ရင် အပြစ်ကြွေး ကိုယ်စီရှိကြတယ်။ ဆင်ခြင်သတိထားကြပေတော့"

ရောင်နီ ပက်လက်လှန်ပြောပြီး ဝါးခနဲ သမ်းဝေသွား၏။ ဖြိုးက ရောင်နီကို အသာလှုပ်ခေါ်၏။

"ရောင်နီ . . ရောင်နီ"

"ဟင်! . . ဖြိုး"

"ခုနက စကားတွေ နင်တကယ်ပြောတာလား"

"ဘာစကားလဲ"



www.burmeseclassic.com

www.burmeseclassic.com

# ဧကောင်

ဘေးလူတွေက တစ်ယောက်တစ်ပေါက် ရှင်းပြကြ၏။ ရောင်နီ နားလည် သဘောပေါက်သွား၏။

"ငါ မဟုတ်ဘူး . . ငါ မေ့ခနဲဖြစ်သွားတာပဲသိတယ်။ ငါ့ကို နတ်ဒေဝတာက ဝင်စီးပြီး တို့အားလုံးကို ကယ်တယ်ထင်တယ်။ ပြီးတော့ သူပဲ ပြောသွားတာတွေပဲ။ ငါ ဘာမှမသိဘူး"

အားလုံး မျက်နှာပေါ်မှာ မျှော်လင့်ချက် ရောင်ခြည်သမ်းဝေသွား၏။ ရဲဝင်းက -

"ငါတို့ကို လွတ်မြောက်လမ်းတွေ့အောင် ရှာပေးရင် ပိုကောင်းတာပေါ့၊ အခုတော့ ရှေ့ဆက်ပြီး ဘာလုပ်ရမယ်မှန်း မသိတော့ဘူး"

"ဒါတော့ဟယ် . . သူလည်း စွမ်းဆောင်နိုင်သလောက် လုပ်ပေးတာနေမှာပေါ့။ သူ့လုပ်ပိုင်ခွင့်နဲ့ သူလေ၊ ဟုတ်တယ် မဟုတ်လား"

ရွှေရောင်အပြောကို မိန်းကလေးတွေ ထောက်ခံ ခေါင်းညိတ်ပြကြ၏။ အားလုံး ခရီးဆက်ထွက်ဖို့ ပြင်ဆင်ကြ၏။ သူတို့တတွေ တောလမ်းကလေးက လျှောက်လာကြ၏။ တောလမ်းလေးက သိပ်မကျယ်လှ။

နှစ်ချို့ပင်အိုကြီးတွေနှင့် ချုံနွယ်တောကြီးတွေကို မနည်းဖြဲတိုးပြီး လျှောက်လိုက်ကြရာ ကိုင်းတောရည်ကြီးထဲ ရောက်လာ၏။ ရေစီးကြောင်းလေးကလည်း ကိုင်းတောထဲမှာ ကွေ့ပတ်ပြီး စီးဆင်းနေ၏။ (၁၀)ပေခန့်သာကျယ်သော ရိုးချောင်းလေးသဖွယ်။ ရိုးချောင်းဘေးလမ်းလေးအတိုင်း လျှောက်လာကြ



www.burmeseclassic.com

www.burmeseclassic.com



ရှင်းနဲ့ –

"ဟာ! . ."

"ဟင်! . ."

"ဒါ . . ဒါ လယ်ကွင်း . . လယ်ကွင်းကွ"

"အေး . . ဟိုမှာ ရွာ . . ရွာကြီးတစ်ရွာ မဟုတ်လား"

သူတို့အားလုံး မြင်လိုက်ရသောမြင်ကွင်းကို ကြည့်ပြီး ငမ်းသာ အူမြူးကုန်ကြ၏။ စပါးရှိလျှင် စိုက်ပျိုးတဲ့ ရွာသူ၊ ရွာသား တွေရှိမှာပင်။ သူတို့ခြေလှမ်းတွေ သွက်လက်ကုန်ကြ၏။ အလင်း ရောင်ကလည်း ဆည်းဆာရောင်ခြည်ကဲ့သို့ ပုဇွန်ဆီရောင် သမ်းနေ ဆဲ၊

❑ ❑ ❑





www.burmeseclassic.com

www.burmeseclassic.com

# ဧကောင်

ရွာထိပ်ရောက်သည်အထိ လူတွေကို မတွေ့ရ။ ဝါးပင်တွေ အုံ့ဆိုင်းနေ၏။ ဝါးကိုင်းကြီးတွေကလည်း လေတိုက်တိုင်း တကျွိကျွိ၊ တအီအီအသံတွေ ထွက်နေသည်။ ဝါးတဲအိမ်လေးတွေ ခြံတစ်ခုထဲမှာ (၃၊ ၄)အိမ်ဆောက်ထားတာ တွေ့ရ၏။

ရွာထဲ ဆက်ဝင်လာသည်အထိ လူတွေ မတွေ့ရ။ တစ်နေရာအရောက်မှာ လူစုလူဝေးကြီးနှင့် စကားပြောဆိုသံ၊ လုပ်ကိုင်သံ၊ ငိုကြွေးသံတွေ ထွက်ပေါ်နေ၏။ ပုဏ္ဏားရိပ်စည်းရိုးနား ပြေးကပ်ပြီး ချောင်းကြည့်လိုက်ကြ၏။

"ဟာ! . . လူတွေ . . လူတွေ"

"အေးဟယ် . . ဒီမှာ လာစုဝေးနေကြတယ်"

"စစ်ကြိုခေတ်က ပုံစံတွေ ဝတ်စားထားတယ်နော်"

"ရှေးဗမာကြီးတွေလိုမျိုးပဲ"

"ဟ . . ဟိုမှာ . . ဟိုမှာတွေ့လား။ အလောင်းစင်ရဲ့ အခေါင်းတစ်လုံး၊ အခေါင်းပေါ်မှာ စားမြိန်ထုတ်နဲ့ . . ဆောချ



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်နဲ့ တူတယ်"

"ဟော .. ဟော ဆံပင်ဖားလျားနဲ့ ခေါင်းမှာ ဘာကြီး စွပ်ထားတာလဲ မသိဘူး။ ထိပ်ပြောင်ပုံ ဦးထုပ်ပျော့ကြီးစွပ်ပြီး ခေါင်းတလားပေါ် တက်နေပြီ"

"အဲ .. အဲ ခေါင်းဖုံးထဲ လက်နှိုက်နေပြီ"

"အမယ်လေး .. အူကလီစာ အထွေးလိုက်ကြီး"

"အော့ .. ဝေါ့ .. မသာရဲ့အူကလီစာတွေ ဆွဲယူသွားပြီ"

"ဟာ! .. ဟိုမှာ မီးဖိုပေါ်တင်ထားတဲ့ မိုးပြဲဒယ်ကြီးထဲ ပစ်ထည့်လိုက်ပြီ။ အထဲမှာ ဘာတွေချက်ထားတာလဲ"

"ဟင်းလာခပ်တဲ့သူတွေ ရောက်လာပြီ .. မိုးပြဲဒယ်ထဲက ဟာတွေက ဝက် .. ဝက်သားတွေဟ၊ ထွီ .. မသာ ကလီစာတွေ နှိုက်စားနေပြန်ပြီ၊ မကြည့်ရဲတော့ဘူး"

"အဲဒါ သရဲမဖြစ်လိမ့်မယ်"

"ဟုတ်လား .. ရောင်နီ"

"ဟုတ်တယ် .. သူ့ခေါင်းပေါ်မှာ ဆောင်းထားတာ တစ္ဆေဦးထုပ်ပဲ။ အဲဒီဦးထုပ်ကို စွပ်ထားရင် ကိုယ်ပျောက်တယ်လေ"

"ဒါကြောင့် အသုဘအိမ်ထဲက လူတွေ မမြင်ကြတာပေါ့။ တို့ကျတော့ အဲဒီသရဲမကို ဘာလို့မြင်နေရတာလဲ"

ရောင်နီ့ကို ဝိုင်းကြည့်ပြီး မေးလာကြ၏။ ရောင်နီက -

"ငါတို့လည်း လွင့်မျောနေကြတဲ့ ဝိညာဉ်ဘုံသားတွေ ဖြစ်နေလို့ပေါ့"

□ □ □



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# Chapter (8)

## သချိုင်းကုန်းမှာ မိစ္ဆာဝုန်းတော

**သူတို့** . . အသုဘချတော့မယ်''

''ဟုတ်တယ်၊ ဟော . . အသုဘခေါင်းကြီးကို လူတွေက ထမ်းထားကြတယ်။ ရိုက်တွေ၊ လိုက်စင်တွေနဲ့၊ ဝါးတိုင်တွေ ချည်ဖွဲ့ထားတယ်''

''လူတွေက နောက်ကလိုက်ကြတယ် တော်''

''ဝက်သားဟင်းနဲ့ မသာရဲ့ကလီစာတွေ စားတဲ့သူတွေ နောက်က လိုက်နေကြတယ်။ သူတို့ကတော့ သိမှာမဟုတ်ဘူး။ တော်ပြီ . . တောက မသာအိမ်လိုက်ပို့ရင် ဝက်သားဟင်းဆို လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



မစားတော့ဘူး”

“ဟဲ့ . . ဟဲ့ ဘုန်းကြီးငါးပါးနဲ့ ကျောင်းသားတွေက နောက်ဆုံးမှ ကြွကြတယ်။ အံ့ဩစရာပဲ”

“အေးလေနော် . . အမှန်ဆို ရှေ့ဆုံးက ကြေးစည်ရိုက်၊ နောက်က ဘုန်းတော်ကြီးတွေ ကြွ၊ အဲဒီနောက်ကမှ အသုဘလိုက် ဝင်လိုက်၊ ပြီးမှ လိုက်ပို့သူတွေ အဲဒီလိုဖြစ်ရမှာကို”

“နောက်တစ်ခါ လူထပ်မသေစေချင်လို့ ပြောင်းပြန်လုပ်ကြတာ နေမှာပေါ့”

“ငါတို့လည်း ဒီဘက်ပတ်လမ်းက လိုက်ကြည့်ရအောင်။ သင်္ချိုင်းက တို့ဘယ်ဘက်အရပ်မှာ ရှိလိမ့်မယ်”

(၈)ယောက်သား စည်းရိုးချုံပင်တွေ အကာအကွယ်ယူပြီး ဒီဘက်လမ်းကနေ ကြိုတင်ရောက်အောင် ပန်းတက်ကြ၏။ သင်္ချိုင်းက အလေ့ကျ ပေါက်ပင်တောနှင့် ဆက်နေ၍ သူတို့တတွေ သင်္ချိုင်းနှင့် ဝါးပိုးဝါးတစ်ပြန်ခန့် ကပ်ပြီး ကြည့်နိုင်ကြ၏။ ရွာဘက်က တလှုပ်လှုပ်နှင့် လိုက်စင်ကြီးထမ်းလာတာ လှမ်းမြင်နေရသည်။

“အမလေး! . . လေး”

“ဘာဖြစ်တာလဲ . . မိုးသဲ”

“သင်္ချိုင်းဇရပ်ထဲမှာ အုတ်ဂူ၊ မြေပုံနဲ့ ကုက္ကိုပင်တွေပေါ်မှာ သဲသဲလှုပ်နေတာပဲ။ ကြောက်စရာကြီးတွေ”

“ဟယ်! . .”

“ဟာ! . .”

“ဟုတ်ပ့ါ . . သရဲတစ္ဆေတွေ အများကြီးပါလား”



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်ဘုံသားများ

"တချို့ လူတွေပြောတော့ သင်္ချိုင်းမှာ သရဲမရှိဘူးဆို၊ ခုအျတော့ အားကြီးပါလား"

ကိုယ့်အလောင်း ကိုယ်စွဲတဲ့သူတွေ၊ သင်္ချိုင်းစောင့် ကဘာဝန်ချပေးထားတဲ့ အကောင်ပလောင်တွေ၊ အိမ်ထောင်သားမွေးလုပ်ပြီး သင်္ချိုင်းထဲစုဝေးနေကြတာ ဖြစ်မှာပေါ့"

ရောင်နီက တွေးတွေးဆဆ ပြောလာ၏။ အကောင်ပလောင်တွေက သစ်ပင်ပေါ်မှာ ခြေတွဲလွဲချသူ ချ၊ အုတ်ဂူတွေပေါ်မှာ ထိုင်သူ ထိုင်နှင့်။ တချို့က အလောင်းစင် ထမ်းလာတဲ့ဆီကိုပြေးသွားကြ၏။

သင်္ချိုင်းရာဘုံမှ ကြို့ဆိုပွဲမျိုးဖြစ်နေသည့် အလောင်းစင်ပေါ်မှာ အလုအယက် တက်စီးကြ၏။ ကခုန်သူက ကခုန်ကြ၏။ အော်ဟစ်မြူးထူးနေကြလေပြီ။

သေသူရဲ့ ဝိညာဉ်ကို သရဲအုပ်စုတစ်စုက ဝိုင်းချုပ် ခေါ်လာပြီး အဝေးကို ခေါ်သွားကြတာလည်း လှမ်းမြင်ရသည်။ သေသူခမျာအလွန် ကြောက်လန့် အော်ဟစ်သော်လည်း အသံတစ်စ ထွက်ပေါ်မလာ။ ဆွဲလွဲခေါ်ရာ လိုက်ပါသွားရတော့၏။

သင်္ချိုင်းမှာ တရားနာပြီး အမျှဝေလျှင် သေသူရဲ့ဝိညာဉ်ခအာလေးနှင့် ကျွတ်လွတ်သွားမှာစိုး၍ ဝိညာဉ်ဘုံသားများကအဝေးခေါ်သွားကြခြင်းပင်။

"ဟော့ကောင်တွေ . . လိုက်စင်ကြီး မတရား လေးလံလာပြီကွ။ သင်္ချိုင်းထဲမှာ မသာကျင်းတူးနေတဲ့ ကောင်တွေ ဘယ်ရောက်ကုန်ပြီလဲ။ ဘာလုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

# ဧဒေါန်

လိုက်စင် (မသာ ခေါင်းတလား)ထမ်းတဲ့ အဖွဲ့ခေါင်းဆောင်က လှမ်းအော်ပြောလိုက်၏။ သချိုင်းထဲက လူ(၄)ယောက် မှုးကြောင်ကြောင်နဲ့ ထွက်လာကြပြီး မြေကျစ်ခဲတွေ ကောက်ကာ အလောင်းစင်ကို မထိအောင် လှမ်းပေါက်ကြ၏။

"နောက်တစ်ခါ လာဦးမလား ဟေ့"

"မလာတော့ပါဘူး"

ခဲပေါက်သူ အမေးကို ခေါင်းထမ်းသူတွေက ပြန်အော်ဖြေကြ၏။ ထပ်ပေါက်၏။

"နောက်တစ်ခါ လာဦးမလားကွ"

"မလာတော့ပါဘူးဗျို့"

"နောက်တစ်ခါ လာဦးမလားဟဲ့"

"မလာတော့ပါဘူး"

(၃)ကြိမ်၊ (၃)ခါ လုပ်ပြီးသောအခါ အလောင်းစင်ကမြေမြှုပ်မယ့်နေရာကို ထမ်းသွားစဉ် ဇရပ်ဘေးမှာ ရေအိုးပစ်ခွဲချလိုက်၏။

"သေတဲ့ မသာနဲ့ သူ့မိသားစု အိုးစားကွဲပြီ။ ဒီဘဝ၊ ဒီမှာတင် ပြတ်စဲပြီဟေ့"

ရေအိုး အစိတ်စိတ်၊ အမွှာမွှာ ကွဲသွားလေပြီ။ ပြန်ဆက်စပ်လို့ မရနိုင်တော့။ အသုဘ မြေကျင်းတူးထားရာဆီ အခေါင်းကို ထမ်းသွားကြ၏။ သံဃာတော်တွေ ဇရပ်ထဲကြွပြီး နေရာယူ၏။ ကျန်တဲ့ ညှော်ပရိတ်သတ်တွေလည်း သင့်တော်ရာ နေရာယူကြ၏။ တရားနာတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

## ဝိညာဉ်ဘုံသားများ



လူတွေက သရဲ၊ တစ္ဆေတွေကို မမြင်ကြ။ ဇရပ်ဘေးမှာ အုံ့ခဲနေ၏။ ကျွတ်တန်းဝင်ခါနီးသူတွေ (သာခု) ခေါ်ခွင့်ကြုံ၍ ဆောင့်ဆိုင်းနေကြသည်။ မကျွတ်နိုင်သေးသူ၊ မကျွတ်ချင်သေးသူ တွေက မြူးထူး ဆော့ကစားနေကြဆဲ။

(၈)ယောက်သား ချောင်းကြည့်ပြီး သတ္တလောကနဲ့ သခ်ါရ လောက မြင်ကွင်းနှစ်ခုကို ရင်လန့်ရှုမောနေမိကြလေပြီ။ ထိုစဉ် မှာပင် မဲမှောင်နေသော မီးခိုးတန်းကြီး ဇရပ်တစ်ဘက်မှ မဲတက်လာ ၏။ ဇရပ်ထဲကလူတွေ မသာ မြေကျင်းချနေသူတွေက သတိပင် မထားမိကြ။ တော်လဲသံကြီး။

"ဝီး . . ဟီး . . ဟီး . . ဟီး"

ပေါ်ထွက်လာ၏။ လူတွေက ဘာမှဖြစ်မသွား။ သရဲ၊ တစ္ဆေတွေဆိုတာ ကြောက်လန့်တုန်လှုပ်ပြီး ပြေးလွှားကုန်၏။ အော်ဟစ်၊ ပွက်လောရိုက်နေတာမှ ကမ္ဘာပျက်သည့်အလား။ လူတွေအားလုံး ဘာမှမကြား။ မမြင်၊ မသိကြ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



## ဆောန်

**ဝိညာဉ်** ဘုံသား၊ ပရလောကသားတွေသာ ဆောက်တည်ရာမဲ့၊ ကယ်ကူရာမဲ့၊ ခြေဦးတည့်ရာ ဝရုန်းသုန်းကား ထွက်ပြေးကြကုန်၏။

“ဘာဖြစ်တာလဲ ဟင်! . .”

“ဘာသံကြီးလဲ . . ကြောက်စရာကြီး”

“အေးဟယ် . . ကြက်သီးအတောင့်လိုက် ထတယ်”

“သတိထားနေကြ၊ ငါတို့လည်း ပြေးချင်ပြေးရမှာ”

“ဟာ! . . ဟိုမှာ . . ဟိုမှာ ရောင်နီ”

“ဟင်! . .”

“ဟယ်! . .”

“အမလေး! . .”

မြင်းညိုကြီးတွေကို စီးထားသည့် ထွားကျိုင်းသန်မာသော လူကောင်ကြီးတွေက လက်ထဲမှာ လက်နက်ကိုင်စွဲပြီး သရဲ၊ တစ္ဆေတွေကို လိုက်လံ ထိုးခုတ်၊ ရိုက်နှက်နေကြ၏။ မြင်းနဲ့ လှည့်ပတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကောက်ပင်ရိတ်လှီးသလို လိုက်လံသတ်ဖြတ်ကြ၏။

သေတဲ့အကောင် သေ၊ မသေတဲ့အကောင် မသေ . . ပြန်ရှင်ပြီး ထပြေး။ နောက်က မြွားနဲ့ပစ်၊ မှိန်းနဲ့ပစ်၊ လှံနဲ့ထိုးက်၊ ဘင်းပုတ်နဲ့ ထုရိုက်၊ ဓားနဲ့ခုတ်ထစ်နှင့် ရဲပဒေါင်းခတ်နေပြီ။ သွေးပျက်စရာ မြင်ကွင်းကြီး။ မိန်းကလေးတွေ ပါးစပ်အုပ်ပြီး ချက်လုံးအစုံ မှိတ်ထားကြ၏။

"ဒါ . . သရဲ၊ တစ္ဆေတွေကို လိုက်ဖမ်းတာ။ အစွဲမကျွတ်ချင်တဲ့ သရဲ၊ တစ္ဆေဘဝမှာ အကြာကြီးနေတဲ့ ကောင်တွေကို သုတ်သင်ပြီး ဘဝပြောင်းပေးတာ။ တိရစ္ဆာန်ဘဝလိုမျိုးပေါ့"

"တချို့ အပြစ်ကြီးတဲ့ကောင်တွေဆိုရင် ငရဲကြီးကို တန်းခံနဲ့ ကျကုန်ရော။ ကောင်းကံ၊ ဆိုးကံ တစ်ဝက်စီရှိတဲ့ လူတွေက အသူရကာယ်ဘုံကို ရောက်ကုန်ကြရော . . ဟော . . ဟိုမှာ တွေ့လား"

"ဘာ . . ဘာလဲ ရှောင်နီ"

"ကြိုးကွင်းနဲ့ဖမ်းပြီး မြင်းနောက်က ဒရွတ်တိုက် ဆွဲခံရတဲ့ သရဲ၊ တစ္ဆေတွေလေ"

"ဪ . . အေး . . တွေ့တယ်"

"အဲဒီကောင်တွေကျတော့ ကျွတ်ခါနီးပြီ . . ယမမင်းထံမှာ အစစ်ဆေးခံဖို့ ခေါ်သွားမှာ။ သူ့မှာ မေ့နေတဲ့ ကောင်းမှုကုသိုလ်တွေကို ယမမင်းကြီးက ပြန်အမှတ်ရအောင် အစဖော်ပေးမှာ၊ အစဖော်ပေးတာတောင် မေ့နေဦးမယ်ဆိုရင်တော့ သူ့အပြစ်ဒဏ်နဲ့ ထိုက်တန်တဲ့ဘုံကို အပို့ခံရမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး လန့်လန့်ထိတ်ထိတ်နှင့် နားထောင်နေမိကြ၏။ ရဲဝင်းက –

"ဒီဘက်ကို သရဲ၊ တစ္ဆေတွေပြုံပြီး ပြေးလာကုန်ပြီ"

"ငါတို့ပါ ထွက်ပြေးမှဖြစ်တော့မယ်"

"မြန်မြန်ထ . . သူတို့နောက်က သရဲလူသားကြီးတွေ ပါလာပြီ"

အသံသြကြီးတွေ၊ အသံအစ်အစ်ကြီးတွေ၊ အသံဟောင်လောင်လောင်ကြီးတွေနှင့် ငရဲလူသားတွေက သရဲ၊ တစ္ဆေတွေကို ဖမ်းတဲ့လူ ဖမ်း၊ သတ်ဖြတ်တဲ့သူ သတ်ဖြတ်ရင်း ရဲဝင်းတို့အနားကို ဝရုန်းသုန်းကား ရောက်လာကြ၏။ ရဲဝင်းတို့တတွေ သွေးရူး သွေးတန်း ထပြေးရ၏။

"ဝေါ . . ဝေါ"

"ဖြောင်း! . . ဝုန်း . . ဖရုန်း"

"ဇွပ် . . ဇွိ . . ရွမ်း"

"အား! . . အောင်မလေး"

"သေပါပြီ! . . ကယ်တော်မူပါ"

"ပြေး . . ပြေး . . ပြေး"

□ □ □



www.burmeseclassic.com

www.burmeseclassic.com





# Chapter (9)

## ကံဆိုးလွန်းတဲ့ စုံတွဲ

**ညီညီ့** . . ငါ့ကို စောင့်ပါဦး . . အဟင့် . . ဟင့်"

"ရွှေရောင် . . လာ . . မြန်မြန်"

"ဝေါ . . ဖရူး . . အား! . . အီး"

"ရွှမ်း . . ရွှပ် . . စွပ်"

အနားက ဖြတ်ပြေးကြသည့် သရဲ၊ တစ္ဆေတွေကို မြင်းနဲ့ ...က်၊ ဓားကြီးနဲ့ ခုတ်၊ လှံတိုကြီးနဲ့ ထိုးချသွား၏။ နောက်ဆုံး ...ကျန်ခဲ့သော ညီညီတို့စုံတွဲမှာ ငရဲလူသားမြင်းတွေကြား ညှပ် ...သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com

# ဆောန်

“ဇွိ”

“အား! . .”

“ညီ . . ညို”

“ရွှပ်”

“အား! . .”

“ရွှေ . . ရောင်”

သွေးပျက်နေပြီ . . ညီညိုရဲ့ နောက်ကျောကို လှံနှင့် ဆောင့်ထိုး ခံလိုက်ရ၏။ ညီညို လဲကျဆဲမှာပင် ရွှေရောင်ရဲ့ နောက်ကျောကို ဓားနဲ့ ပိုင်းခုတ်ခံလိုက်ရပြီ။ ရွှေရောင် လဲကျအော်ဟစ်ရင်း အသက်ပျောက်သွား၏။

ညီညိုက လှံတိုထုတ်ချင်းပေါက် စိုက်ဝင်နေရာက မလှုပ်နိုင်တော့။ လှုပ်နိုင်သည့်လက်က ရွှေရောင်ထံ ကမ်းလာသေး၏။ ငရဲလူသားတွေ စီးနင်းသော မြင်းကြီးတွေက နင်းချေသွား၏။

သွေးရူးသွေးတန်း၊ သေပြေး ရှင်ပြေး၊ ပြေးနေရ၍ ရောင်နီ၊ ရဲဝင်း၊ မင်းထက်၊ မိုးသဲ၊ ဖွန်နဲ့ ဖြိုးတို့လည်း လှည့်မကြည့်နိုင်၊ ကိုယ့်အသက်မသေရေးအတွက် အားကုန်အင်ကုန် ထွက်ပြေးနေကြရ၏။

“ဝိုး! . .”

ကြိုးကွင်းတစ်ခုက မိုးသဲကို စွပ်ဖမ်းမိသွား၏။

“မင်းထက် . . ငါ့ကို ကယ်ပါဦး”

“မိုး . . မိုး . . ဟေ့လူကြီး မိုးကို မလုပ်နဲ့”

“ဝိုး! . .”



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်ဘုံသားများ



မင်းထက်ပါ ကြိုးကွင်းစွပ်မိသွား၏။ မိသွားသော မင်းထက်နဲ့ မိုးသဲကို မြင်းတွေနောက်လှည့်ပြီး ဒရွတ်တိုက် ဆွဲခေါ်သွား၏။ ထိုစဉ်မှာပင် ချုံနွယ်တစ်ခုအတွင်းမှာ အလင်းရောင်တန်းလေး ထွက်ပေါ်နေတာ ရောင်နီ တွေ့သွား၏။ ဖြိုးရဲ့လက်ကို ဆွဲပြီး အလင်းတန်းရှိရာ စွတ်ပြေးတော့၏။

အမှောင်ကမ္ဘာမှာ အလင်းတန်းဟာ ကယ်တင်ရာ အစွမ်းတစ်ရပ် မဟုတ်လား။ ကယ်ကူရာမှာ တွေ့နိုးနှင့် အလင်းတန်းဆီ ပြေးနေရင်း –

“ရဲဝင်း . . ငါတို့နောက်လိုက်ခဲ့”

“အေး . . မင်းထက်နဲ့ ညီညီတို့ ဘယ်ရောက်ကုန်ပြီလဲ”

“လွတ်အောင်ပြေး . . နောက်လှည့်မကြည့်နဲ့”

အလင်းတန်းက အနားရောက်သောအခါ ရေတွင်း တစ်ကျင်းစာခန့် ကျယ်ဝန်း၏။ အလင်းတန်းထဲ တိုးဝင်လိုက်သည်နှင့် ငြိမ့်ခနဲ၊ ငြိမ့်ခနဲဖြစ်သွား၏။ (၄)ယောက်လုံး အလင်းတန်းထဲ ရောက်သွားသောအခါ အမောအပန်းပြေသွား၏။

ကြောက်စိတ်တွေ တစ်ဝက် သက်သာသွားပြီ။ မုန်တိုင်းထဲ ကနေ လွတ်မြောက်စေသော အကာအကွယ်လှိုဏ်ဂူထဲ ရောက်ရှိသွားသလိုပင်။

ပတ်ဝန်းကျင်ကို မမြင်ရ။ သွေးပျက်ဖွယ်ရာ အော်ဟစ်သံ သတ်ဖြတ်ဆဲ၊ ငိုကြွေး၊ ငယ်သံပါအောင် အော်သံဆိုးတွေ မကြားရတော့။ အတန်သင့် စိတ်သက်သာရာ ရသွားကြ၏။

ကယ်တင်ရှင်သည်ကား အလင်းတန်းနိုးတွေ ဖြန့်ကာ [illegible]



www.burmeseclassic.com



# ဧကောင်

နေသော နတ်ဒေဝတာတစ်ပါး ဖြစ်နေ၏။ နတ်ဒေဝတာက အလင်းတန်းထဲမှာ အဖြူရောင်ဝတ်စုံနှင့် လှည့်ပတ်ပျံဝဲနေ၏။ အတန်ကြာမှ ကောင်းကင်ပေါ် ထိုးတက်သွား၏။ အလင်းတွေ သူ့နောက် လိုက်ပါသွား၏။

သူတို့ ရပ်နေသောနေရာက ဖုန်းဆိုးမြေကြီးလို ဖြစ်သွားပြန်၏။ ချုံတောတွေ မရှိတော့။ အမှန်တော့ အလင်းတန်းက လေဆင်နှာမောင်းလို သူတို့ကို စုပ်ယူသွားပြီး အန္တရာယ်ကင်း၊ ဘေးရှင်းသော တောင်ကုန်းကမူလေးပေါ်မှာ လာချပေးသွားခြင်းပင်။ ယခုမှပင် အံ့ဩလွန်နေရာက သူတို့စကားပြောဖို့ အမှတ်ရကြ၏။

"နတ်သားတစ်ပါးပဲ"

"တို့ ပြုလုပ်ခဲ့ဖူးတဲ့ ကောင်းမှု ကုသိုလ်ကံတွေကြောင့် ကယ်တင်ခံရတာပဲ"

"သရဏဂုံသုံးပါးကို ငါ ဆိုမိတယ်"

"ငါလည်း ကြောက်လန့်ရင်းနဲ့ ဆိုခဲ့တယ်"

"တို့လည်းဆိုပြီး 'ဘုရား ကယ်တော်မူပါ'လို့ မြည်တမ်းမိတယ်"

"ငါလည်း အဲ့လိုပဲ . . အဲဒါကြောင့် တို့(၄)ယောက် လွတ်လာတာ"

"မင်းထက်နဲ့ မိုးသဲကော"

"ရွှေရောင်နဲ့ ညီညီတို့ကော"

"သူတို့ ဖမ်းမိသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com





"သူတို့ သတ်ခံလိုက်ရပြီလား"

မသိတဲ့သူကို မသိတဲ့သူက ပြန်မေးမိသလို ဖြစ်နေကြဆဲမှာ ကျောက်နံရံတစ်ခု၌ မြင်ကွင်းပုံရိပ်တွေ တဖျတ်ဖျတ်ဆင်ဟပ် ပေါ်လွင်လာ၏။

"အမလေး! . . ညီညို . . ညီညို"

"ဟာ! . . ညီညို့ကို လှံစိုက်သွားပြီ"

"အား! . . ရွှေရောင် . . ရွှေရောင့်ကို . . အီး ဟီး အဟင့် ဟင့်"

"တောက်! . . ရွှေရောင့်ကို ဓားနဲ့ ခုတ်သတ်လိုက်ပြီ"

"တော်တော် ရက်စက်တယ်ကွာ"

"ညီညိုရော၊ ရွှေရောင်ပါ မရှုမလှသေကုန်ကြပြီ"

"မင်းထက်နဲ့ မိုးသဲကို ဖမ်းခေါ်သွားပြီ"

"ဘယ်နေရာကိုလဲ"

"ဦးချိုနှစ်လုံးထောင်ထားတဲ့ ကျောက်လှိုဏ်ပေါက်ကြီးထဲ မြင်းနဲ့ ဆွဲသွင်းသွားတာ"

"အဲဒါ ငရဲပြည်ထဲက အရံ ငရဲ ဖြစ်ရမယ်"

"ယမမင်းရှိတဲ့ ငရဲလား . . ရောင်နီ"

"ဟုတ်လိမ့်မယ်"

ကျောက်တုံးနံရံတွေပေါ်က ပုံရိပ်တွေ ဖျတ်ခနဲ ပျောက်သွား၏။

"ငါတို့ ဘာဆက်လုပ်ကြမလဲ"

ရဲဝင်းက အသံတုန် အက်အက်ဖြင့် မေးလာ၏။ ရောင်နီ



www.burmeseclassic.com

www.burmeseclassic.com



က ဖြိုးရဲ့လက်ကို တင်းတင်းဆုပ်ကိုင်ပြီး –

"မင်းထက်နဲ့ မိုးသဲကို လိုက်ရမှာပေါ့"

"ညီညိုနဲ့ ရွှေရောင်တို့ရဲ့ အလောင်းတွေ လိုက်ရှာပြီး သေသေချာချာ မြေမြှုပ်မပေးတော့ဘူးလား"

"မလိုတော့ဘူး . . ဝိညာဉ်တွေ ဖြစ်နေတဲ့အတွက် ဝိညာဉ် ဆိုတဲ့ နာမ်ခန္ဓာကြီး အမှုန်အမွှားအဖြစ်နဲ့ ပျောက်ကွယ်သွားလိမ့်မယ်။ ရုပ်ခန္ဓာရှိနေတဲ့ လူ့ပြည်မှာတော့"

"ဘာဆက်ဖြစ်မလဲ ရောင်နီ"

"တစ်ခုခု အကျိုးသက်ရောက်မှု သွားရှိလိမ့်မယ်"

"ဘယ်လို သက်ရောက်မှုလဲ"

"ငါလည်း အတိအကျ မသိဘူး"

"ခန့်မှန်းခြေအရ ပြောပါလား"

"ရုပ်ခန္ဓာလည်း ရုပ်စဲသွားလိမ့်မယ်၊ သေပြီ"

"ဘာ! . ."

"ဟင့် . ."

"အို! . ."

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com





# Chapter (10)

## သတ္တဘုံမှာ ဖြစ်ပျက်တာ

ငိုကြွေး မြည်တမ်းသံတွေ ဆူညံပွက်လောရိုက်သွား၏။

"အမလေး . . သားရေ . . ဖြစ်မှဖြစ်ရလေခြင်း"

"သမီးရေ . . အမေတို့အဖြစ်ကို ထကြည့်ပါဦး"

ညီညိုရဲ့ မိခင်၊ ရွှေရောင်ရဲ့ မိခင်တို့ အော်ဟစ်ငိုကြွေးသံတွေက ကျန်တဲ့မိဘတွေကို သွေးပျက်သွားစေမတတ်။ ညီညိုနဲ့ ရွှေရောင်တို့ ရှေ့ဆင့်၊ နောက်ဆင့် ဆုံးသွားကြပြီ။ မဆုံးခင်မှာ ( )ယောက်လုံး တွန့်လိမ်၊ ကွေးကောက် ရုန်းကြွသေး၏။ ပြီးမှ ငြိမ်သက်ကာ ဇက်ကျိုးကျသွားကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



# ဧကောင်

ညီညိုနဲ့ ရွှေရောင်တို့အလောင်းတွေကို ရေခဲတိုက်ထဲ ပို့လိုက်ကြပြီ။ သူတို့မိဘတွေခမျာ တက်မတတ်၊ ချက်မတတ်။ ကျန်တဲ့(၆)ယောက်ရဲ့ အခြေအနေကလည်း သတိပြန်လည် မလာသေး။ မိဘတွေရင်ထဲ မီးတောင်(၁၀)လုံးလောက် မြိုချထား ရသလိုပင်။ ထိုင်မရ၊ ထမရ။ ပူပင်သောကမီးတွေ တဟုန်းဟုန်း တောက်လောင်နေကြပြီလေ။

"ကျွန်မသမီးလေး ဖွန် အသက်ပြန်ရှင်ပါ့မလား"

"ပြန်ရှင်မှာပါ မိန်းမရယ် . . သူ့ရဲ့ကိုယ်စား ဆံပင်၊ ခြေသည်း၊ လက်သည်း၊ ကိုယ်တိုင်းကြိုးတွေ အကုန် မြစ်ထဲသွား မျှောပြီးပြီ။ ယတြာချေ ပြီးသွားပြီ"

"ကျွန်မသားလေး ရောင်နီအတွက် ဘုရားမှာပဲ ဆုတောင်း တယ်"

"ဟုတ်တယ် . . တို့သမီးလေး ဖြိုးအတွက် ဘုရားမှာပဲ ဆုတောင်းတယ်။ ဘုရားမှတစ်ပါး အားကိုးစရာမရှိဘူး"

မိဘတွေအချင်းချင်း ပြောဆိုကြပြီး လူနာတွေ ဘေးမှာ အလှည့်ကျ စောင့်နေပေးကြ၏။

"မင်းထက် . . သားလေး မင်းထက် လူးလွန့် လှုပ်ရှားလာ ပြီတော့"

"အေးဟ . . ဆရာဝန် ပြေးခေါ်လိုက်မယ်"

"ဆရာမ ဒီမှာ ကျွန်မသမီး မိုးသဲ လှုပ်လာပြီ။ လှုပ်လူး လာပြီ"

"အသာ စောင့်ကြည့်ပါဦး။ သူတို့ နလုံးခုန်သံတွေ ပိုမြန်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်။ သိပ် စိုးရိမ်စရာကြီး မဟုတ်သေးဘူး။ လိုအပ်မှ ဆရာဝန်ကြီး ပြေးခေါ်မှာပါ၊ ခဏလေး"

"ဆ . . ဆရာမ . . ပြန်မငြိမ်ဘူး။ လူးလူးလွန့်လွန့်ပဲ။ အဲဒါ ပြန်ရှင်ချင်လို့ပေါ့နော်"

စောင့်ကြည့်တော့ လူးလွန့်လာလိုက်၊ ပြန်ငြိမ်သွားလိုက်။ လူးလွန့်လာလိုက်၊ ပြန်ငြိမ်လိုက်နှင့်။ မကြာခဏ ဖြစ်နေတော့၏။ ဆရာဝန်ကြီးရောက်လာပြီး စမ်းသပ် စစ်ဆေးကြည့်၏။

"ဦးနှောက် အာရုံကြောတွေ လှုံ့ဆော်လာတာပါ။ ကောင်းလာနိုင်သလို၊ ပိုဆိုးသွားနိုင်တယ်။ ဒီတုံ့ပြန်မှုဟာ ပုံမှန်တော့ မဟုတ်ဘူး"

လူကြီး၊ မိဘတွေအားလုံး ပင့်သက်မောကြီးတွေ ရှိုက်ချကုန်၏။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com







# Chapter (11)

ပရဘုံ

**လေး**ယောက်သား တောင်ဂမူက ဆင်းလာကြ၏။ ဝိုးစုန်းကြူးလို အကောင်လေး ပျံသန်းရာ လျှောက်လိုက်လာမိကြ၏။ တောနက်ထဲဝင်ပြီး သစ်ပင်ကြီးတစ်ပင်အောက်မှာ ပိုးစုန်းကြူးလေး ပျောက်သွား၏။ ရေကလည်း ဆာ၊ ဗိုက်လည်း ဆာနှင့် သစ်ပင်ကြီးအောက်မှာ ခေတ္တထိုင်ပြီး အနားယူမိ၏။

"ဝုန်း! . . အုန်း! . ."

"အမလေး! . ."

"အား! . ."



www.burmeseclassic.com

www.burmeseclassic.com

# ဘီလူး

"အမေရေ . . ကယ်ပါဦး"

သစ်ပင်ကြီးပေါ်က ဓာတ်တိုင်ခန့်မြင့်သော လူကြီးတစ်ယောက် ခုန်ဆင်းလာ၏။ ခန္ဓာကိုယ်ကြီးကလည်း ထွားကျိုင်း သန်မာပြီး အဖုအထစ်တွေ ပိန်းပိန်းထနေ၏။ နားရွက်ကြီးတွေက ဆန်ကောလောက် ရှိ၏။ မျက်လုံးကြီးတွေက အုန်းသီးလုံးခန့်ရှိပြီး ပါးစပ်ပေါက်ကြီးက လူတစ်ယောက်ကို အသာလေး ဝါးမြိုနိုင်သည်။

နှာခေါင်းက ဘီလူးနှာခေါင်း။ အစွယ်ကြီးတွေက လူကြီးလက်ဖျံလောက်မက။ မျက်လုံးနီကြီးနှင့် ရောင်နီတို့ကို ခါးထောက်စိုက်ကြည့်နေ၏။

"ဘာလာလုပ်တာလဲ၊ ဒါ . . ငါ့နေရာ ထွက်သွား"

"ဗိုး"

လက်ကြီးနှင့် ရမ်းထုတ်လိုက်၏။ ထန်းပင်လုံးနှင့် ဇော့ရိုက်လိုက်သည့်အလား။ အားလုံး ကြောက်လန့်တကြား ကုန်းရုန်းပြီး ကသောင်းကနင်း ထပြေးကုန်၏။ သစ်ပင်တိုင်းမှာ ပြဿဒ်လေးတွေ၊ အိမ်လေးတွေ၊ အမှိုလေးတွေနှင့်။ ဘယ်အပင်မှ မလွတ်။ ဘယ်အပင်နားမှလည်း ကပ်လို့မရ။

"မလာခဲ့နဲ့"

"ငါ့အိမ်နား မကပ်နဲ့"

"နေရာ လာမလုနဲ့၊ အသေသတ်ပစ်မယ်"

"မောင်းထုတ်ကြဟေ့ . . နေရာမဲ့တွေ၊ နေရာလိုက်ရှာနေကြတယ်။ အကပ်မခံနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရောင်နီ . . အဲဒါတွေက ဘာတွေလဲ"

"ဝိညာဉ်ဘုံသားတွေ . . သစ်ပင်တိုင်းမှာ သူ့ဟာနဲ့သူ ရှိပြီးသား"

တောထဲက သွက်သွက်ထွက်လာရင်းနဲ့ ကွင်းဘက်ထဲ ရောက်လာကြ၏။ သစ်ပင်ချုံပုတ်၊ ကမ်းပါးဓောက်တွေမှာလည်း သူ့အုပ်စုနဲ့သူ ပြည့်ကြပ်နေ၏။

"အပင်ပေါက်စ ရှက်နှစ်ခွထွက်တာနဲ့ ဝိညာဉ်ဘုံသား တွေ ခိုကပ်နေစရာ ဖြစ်သွားရော။ ငါတို့ကို လျှောက်သွားပြီး နေရာ ရှာနေတဲ့သူတွေ မှတ်လို့ သူတို့ မောင်းထုတ်နေကြတာ၊ ရှင်းပြလို့ လည်း ရမှာမဟုတ်ဘူး"

လမ်းဘေး ချုံနွယ်တွေမှာလည်း အဆင့်နိမ့်တဲ့ ဝိညာဉ် ဘုံသားတွေ ခိုကပ်တွယ်နေကြတာမှ ခြင်တွေ သီး၊ ယင်တွေ အုံ နေတဲ့အတိုင်းပင်။ ကြီးတဲ့အကောင်က ငယ်တဲ့ကောင်ကို အနိုင် ကျင့်။ ငယ်တဲ့ကောင်က သေးတဲ့ကောင်ကို အနိုင်ကျင့်။

တချို့က ငယ်တဲ့အကောင်ကို အစာအဖြစ် ဝါးမြိုစား သောက်ကြသေး၏။ သူတို့တတွေ ပြေးလာရင်းနှင့် တောင်တန်း ကမူလေးတစ်ခုအပေါ် ပြေးတက်မိ၏။

"မောတယ် . . မောတယ်ဟယ်၊ ထိုင် နားချင်တယ်"

ဖွန်က ပြောလာ၏။ ဖြိုးကလည်း ဟောဟဲ . . လိုက်နေ ပြီ။ တအောင့် ထိုင်နားဖြစ်ကြ၏။

"ငါတို့တော့ လမ်းပျောက်နေပြီ . . ဘယ်တွေရောက်လို့ ရောက်မှန်းလဲ မသိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



## ဧကောင်

"အေးလေ . . ပိုးစုန်းကြူးလေးလည်း ပျောက်သွားပြီ"

"ဟင်! . ."

"ဟယ်! . ."

"မြေငလျင် လှုပ်တယ်"

"ဟာ! . . တို့ထိုင်နေတဲ့ မြေကြီးက ရွေ့လျားနေတာ"

"အေး . . ဟုတ်တယ်"

"ငါတို့ မြေလွှာပြုတ်ရွေ့ကြောပေါ် ရောက်နေတာလား မသိဘူး။ မြေကြီးပေါ်က မြက်ပင်တွေကို မြဲမြဲဆုပ်ကိုင်ထားကြ၊ မလွှတ်စေနဲ့"

"ဟာ! . . သိသာတယ်။ ဟိုဘက်၊ ဒီဘက် မြေကြီးတွေ ငြိမ်သက်ပြီး ကျန်နေခဲ့တယ်။ တို့ထိုင်နေတဲ့ တောင်တန်းလေးပဲ ရွေ့နေတာ"

"အေးနော် . . ထူးဆန်းလိုက်တာ၊ အံ့သြပါရဲ့"

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်ဘုံသားများ

**တောတန်း** လေးက ရှေ့ကို တွန့်ခေါက်ရွေ့လျားနေ၏။ ခုကောင်တစ်ကောင်ပေါ်မှာ ထိုင်လိုက်နေရသလိုပင်။ မြေပြန့်လွင်ပြင်ကြီးထဲ ဆင်းချသွား၏။

မြေပြန့်ကြီးက မိုးကုပ်စက်ဝိုင်း တဆုံးပင်။ မြေနီ၊ လေနီ သောကြီးအဝေးမှာ လုံးလုံးစုစု အရိပ်လေးရှိရာ ဦးတည်နေ၏။ ဘဖြည်းဖြည်းနီးလာရာ ရှေးမ တောင်ကုန်းကြီး ဖြစ်နေ၏။ ဆောင်စောင်းမှာ ဦးချိုနှစ်ခုနှင့်။

"ဟိုမှာကြည့်စမ်း . . အဲဒါ အရှံငရဲပြည် မဟုတ်လား၊ ဘို့ မြင်တွေ့ခဲ့ဖူးတယ်လေ"

"အေး . . ဟုတ်တယ်"

"အဲဒီကို ဒီတောင်တန်းလေးက ဘာလို့သွားနေတာလဲ။ အဲဒီမှာ မင်းထက်နဲ့ မိုးသဲတို့ ရှိတယ်။ သူတို့ကို ဖမ်းခေါ်သွားတဲ့ ငရဲ လူသားတွေလည်း ရှိတယ်။ ပြီးတော့ ငရဲခန်းတွေ၊ ငရဲထိန်း



www.burmeseclassic.com

www.burmeseclassic.com

## ဧကောင်

တွေ ငရဲခံနေရတဲ့ ငရဲသားတွေလည်း ရှိလိမ့်မယ်”

တောင်တန်းလွှာက ရထားတစ်စီးပမာ အရှိန်ပြင်းပြင်းနှင့် သွားနေသောအခါ မြေကြီး အချပ်ချပ်တွေ အဖတ်ဖတ် လန်ကွာကုန်၏။ ခေါင်းထိပ်နေရာက ရုပ်လုံးပေါ်လာ၏။

“အား! . .”

“အမလေး . . လေး”

“ငါ . . ငါတို့စီးနေတာ မြေ . . မြေကြီး မဟုတ်ဘူး”

“မွ . . မြွေ . . မြွေကြီး . . ဧရာမ မြွေကြီး”

“နစ်ချို့ မြွေကြီး”

“မြွေနဂါးကြီး”

“ငန်းပုပ်မြွေကြီး”

“လူယောင်ဖန်ဆင်းလို့ရတယ်ဆိုတဲ့ နတ်မြွေနဂါးကြီး လား”

“အေး . . ဟုတ်တယ်၊ လုံးပတ်က ရထားနှစ်စင်းစာလောက် ရှိတယ်။ အရှည်က ရထားနှစ်တွဲ ရှေ့နောက်ဆက်ထားသလိုပဲ။ ဆယ့်ခြောက်စီးတွဲ ရထားတွေလေ”

“ဟုတ်တယ် . . တို့ မြွေကြီးပေါ်မှာ ဖြစ်နေပါလား”

“အဲဒီမြွေကြီးက ဘာလို့ မြေကြီးထဲ ရောက်နေရတာလဲ၊ မြွေဆိုတော့ အင်း . . တွင်းအောင်း သတ္တဝါမျိုးကိုး။ အစာဝအောင်စားပြီး ဒီနေရာမှာ တွင်းတိုးအောင်းနေတာ။ နှစ်ကြာတဲ့အထိမလှုပ်မယှက်ဆိုတော့ ကြာတော့ . . မြက်တွေ၊ ချုံတွေ ပေါက်ပြီး တောင်ကုန်းလေးလို ဖြစ်နေတော့တာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ခုန်ဆင်းကြမယ်လေ"

"မဆင်းနဲ့ . . အလိုက်သင့် လိုက်သွား၊ ခုန်ဆင်းတာ သူ သိသွားရင် သူ့ခေါင်းလှည့်လာပြီး ဝါးမြိုပစ်လိမ့်မယ်"

အားလုံး မဆင်းရဲကြတော့ . . မြွေကြီး ခေါင်းဆောင်ရာကို မြွေရေခွံ လွှာ မြဲမြဲကုတ်ပြီး ဆုပ်နိုင်သလောက် ဆုပ်ကိုင်ကာ သည်းထိတ်ရင်ဖို လိုက်ပါသွားနေရလေပြီ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# Chapter (12)

## ငရဲပြည်ထဲ အလှူးအလဲ

**မြွေနဝါး** (ခ) ငန်းပုပ်မြွေကြီးက ရောင်နီတို့ကို အကုန် ငရဲပြည်ရောက်အောင် တမင် ပို့ဆောင်ပေးလိုက်သလိုပင်။ မှုခ်ဦး အဝမှာ ရေးထိုးထားသော ပါဠိစကား။ အဲဒီနားမှာတင် မြွေကြီးက မြေကြီးထဲ တိုးဝင် ပျောက်ကွယ်သွား၏။ သူတို့ လေးယောက်သား ဆီးထီးကြီး ရပ်မိလျက်သား ဖြစ်နေ၏။

"အထဲဝင်ကြမလား"

"ဝင်ရမယ်။ မင်းထက်နဲ့မိုးသဲကို ကယ်ရမယ်"

"ရွှေရောင်နဲ့ ညီညိုကို သတိရတယ်ဟာ . . သူတို့မျာ



www.burmeseclassic.com

www.burmeseclassic.com



မချိမလှနဲ့ သေရရှာတယ်။ ငါဒိုချင်လာပြီ"

"ဖွန် . . အဲလို မလုပ်ရဘူး၊ ဒီအချိန်မှာ ဝမ်းနည်းမနေနဲ့။ စိတ်ပျော့မနေနဲ့။ တို့ အသက်ရှင်ဖို့ ဆက်ကြိုးစားကြရမယ်။ စိတ်ဓာတ်ကို အားမာန်နဲ့ အားတင်းထား"

"အေးပါ . . ဖြိုးရယ်"

"ကဲ . . တို့ ဝင်ကြမယ်၊ လာ . . ငါ့နောက်က ထပ်ချပ်မကွာ ခြေရာနင်းပြီး လိုက်ခဲ့"

ရောင်နီက ရှေ့ဆုံးက ဝင်၏။ အပေါက်မှာ ဘာအစောင့်မှ မရှိ။ လှသူလေးပါး ကင်းရှင်းနေ၏။ အထဲကို တစ်လှမ်းချင်း လျှောက်ဝင်လာလိုက်၏။ ဂူထဲရောက်လေ၊ ပူလောင်လာလေပင်။ ဂူကြီးက ပြပြင် စီရင်ထားသည့်နှယ်။ အပေါက်ဝတွေ၊ အကာအရံ အထပ်တွေနှင့်။

"အား! . ."

"အမလေး! . ."

"ကယ်တော်မူကြပါ"

"ကြောက်ပါပြီ . . နောက်မလုပ်တော့ပါဘူး"

"နောက် မမိုက်တော့ပါဘူး။ အကုသိုလ်တွေ မလုပ်တော့ပါဘူး၊ တော်ပါတော့။ မခံနိုင်တော့ဘူး။ အောင်မလေးဗျာ . . အား! . . အား! . . အား! . ."

အသံနက်ကြီးတွေ၊ မချိမဆံ့ အော်သံတွေ၊ တောင်းပန်သံတွေ၊ နောင်တရသံတွေ၊ ထိုးခုတ် ရိုက်ပုတ်သံတွေ ပွက်လောညံနေ၏။



www.burmeseclassic.com

www.burmeseclassic.com

# စီညာဉ်ဘုံသားများ



ကျောက်စက်ပန်းဆွဲ၊ ကျောက်စက်မိုးမျှော်တွေ၊ အကာအကွယ်ရှိနေ၍ ရောင်နီတို့ ပုန်းကွယ်ကြည့်ဖို့ နေရာရသွား၏။

"ဒါ . . တကယ် ငရဲပြည်"

"ငရဲကြီး(၈)ထပ်ထဲက ဒုတိယ အထပ်လောက်မှာလား မသိဘူး။ ငါလည်း စာဖတ်ထားတာကြာတော့ မေ့သွားပြီ။ ခန့်မှန်းပြောရတာ ဒုထပ်ငရဲကြီးရဲ့ ဘေးပတ်လည် အရံငရဲငယ် (၄)ခုထဲက ငရဲတစ်ခုပဲ"

"ကြောက်စရာကြီး . . ဘုရား . . ဘုရား"

"အဲဒါကြောင့် အကုသိုလ်အမှု ရှောင်ပါလို့ ရဲဝင်းနဲ့ ဖွန်ကို ငါပြောခဲ့တာပေါ့။ သတ္တဝါ လူချွတ်မှကျွတ်တာ ဆိုပြီး လက်ရဲဇက်ရဲသတ်နေရင် ငရဲကြီးမှာ ခံရလိမ့်မယ်။ ငရဲက လွတ်အောင် ကုသိုလ်ကောင်းမှုတွေ အစွမ်းကုန်လုပ်နေလည်း ဝဋ်ကြွေးကတော့ မနေဘူး။ ကိုယ်သတ်ခဲ့တဲ့အကောင်တွေက ကိုယ့်ကို ပြန်သတ်လိမ့်မယ်"

ဖွန် ကြောက်ဒူး ဆတ်ဆတ်တုန်နေ၏။ ရဲဝင်းလည်း မျက်နှာလေး ဇီးရွက်သာသာ ရှိတော့၏။ ဖြိုးက –

"မုသားမပါ၊ လက်မချော ဆိုပြီး မုသားတွေ မကြာခဏ သည့်ပြောမိတာလည်း အကုသိုလ်ပဲ"

"ဟုတ်တယ် . . သူများ ပစ္စည်းခိုးတာ၊ အရက်သေစာ သောက်စားတာ၊ သူများ သားမယားနဲ့ သားပျို၊ သမီးပျိုတွေကို ပြစ်မှား ကြံစည်တာတွေ . . ဒီငရဲမှာ လာခံကြရမှာပဲ။ ငရဲလွတ်



www.burmeseclassic.com

www.burmeseclassic.com



အောင် ကုသိုလ်တွေ ဖိလုပ်လည်း နောက်ဘဝ၊ နောက်ဘဝတွေ အကုသိုလ် ပြန်လုပ်မိတဲ့အခါ ငရဲပြန်ခံရရင် ပိုအထိနာတယ်"

"ငရဲသက်တမ်းဆိုတာကလည်း အရှည်ကြီး..တကယ့် ကြောက်စရာကြီး။ ဘုရားအလောင်း တေမိမင်းသားဟာ ငရဲက လွတ်ပြီး လူပြန်ဖြစ်လာတော့ ဇာတိဿရဉာဏ် (နောက် လေးဘဝ လောက်ကို ပြန်မြင်နိုင်တဲ့ဉာဏ်)ပါလာလို့ လူ့ပြည်မှာ အမှားလုပ်မိမှာ စိုးတာနဲ့ စကားပြောတတ်လာပေမယ့် စကားမပြောဘဲ တေမိမင်းသားလုပ်ခဲ့တာပေါ့"

ကျန်တဲ့လူတွေ သံဝေဂ ရကုန်ကြ၏။ ငရဲက ပွက်လောရိုက်သံတွေကြောင့် ကျောက်စက်မိုးမျှော်တွေ အနားမှာ ကွယ်ကာပြီး လိုဏ်ကြီးရဲ့အလယ် ကွက်လပ် ကွင်းကျယ်ကြီးကို လှမ်းမျှော်ကြည့်ရှုလိုက်၏။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်ဘုံသားများ

**ဓာတာဃနီ**ကို သွေးပျက်စရာ မြင်ကွင်း။ ကြောင်ပြီး သွေးရူးသွေးတန်း လျှောက်ပြေးချင်စိတ်တွေ ပေါက်သွားမတတ်။ ဒါတောင် ငရဲကြီး(၈)ထပ်မှာ ပါမွှား အရုံငရဲခန်း။

ငရဲသားတွေ လူးလိမ့် အော်ဟစ်နေကြ၏။ ငရဲထိန်းတွေ က နည်းမျိုးစုံနှင့် နှိပ်စက်နေကြ၏။ သား၊ ငါးတန်းထဲမှာ ငါး၊ ကြက်၊ အမဲတွေ ခုတ်ထစ်ခံနေရသလိုပင်။ ဆီပူအိုးထဲ တွန်းချ။

ပူလွန်းလို့ ငယ်သံပါအောင် အော်ဟစ်၊ ပြန်တက်လာ တော့ ခက်ရင်းခွနဲ့ အပေါ်က ဆောင့်ထိုးချ။ မြင်ရက်စရာ မရှိ။ ငရဲခံနေရသော နေရာကနေ ကြောက်ကြောက်နှင့် လှည့်ပတ် သွားလိုက်ရာ နောက်ထပ် ခန်းမကျယ်ကြီးတစ်ခုထဲ ရောက်လာ ပြန်၏။

လူတွေ အများကြီး အတန်းလိုက်တွေ စီရပ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com

# ဓောန်

သူတို့ရှေ့မှာ စင်မြင့်တစ်ခု။ စင်ပေါ်မှာ ယမမင်းကြီးက ခန့်ခန့်ငြားငြား ထိုင်နေ၏။ ငရဲမင်းကြီးက တစ်ယောက်ချင်းစီ စစ်ဆေးနေသည်။ အသံကြီးကလည်း ဟိန်းအောင်လွှန်း၏။ ငရဲထိန်းကြီးတွေ ဘေးနားမှာ အရံသင့်။

"ဟိုမှာ . . ဟိုမှာ"

စစ်ဆေးကွင်းဘေးက လှည့်ပတ်သွားနေသော ငရဲလူသားစစ်သည်တော်တွေက မင်းထက်နဲ့မိုးသဲကို ဖမ်းခေါ်သွားကြ၏။ ဘာမှ တုတ်နှောင်မထား။ နှစ်ယောက်သား ခေါင်းငိုက်စိုက်နဲ့ ပါသွား၏။

ငရဲလူသား ခေါင်းဆောင်ကြီးက အမြင်စူးရှ၏။ အနံ့ခံပြီး ဟိုဟို၊ ဒီဒီလိုက်ကြည့်ရင်း ရောင်နီတို့ ပုန်းကွယ်နေရာကို မသကာ်သလို တွေတွေဆိုင်ကြည့်လာ၏။

"ဟိုလူကြီး လှမ်းကြည့်နေတယ် . . ငါတို့ကို မြင်သွားပြီလား မသိဘူး"

"ဖွန် . . ရှူး . . တိုးတိုး . . အသံမထွက်နဲ့ . . လုံးဝမလှုပ်နဲ့"

ရောင်နီ ပြောလိုက်၏။ လူကြီး ပြန်လှည့်သွား၏။ တစ်ဘက် အခန်းကျယ်ကြီးထဲ ဆက်ဝင်သွားပြန်၏။ သူတို့က ကျောက်စက်၊ ကျောက်တုံးတွေကြားက တောက်လျှောက်သွားပြီး ချောင်းကြည့် မြင်နိုင်၏။

အခြားတစ်ဘက်ခန်းမှာ လူတွေအများကြီး တန်းစီနေပြန်၏။ အစောင့်တွေနှင့် အထိုင်ချထားသော လူကြီးက တံခါး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပေါ် စစ်ဆေးသူကို တက်ခိုင်း၏။ တံတားက လူနှစ်ယောက် သွားလာရုံသာ ကျယ်၏။ လက်ရန်းမရှိ။ ဟိုဘက်ကမ်းမှာ မြူတွေ ဆိုင်းနေ၏။ အလယ်မှာ ကျွန်းပုံစံ မြေကွက်လပ်ကလေး ရှိ၏။ ပေ (၃၀)ပတ်လည်လောက်သာ ကျယ်၏။

အဲဒီပေါ်မှာ –

"ဟာ! . ."

"ဟယ်! . ."

"ဟင်! . ."

သစ်ပင်ကြီးတစ်ပင် အုပ်ဆိုင်း၊ ဖားဝေစွာ ပေါက်ရောက်နေလေသည်။ ဤသစ်ပင်သည်ကား . . ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# Chapter (13)

## မှော်ခြင်းသစ်ပင်

**ညှောင်** ညိုပြင်ကြီးပမာ အရောင်အဝါ တလက်လက် တောက်ပနေ၏။ အရွက်တွေက ထူးခြား၏။ ပင်စည်ကလည်း လုံးပတ် မွတ်စင်၏။

အပင်အောက်ကို လူတစ်ယောက် ရပ်လိုက်သည်နှင့် ထိုလူ၏ဦးခေါင်းမှ အခိုးအငွေ့တွေ ရေးရေး ထွက်ပေါ်လာလေ၏။ သစ်ရွက်တွေက အခိုးအငွေ့တွေ စုပ်ယူထားလိုက်ကြ၏။

အဲဒီလူက ထိုသစ်ပင်ရှိသော ကျွန်းကလေးကနေ တစ်ဘက်တံတားအတိုင်း ကူးသွား၏။ တံတားတစ်ဘက်ကမ်းကို မမြင်ရ။



www.burmeseclassic.com

www.burmeseclassic.com



မြူခိုးတွေ ဝေရီရစ်ဆိုင်းနေ၏။ တံတားအတိုင်း မြူထဲကို လျှောက်ဝင်သွားသကဲ့သို့သာ မြင်လိုက်ရ၏။

"အဲဒါ ဘာတွေလဲ"

"ဘုံငရဲရဲ့ ထွက်ပေါက်လမ်းပဲ"

"ကောင်းတဲ့လမ်းကို ပို့ဆောင်တာ ဖြစ်မယ်။ လူ့ပြည်၊ နတ်ပြည်ကိုပေါ့"

"ဟို သစ်ပင်ကြီးကရော . . ဘာပင်ကြီးလဲ"

"မေ့ခြင်းသစ်ပင်"

"မေ့ခြင်းသစ်ပင် ဆိုတာ ဘာလဲ"

"ဖြစ်ခဲ့တာတွေ အားလုံး မေ့ထားခဲ့တာပေါ့။ သူတို့ ငရဲခံရတယ်။ အဲဒီအဖြစ်တွေကို မေ့ခြင်းသစ်ပင်အောက် ရောက်တာနဲ့ မေ့ထားခဲ့ရတယ်။ နောက်ဘဝကို ယူသွားလို့ မရဘူး။ လူ့ဘုံ၊ နတ်ဘုံသွားရမယ့် လူတွေ၊ အဲဒီသစ်ပင်အောက်မှာ ဝင်ရပ်ပြီးမှ ဟိုဘက် တံတားအတိုင်း ဆက်သွားကြရတယ်"

"ဟိုဘက်ကမ်းကို မမြင်ရဘူး . . နှင်းမြူတွေ ပိန်းပိတ်နေတာပဲ။ ဘာရှိသလဲ မသိဘူးနော်"

"ထွက်ပေါက်လမ်း ရှိမှာပေါ့။ ဟော . . ဟိုးဘက်မှာ ငရဲလူသား ခေါင်းဆောင်ကြီးက မင်းထက်နဲ့ မိုးသံတို့ကို ထားခဲ့ကြပြီ။ ဇကန္တ . . သူတို့နှစ်ယောက်ကို ယမမင်းကြီးထံ ပြသ အစစ်ခံပြီးပြီနဲ့ တူတယ်။ သေနေ့မစေ့သေးလို့ ဒီအခန်းထဲ လာထည့်ထားတာလား မသိဘူး"

ရောင်နီက တွေးတွေးဆဆ ပြောလိုက်၏။ ငရဲထိန်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်က ဆိုင်ရာလူကြီးတွေနှင့် စကားသွားပြောနေ၏။ ရောင်နီ နောက်ကျောကို ချွန်ထက်သော အရာတစ်ခုက ခပ်ရှူးရှူး လာထောက်၏။

"အမေ့! . ."

"အား! . ."

"ဟင်! . . ငရဲထိန်းလူသားတွေ"

"မပြေးနဲ့! . . လာလိုက်ခဲ့စမ်း"

ငရဲလူသား (၁၀)ယောက်က ဓားလှံ၊ မြှားတွေနှင့် ချိန်ရွယ်ပြီး ရောင်နီတို့ လေးယောက်ကို ခေါ်ဆောင်သွား၏။ အခန်းကျယ်ကြီးဘေးက အခန်းလတ်တစ်ခုထဲ ခေါ်ဆောင်ခံလာရ၏။ ငရဲလူသား ခေါင်းဆောင်ကြီးက အသံသြသြဆိုးဆိုးကြီးနှင့်–

"မိလာပြီလား . . ဒီကောင်တွေ အကြောမာတယ်။ ငါလိုက်ဖမ်းနေတာ လွတ်အောင် ပြေးနိုင်သေးတဲ့ကောင်တွေ အခု ဘာတတ်နိုင်သေးလဲ"

ကြောက်လွန်း၍ ဒူးတွေ တဆတ်ဆတ်တုန်နေ၏။

"ဟို နှစ်ယောက်ကိုပါ ခေါ်ခဲ့၊ အားလုံး (၆)ယောက်၊ (၂)ယောက်သေတော့ သူတို့ရောက်လာတာ (၈)ယောက်အုပ်စု၊ ဟုတ်တယ် မဟုတ်လား . . ဟေ့ကောင်"

ရဲဝင်းကို စေ့စေ့ကြည့်ပြီး မေးလိုက်၏။ ငရဲလူသား မျက်နှာကြီးကိုက လန့်သေချင်စရာကြီး။

"ဟုတ် . . ဟုတ်ပါတယ်"

"မင်းတို့ ဘာလာလုပ်တာလဲ၊ ဘယ်လိုလုပ်ပြီး ဒီကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြတာလဲ”

ဘယ်သူမှ မရှင်းပြရဲ။ ရောင်နီက လေသံ တုန်အက်အက်ဖြင့် ရှင်းပြလိုက်၏။ ငရဲလူသား ခေါင်းဆောင်ကြီးက သေသေချာချာ နားထောင်ပြီးမှ –

“ဒါဆို သေစာရင်းထဲ မပါသေးဘဲ ပြိတ္တာဘုံရောက်နေတဲ့သူတွေပေါ့။ ငါကတော့ ပြိတ္တာဘုံမှာ ငရဲခံရမယ့်သူတွေကို ဖမ်းဆီး ခေါ်ဆောင်ပေးတယ်။ ပြိတ္တာဘဝကနေ တိရိစ္ဆာန်ဘုံရောက်တော့မယ့် ကောင်တွေကိုတော့ တစ်ခါထဲ သတ်ဖြတ်ပေးခဲ့တယ်”

“မင်းတို့ကို ဘယ်ပို့ရမှန်းမသိတဲ့ ကောင်တွေမို့လို့ ငါလိုက်ဖမ်းတာ၊ အေး . . မင်းတို့နဲ့ပါလာတဲ့ နှစ်ယောက်ကတော့ သေနေ့စေ့နေပြီ။ အဲဒါကြောင့် သူတို့သွားရမယ့်ဘုံကို တန်းပို့ပေးလိုက်တာပဲ”

“ရှင်! . .”

“ဟင်! . .”

“ညီညီနဲ့ ရွှေရောင်တို့ . . တိ . . တိရိစ္ဆာန်ဘုံ ရောက် . . ရောက် . . အဟင့် ဟင့်”

“လူ့ဘဝမှာ မိဘတွေကို ခံပြောခဲ့တာကိုး။ တိရိစ္ဆာန်တွေအပေါ်မှာလည်း ကြင်နာသနားမှု မရှိခဲ့ဘူး။ အအိပ်ကြီး၊ အစားကြီး၊ မိုန်းမောပြီး ဖိမ်သိပ်ယူကြလို့ အဲဒီဘုံကိုရောက်တာ နင်တို့ထဲမှာလဲ”

ငရဲလူသား ခေါင်းဆောင်ကြီးက ပြောနေဆဲမှာ ငရဲလူသား



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး ရောက်လာပြီး တီးတိုးစကားပြောကာ ခေါ်ဆောင်သွား၍ စကားစပြတ်သွား၏။ ဘေးနားမှာ အစောင့်တွေ တန်းစီစောင့်နေ၏။

မင်းထက်နဲ့ မိုးသဲလည်း အနားရောက်နေပြီ။ လွတ်လမ်းကိုလည်း တွေ့နေပြီ။ စွန့်စားပြီး ထွက်ပြေးလျှင် လွတ်နိုင်၏။ အစောင့်တွေ မကြားနိုင်အောင် ဟန်မပျက်ပုံစံနှင့် –

“ဖြိုး၊ ရဲဝင်း၊ ဖွန်၊ မင်းထက်၊ မိုးသဲ အသင့်ပြင်ထား။ ငါတို့ ထွက်ပြေးကြမယ်။ တို့ထဲမှာ နောက်ထပ် သေရမယ့်လူပါနေတယ်။ အဖြစ်မခံနိုင်ဘူး။ လွတ်လမ်းရှိတယ်။ ဟိုးဘက်က လူတန်းကြီးကို တွေ့လား . . အဲဒီလူတန်းကြီးမှာ ဝင်ရောပြီး တန်းစီရမယ့်”

“မရရင်လည်း အတင်း ဖောက်ထွက်ကြမယ်။ မှော်ခြင်းသစ်ပင်ဆီ ရောက်တဲ့အထိပေါ့။ အခု လောလောဆယ် ထွက်ပြေးရင် အဲဒီကို တန်းမပြေးနဲ့။ အပေါ်ဘက် ကျောက်တုံး၊ ကျောက်ချွန်တွေဆီ တက်ပြေး။ တို့လာခဲ့တဲ့ အခန်းထဲ ကူးကြမယ်”

“ယမမင်းကြီးကို အစစ်ဆေးခံနေတဲ့ လူတန်းတွေက အများကြီး၊ အဲဒီထဲရောဝင်ပြီး ကိုယ်ရောင် ဖျောက်နေကြမယ်။ ငါက ဂူပေါက်ကို အယောင်ပြပြီး ပြေးထွက်မယ်။ ငါ့နောက်သိုက်နေတုန်း မင်းတို့ဝင်ရောပြီး တန်းစီနေ၊ ငါရောက်အောင် ပြန်လာမယ်။ ကြားလား . . မင်းထက်”

“အေး”

“မိုးသဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကြားတယ်"

"ငါ ကြောက်တယ် . . မလုပ်ရဲဘူး ရောင်နီ"

"ဖွန် . . နင် မဖောက်နဲ့။ နင့်မိဘတွေဆီ နင်ပြန်ရောက်ချင်တယ်ဆို၊ ဖြိုး . . ဖွန့်ကို တွဲခေါ်ပြေး"

"စိတ်ချ"

ငရဲလူသား ခေါင်းဆောင်ကြီး အခန်းပြင် ထွက်သွားပြီး အတန်သင့်အကြာမှာ –

"အသင့်ပြင်! . ."

အစောင့်တွေကလည်း အနည်းငယ် ပေါ့လျော့လာ၏။

"ပြေး! . ."

ရောင်နီ အော်ပြီး ရှေ့မှာ ခံနေသော အစောင့်နှစ်ယောက်ကို အားနဲ့ ခုန်ကန် ထိုးကြိတ်ပစ်လိုက်၏။ ရုတ်တရက်မို့ . . အစောင့်တွေလည်း ကြောင်ပြီး ခံလိုက်ရကာ ဖြိုလဲကုန်၏။ ရှုပ်ထွေးသွားပြီ။

အခန်းလတ်ထဲက ရဲဝင်း၊ ဖွန်၊ ဖြိုး၊ မင်းထက်နဲ့ မိုးသဲတို့ထွက်ပြေးကုန်ကြပြီး ရောင်နီက လှံတံကိုထောက်ပြီး ဇွေ့ရမ်းနေ၍ ကျန်တဲ့အစောင့်တွေ ချက်ချင်း ပြေးမလိုက်နိုင်ကြ။

နောက်တော့ အစောင့်တွေက လှံနှင့်ဝိုင်းထိုး၍ ရောင်နီလည်း လှံနဲ့ပစ်ပေါက်ပြီး ထွက်ပြေးရတော့၏။ မျှော်လင့်မထားသောအဖြစ်အပျက်များနှင့် အခြေအနေတွေ ရှုပ်ထွေးကုန်လေပြီ၊

အစောင့်အင်အားမှာ တဖြည်းဖြည်းနှင့် များသထက် များများလာသဖြင့် ရောင်နီက ခုခံရင်းပြေး၊ နောက်ကနေ လိုက်သူ



www.burmeseclassic.com

www.burmeseclassic.com



များကလည်း သဲကြီးမဲကြီး ပြေးလိုက်လာကြ၏ ။ အလစ်အငိုက် ထွက်ပြေးသူများနောက်ကို အားလုံးလိုက်လာကြကုန်ပြီ။

ပြေးသူ (၆)ယောက်၊ လိုက်သူ (၆၀၀)မက။ လိုက်တမ်း၊ ပြေးတမ်းကို ကြောင်နဲ့ကြွက်ပမာ သေရေး၊ ရှင်ရေးအနေဖြင့် ကစားကြရကုန်လေပြီ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# Chapter (14)

## မရဏာမင်း အော်သံ

**ရောင်နီ** ခြေကုန်သုတ်ပြေး၏။ ရဲဝင်းတို့တတွေ ခြေရာ ပျောက်သွားနိုင်၍ တော်သေး၏။ ရောင်နီနောက်ကို အစောင့်တွေ အုပ်စုလိုက်ကြီး ပြေးလိုက်နေပြီ။ ငရဲလူသား ခေါင်းဆောင်ကြီးရဲ့ အော်သံနက်ကြီးကို ကြားလိုက်ရ၏။

"တစ်ယောက်မှ မလွတ်စေနဲ့ . . လိုက်ဖမ်း၊ အသုံးမကျ တဲ့ကောင်တွေ၊ မမိရင် နင်တို့ကို သတ်ပစ်မယ်"

ရောင်နီ ပြေးရင်း၊ လွှားရင်းနှင့် ဝင်ပေါက်နားကို ရောက် သာ၏။ ဝင်ပေါက်ရဲ့ အထက်ဘက်မှာ ပက်ကြားအက်လေးရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



## ဧလာန်

လူတစ်ယောက် နိုဝင်ပုန်းလို့ ရသည်။ ရောင်နီ ကုတ်ကပ် တွယ်တက်ပြီး ပက်ကြားအက်ထဲ ဝင်ပုန်းနေလိုက်သည်။

အစောင့်တွေ အပြင်ကို ပြေးထွက်လိုက်ကုန်၏။ လူအယောက် (၆၀၀)ခန့် ရှိမည်။ အခြားနေရာက အစောင့်တွေပါ ရောပြီး လိုက်ကုန်ကြခြင်းပင်။

နတ်စစ်သည်တွေ ရှိသလို၊ အသူရာစစ်သည်တွေလည်း ရှိ၏။ နတ်ဘီလူးတွေလည်း ရှိ၏။ တစ်ဘက်နဲ့ တစ်ဘက် တိုက်နိုက်ကြတာလည်း ရှိ၏။ ငရဲပြည်မှာလည်း ငရဲထိန်း၊ ငရဲလူသားစစ်သည်တွေ ရှိကြသည်ပင်။

အားလုံး အပြင်အဝေးကို ရောက်သွားမှ ရောင်နီ ဆင်းလာပြီး အထဲကို အကွယ်အကာတွေ ကြားထဲကနေ ပြန်ဝင်လာလိုက်၏။ အပြင်ဘက်မှာ ညာသံပေးပြီး လိုက်နေကြဆဲ။

ယမမင်းကြီး စစ်ဆေးခံရာမှာ လူအုပ်တန်းထဲမှာ ရဲဝင်းတို့တတွေကို တွေ့ရ၏။ ရောင်နီ အသာဝင်ပြီး တန်းစီလိုက်၏။ စစ်ရေးအခမ်းအနားလို လူတန်းစုတွေ အများကြီးခွဲထား၏။

တစ်ယောက်ပြီး တစ်ယောက် အစစ်ဆေးခံနေကြရ၏။ ယမမင်း (ခ) မရဏမင်းကြီးရဲ့ အသံက အောင်မြင် ထည်ဝါလွန်း၏။ အစစ်ဆေးခံရာမှာ လိမ်ညာပြော၍ မရ။ အမှန်အတိုင်း ထွက်ဆိုရသည်ချည်းပင်။ ရောင်နီတို့ သိကျွမ်းခဲ့ဖူးသူ သေဆုံးပြီးသွားသော လူကြီးတွေလည်း ပါ၏။

"မိရွှေစောင်း"

"ကျွန်မပါရှင့်"



www.burmeseclassic.com

www.burmeseclassic.com





"ဘာကောင်းမှု လုပ်ခဲ့သလဲ"

"နေ့တိုင်း အလှူခံထည့်ပါတယ်"

"မကောင်းမှု ဘာကျူးလွန်ခဲ့လဲ"

"အိမ်ထောင်ရေး ဖောက်ပြန်မိပါတယ်"

"ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာ သွား . . သူ့ အပြစ်ဒဏ်ခံရမယ့် ငရဲကို ပို့လိုက်"

ငရဲထိန်းတွေက ဆွဲခေါ်သွား၏။

"အောင်ဝင်း"

"ရှိပါတယ် ခင်ဗျ"

"လူ့ဘဝတုန်းက ဘာကောင်းမှု လုပ်ခဲ့သလဲ"

"အလှူခံ ထည့်ပါတယ်။ မွေးရုံမှာ ဆွမ်းလောင်းပါတယ်။ သာရေး၊ နာရေးဆိုရင် ကျွန်တော်ဝယ်ထားတဲ့ ကားနဲ့ အလကား လိုက်အော်လှည့်ပေးပါတယ်"

"ဘာ မကောင်းမှုလုပ်ခဲ့သလဲ"

"ကျွန်တော် ရပ်ကွက်လူကြီးလုပ်တုန်းက အများအတွက် ငွေတွေကို သုံးခဲ့မိပါတယ်။ သူများသမီးပျိုကို မယားငယ်ထားခဲ့မိပါတယ်။ မရှိတဲ့လူတွေအပေါ်မှာ မောက်မာ စော်ကားခဲ့မိပါတယ်။ ဆိုင်ကြီးဖွင့်ထားတာ မတရား အမြတ်ကြီးစားခဲ့ပါတယ်"

"တောက်! . . ဒီလောက်နဲ့တင် မင်းအကုသိုလ်က ပိုကြီးနေပြီ။ သူနဲ့ထိုက်တန်တဲ့ ငရဲကို ခေါ်သွားကြစမ်းဟေ့"

ယမဒေါ၊ ယမနေဆိုသော . . ငရဲထိန်းကြီးတွေက အောင်ဝင်းကို ဆွဲခေါ်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



## ဧကောင်

"ဖော်ဖော်ဦး"

"ကျွန်တော်ပါ ခင်ဗျ"

"မင်းက ဘာအလုပ်လုပ်ခဲ့လဲ"

"အုပ်ချုပ်ရေးမှူးပါ"

"ကောင်းတာ ဘာလုပ်လဲ"

"နိုင်ငံတော်ကချပေးတဲ့ ငွေနဲ့ လမ်းခင်းပေးပါတယ်"

"မကောင်းတာရော ဘာလုပ်လဲ"

"ကျောက်ပြားတစ်ချပ်စာ ခင်းပြီး ပိုတဲ့ငွေအားလုံး လာဘ်စားပါတယ်။ အရက်သောက်ပါတယ်။ သူငယ်ကြီး ကြည်ဝင်းနဲ့အတူ ပြည့်တန်ဆာပျော်ပါးပါတယ်"

"လုံလောက်ပြီ၊ သွား . . ငရဲပြည်"

"နောက်တစ်ယောက်၊ နောက်တစ်ယောက်နဲ့ . . စစ်ဆေးလာလိုက်တာ လူ့ပြည်၊ နတ်ပြည် ပို့နိုင်လောက်တဲ့သူမျိုးလည်း ပေါ် မလာသေးပါလား . . ဟူး"

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်ဘုံသားများ

**မရဏ** မင်းကြီး စိတ်ပျက်လက်ပျက် ဖြစ်နေ၏။ ငရဲသားသား ခေါင်းဆောင်ကြီး အပြင်လိုက်သွားရာက လူအယောက် (၅၀)နှင့် ပြန်ရောက်လာသည်။ တန်းစီနေသော လူတန်းတွေကြားထဲကို စေ့စေ့စပ်စပ် လိုက်ကြည့်နေ၏။

အပြင်မှာ ထွက်ပြေးသော ခြေရာ၊ လက်ရာ မတွေ့၍ လူ (၅၀)လောက်နှင့် ပြန်ဆုတ်လာခြင်း ဖြစ်မည်။ ကျန်တဲ့အဖွဲ့တွေကို အပြင်မှာ ဆက်ရှာခိုင်းထားပုံပေါ်၏။

မိုးသဲ၊ မင်းထက်၊ ဇွန်၊ ရဲဝင်းတို့ကို မိသွား၏။ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်၏။ ရောင်နီက ဖြိုးရှိရာပြေးကပ်သွားပြီး အကွယ်ဆောင့်အမှောင်မှာ အသာပြေးကပ်နေလိုက်၏။ မရဏမင်းကြီး ထအော်လေပြီ။

"ဟိတ်! . . ဘာဖြစ်နေတာလဲကွ"

"အရှင် . . တရားခံတွေ လိုက်ဖမ်းနေတာပါ။ တန်းစီတဲ့



www.burmeseclassic.com

www.burmeseclassic.com



အထဲ ဝင်ပုန်းနေကြလို့ပါ”

“ငါ့ရေ့မှာ ရှုပ်ရှုပ်ယှက်ယှက်တွေ လာမလုပ်နဲ့။ မင်းနဲ့ သက်ဆိုင်တာဆို ခေါ်သွား၊ ငါနဲ့ သက်ဆိုင်တာဆို ထားခဲ့ . . ဒါပဲ”

“အမိန့်တော်အတိုင်း နာခံပါ့မယ်အရှင်”

ငရဲလူသားခေါင်းဆောင်ကြီးက ဦးညွှတ် အရိုအသေ ပြုပြီး ဖမ်းမိသော (၄)ယောက်ကို ဆွဲထုတ်ခေါ်သွားခိုင်း၏။ သူ ကိုယ်တိုင်က လူတွေ တန်းစီနေသည့်ကြားထဲ အသံတိတ်ဖြင့် ဆက်လက်လိုက်ရှာနေလေသည်။ ရောင်နီနဲ့ ဖြိုးခများ အမှောင်ရိပ်ကျသော ကျောက်နံရံမှာ ကျောချင်းကပ်ပြီး အသက်ပင် ရဲရဲမရှူရဲကြတော့၊

□ □ □



www.burmeseclassic.com

www.burmeseclassic.com





# Chapter (15)

## ဖမ်း . . မိ . . မ . . လား

မင်း ဘာလုပ်နေတာလဲ ဂုမ္ဘာန်ကြီး"

ကျွန်တော်မျိုးနဲ့ သက်ဆိုင်တဲ့ တရားခံ(၂)ဦး လွတ်နေတယ်။ ဒီထဲမှာရှိနေလို့ လိုက်ရှာနေတာပါ အရှင်"

"တယ်လဲ ရှုပ်ပေတာပဲ . . မြန်မြန်ရှာ၊ မြန်မြန်ထွက်"

"အမိန့်တော်အတိုင်း ဆောင်ပါ့မယ် အရှင်"

ငရဲလူသား ခေါင်းဆောင်ကြီးရဲ့အမည်က ဂုမ္ဘာန်တဲ့။ သကွ၊ ဂုန်မ္ဘာန်မျိုးနွယ်စုထဲက ဖြစ်မည်။ ရောင်နီနဲ့ဖြိုးတို့ ဆက်ဒုန်းနေလို့ မရတော့။ ဂုန်မ္ဘာန်ကြီး ဒီဘက်ကိုလာနေပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



# ဧကောင်

"ပြေး! . . ဖြိုး"

ဆတ်ခနဲခွာပြီး ဖြိုးလက်ကိုဆွဲကာ ထွက်ပြေးကြ၏။

"အစောင့်တွေ လိုက်ကြစမ်း . . ဟိုဘက်မှာ ထွက်ပြေးနေပြီ။ မိအောင်ဖမ်းကြ၊ မလွတ်စေနဲ့"

နောက်က စုပြုလိုက်လာ၏။ ရှေ့က အစောင့်နှစ်ယောက်က လှံနဲ့ကာပြီး ပိတ်ထားပြီ။

"ကျား! . ."

ရောင်နီ ခုန်ကန် ပစ်ဝင်လုံချပစ်လိုက်၏။ ဖြိုးလက်ကိုဆွဲပြီး ဆက်ပြေးပြန်၏။ ထွက်ပေါက် ရှိရာလမ်းကို။ ထွက်ပေါက်ဆီ လှမ်းနေသည့် လှုတန်းကြီးနောက်ဘက်နားမှာ ဖမ်းခေါ်သွားနေသော ရဲဝင်းတို့ကို တွေ့ရ၏။

အစောင့်တွေကို တွန်းထိုးတိုက်ခိုက်ပြီး –

"ပြေး . . အားလုံး ပြေးကြ . . ဖြိုးနောက်ကို ပြေးလိုက်ကြ။ ဖြိုး မေ့ခြင်းသစ်ပင်ဆီ ရောက်အောင်ပြေး"

ဖြိုးလည်း ရှေ့ဆုံးကလမ်းပြအဖြစ် အားကုန်သွန် ပြေး၏။ နောက်က ဖွန်နှင့်မိုးသဲတို့ လိုက်လာကြ၏။ မင်းထက်လည်း ပါလာ၏။ ရဲဝင်းနဲ့ရောင်နီတို့ ဓားကိုင်၊ လှံကိုင်တွေနှင့် ခုခံတိုက်ခိုက်နေကြသည်။

"ဖမ်းစမ်း! . . အသေရရ၊ အရှင်ရရ မိအောင်ဖမ်းစမ်း"

"ရှင်"

"ချလွှမ်း"

"ဗွိ"



www.burmeseclassic.com

www.burmeseclassic.com



"အား! . ."

"ရှပ်"

"အီး! . ."

ရဲဝင်းကိုထိသလို အစောင့် (၄)ယောက်လဲပြီး နောက်လှန်ကုန်၏။ ရောင်နီက ကိုယ်လုံပညာတတ်၍ ခံနိုင်သေး၏။ တံတားမှာ ပိတ်ခံနေသောအစောင့်တွေကို ရောင်နီက လမ်းရှင်းပြီး ထိုးခုတ်နေရ၏။ ရဲဝင်းတစ်ယောက် အစောင့်အယောက် (၂၀)လောက် စစ်ထိုးသလို ထိုးသောလှံချက်တွေ ခန္ဓာကိုယ်အနှံ့ စိုက်စွဲပြီး လှံဆွဲမရာ ခန္ဓာကိုယ်ကြီး မြောက်ပါသွား၏။

"ရဲဝင်း . . ဟာ! . ."

"အား! . . အမလေး . . ကိုရဲ . . ကိုရဲ သေပါပြီ"

ဖွန်က မေ့ခြင်းသစ်ပင်ဆီကူးသော တံတားမှ နောက်ပြန်လှည့်လာ၏။ ဂုမ္ဘာန်က မြားသမားထံမှ မြားဆွဲယူပြီး ဖွန်ကို ပစ်ချလိုက်၏။

"ဝှစ်"

"စုပ်"

"အင့်! . ."

ချက်ကောင်းထိပြီး ဖွန် ချောက်နက်ထဲကို ပစ်၍ ကျသွား၏။

"ဖွန်! . . ဖွန်"

"မိုးသဲ . . လာ . . ဖွန်မရတော့ဘူး"

ဂုမ္ဘာန်က နောက်ထပ်မြားနှင့် ထပ်ပစ်၏။ မိုးသဲ ပစ်မှတ်။



www.burmeseclassic.com

www.burmeseclassic.com

## ဧဗထောင်

မင်းထက်က မိုးသဲရှေ့က ပိတ်ခံလိုက်၏။

"ဝှစ် . . ရွပ်"

"အား! . ."

"ဟင်! . . ကိုထက် . . ကိုထက် အဟင့် . . ဟင့်"

"မိုး . . သဲ . . ပြေး . . ပြေး"

မိုးသဲ မပြေး။ မင်းထက်ကို ပြေးဖက်ထား၏။ တံတား ပေါက်မှာ ရှင်းသွား၍ ရောင်နီပြေးတက်သွား၏။ မိုးသဲတို့စုံတွဲ ပိတ်ခံနေ၏။

"မင်းထက်"

"ကိုထက်! . . သေပြီ၊ လုပ်ပါဦး ရောင်နီ"

"ဝှစ် . . ထန်"

ဂုမ္ဘာန်ရဲ့ မြွားချက်ကို ဓားနှင့်ပစ်ခံလိုက်၏။ ဓားရော မြွားတံပါ ချောက်ထဲကျသွား၏။

"ကိုထက် မရတော့ဘူး။ မိုးသဲ ပြေးတော့"

"ဟင့်အင်း . . မပြေးဘူး။ ကိုထက်ကို ထားမသွားနိုင် ဘူး။ သေရင် အတူသေမယ် . . အဟင့် . . ဟင့် . . အီး . . ဟီး ဟီး ဟီး ကိုထက်ရေ"

"ဟာ . . အကုန်သေကုန်တော့မှာပဲ"

ရောင်နီက သူတို့ (၂)ဦးကို မနည်းလွတ်အောင် ရှောင်ပြီး တစ်ဘက်ကို ကူးသွား၏။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်ဘုံသားများ

ဖြိုး . . မှေခြင်း သစ်ပင်အောက်ကို မဝင်မိစေနဲ့။ ဘေား
ဘာ အသာလေး ထိန်းပြီးသွား . . ချောက်ထဲ ချော်မကျမိအောင်
ခန္ဓာကိုယ်ကို ထိန်းပြီးသွား"

ရောင်နီ လှမ်းအော်ပြောလိုက်၏။ ဖြိုးက ရောင်နီ
ကားကို နားထောင်ပြီး မှေခြင်းသစ်ပင်ရဲ့ အရိပ်အောက်ကို မဝင်
မိအောင် ကွေ့ပတ်ရှောင်သွား၏။ ချောက်ကမ်းပါးဘေးအတိုင်း
ခန္ဓာကိုယ် ဟန်ချက်ညီညီ ထိန်းပြီးသွားနေဆဲ။

ရောင်နီက –

"မိုးသဲ . . လာ . . လာ . . လာ မင်းထက်ကို ထားခဲ့
တော့၊ လာ . . ဟိုမှာ ဂုမ္ဘန်ကြီး ဓားထုတ်ကိုင်ပြီး လာနေပြီ။ နင့်
ကို ခုတ်သတ်လိမ့်မယ်"

"မလိုက်ဘူး . . ကိုထက်နဲ့ အတူနေမယ်။ ကိုထက်နဲ့
အတူ သေရဲတယ် . . အီး . . ဟီး . . ဟီး . . ဟီး"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လို့ မရတော့။ ရောင်နီမှာလည်း ဘာလက်နက်မှ မရှိ။ ဂုမ္ဘာန်ကြီးက မြွှားကိုလွှယ်ပြီး ဧရာမဓားကြီးကိုင်ကာ ကပ်လာနေပြီ။ ရောင်နီ မေ့ခြင်းသစ်ပင်ရှိသော မြေပေါ် ခြေချလိုက်၏။ ဖြိုးက လွတ်သွားပြီ။ ရောင်နီလည်း မေ့ခြင်းသစ်ပင်ရိပ်အောက်မရောက်အောင် သတိထားပြီး ဖြည်းဖြည်းချင်းသွားရပြီ။

ခြေတစ်ဖဝါးစာသောရှိသော ချောက်ကမ်းပါးဘေးကို လှမ်းလျှောက်နေရ၏။

"အမလေး! . ."

"ရွှပ်"

"အား! . ."

ဖြိုးရဲ့ လန့်စရာမြင်၍အော်သံ။ ဓားခုတ်သံ။ မိုးသဲရဲ့ ငယ်သံပါအောင် အော်သံတွေကြောင့် တံတားပေါ်ကို လှည့်ကြည့်လိုက်၏။ ပူးတွဲရပ်နေသော မင်းထက်နဲ့ မိုးသဲတို့ကို ဂုမ္ဘာန်ကြီးက ဧရာမဓားကြီးနဲ့ ခါးလယ်က ပိုင်းချလိုက်ပြီ။

"ဟာ! . ."

"ဘုရား . . ဘုရား . . ရောင်နီ"

ဖြိုးအော်သံကြောင့် ခြေချော်ကျမလို ဖြစ်သွားတာကို ပြန်ထိန်းလိုက်ရ၏။ ဘုရားကိုလည်း အမှတ်ရသွား၏။

"ဗုဒ္ဓံသရဏံ ဂစ္ဆာမိ"

"ဓမ္မံသရဏံ ဂစ္ဆာမိ"

"သံဃံသရဏံ ဂစ္ဆာမိ"

သရဏဂုံသုံးပါးကို ရွတ်ဆိုပြီး ဘုရားကို အာရုံပြုကာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်တံတားပေါ် ရောက်အောင် ဖတ် ဖတ် ဖတ် ဖတ် ဖတ်ခနဲ ပြေးတက်သွားလိုက်၏။

ဘုရား၊ တရား၊ ဂုဏ်ကျေးဇူးတော်ကား အလွန်တရာ အကျိုးပေး ကြီးမားပါပေ၏။ လွတ်မြောက်သွားပြီ။ လွတ်လမ်း ဘံတားပေါ် ရောက်ပြီ။ ဖြိုးလက်ကိုလည်း ဆုပ်ကိုင်မိပြီ။ မြူနှင်း ဝိန်းပိတ်ထဲကို ပြေးဝင်သွားရုံပင်။

ထိုစဉ်မှာပင် တော်လဲသံကြီးကို ထိတ်လန့် ကျောချမ်းဖွယ် ရာ ကြားလိုက်ရလေတော့၏။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# Chapter (16)

## ပြန်ရောက်လာသော သေခြင်းများ

**ရဲဝင်း** သတိလစ်နေရာက ခန္ဓာကိုယ်ကြီး ကော့တက်ပြီး ခုတင်အခင်းနှင့် သုံး၊ လေးခါရိုက်ကာ တွန့်လိမ်ပြီး အသက်ထွက်သွား၏။

"သား . . သားလေး . . လုပ်ပါဦး ယောကျ်ားရဲ့"

မိဘတွေက အတင်းဝင်ချုပ်ထားသော်လည်း အသက်မမှီတော့။ ဖွန်မိဘတွေက အရင် အော်ငိုနေပြီ။ ဖွန်က 'အား! . . 'ခနဲ တစ်လုံးသာ ထအော်ပြီး ငြိမ်သက်သွား၏။ ဆရာဝန်က စမ်းသပ်စစ်ဆေးပြီး ခေါင်းခါပြလိုက်တာနဲ့ ငိုလိုက်ကြတာ ဝက်ဝက်ကွဲ



www.burmeseclassic.com

www.burmeseclassic.com



# ဆောင်

"မိဘစကားကို နားမထောင်တော့ ဖြစ်ပြီပေါ့ . . သား ရယ်"

မိဘတွေ မချတင်ကဲ ကြိတ်ငိုကြ၏။ ရဲဝင်းနဲ့ ဖွန်လည်း ဆုံးသွားလေပြီ။ မင်းထက်နဲ့ မိုးသဲရဲ့မိဘတွေ ရူတ်ရတ်သဲသဲ ဖြစ်ကုန်၏။ လူးလွန့်လူးရှားပြီး မင်းထက်က အရင် အသက် ထွက်သွား၏။ မိုးသဲက တအောင့်အကြာမှ 'အား! . . ခနဲ'အော် ပြီး အသက်ထွက်သွား၏။

မိဘတွေ ကျုံကျုံပါအောင် အော်ငိုကြွေးကုန်၏။ ရောင် နီနဲ့ ဖြိုးတို့မိဘတွေဆိုတာ နေစရာမရှိတော့။

"ငါတို့သမီးလေး ဖြိုး လိမ္မာပါတယ်ကွာ . . ဘုရား၊ တရား လည်း မမေ့ဘူး။ သူမသေပါဘူး"

"တို့သားလေးက ဘာသာရေး ရှိသေကိုင်းရှိုင်းပါတယ်။ မိဘတွေအပေါ် ပြန်အော်၊ ပြန်ငေါက်တာတောင် မရှိပါဘူး။ မသေ ဘူးလို့ ငါယုံတယ်။ ငါတို့ ဘုရားအာရုံပြုပြီး နေကြရအောင်ပါ"

ရောင်နီနဲ့ ဖြိုးတို့ရဲ့မိဘတွေ တစ်ဦးကိုတစ်ဦး ကြိတ်ပြီး အားပေးနေကြသည်။ သေဆုံးသွားသော ရဲဝင်း၊ ဖွန်၊ မင်းထက်၊ မိုးသဲတို့ရဲ့ အလောင်းတွေကို တွန်းလှည်းနှင့် တွန်းယူသွားလေပြီ။

အအေးတိုက်ထဲ သွင်းထားကြမည်လေ။ အသုဘချတဲ့နေ့ ကြမှ အလောင်းတွေ ပြန်ထုတ်ပေးလိမ့်မည်။ လူ(၈)ယောက်ရဲ့ ဆွေ မျိုးတွေကလည်း အုံးအုံးကြွပ်ကြွပ် ရောက်နေကြပြီ။

ဆွေမျိုးအင်အား တောင့်တင်းသော မိသားစုတွေမို့ ဆေးရုံ မှာ မစည်ကားစဖူး အထူးစည်ကားနေတော့၏။ ညီညိုနှင့် ရွှေရောင်



www.burmeseclassic.com

www.burmeseclassic.com



တို့ရဲ့ အသုဘကို မနက်ဖြန်ချရမှာပင်။ သို့ပြား နောက်မှသေသော မသာ (၄)လောင်းရှိနေ၍ ဒီမသာတွေ အရင်ချပြီးမှ အရင်သေတဲ့ မသာ နောက်မှချရတော့မည်။

ကားမှောက်သည့်အထဲမှာ လူ (၆)ယောက်သေပြီ။ လူ(၂) ယောက် မသေသေး။ သတင်း၊ ဂျာနယ်တွေကလည်း သတင်းလာယူပြီး သတင်းဖော်ပြပေးနေကြ၏။ ထိုင်းနိုင်ငံ၊ လိပ်ကျွန်း လူသတ်မှုကဲ့သို့ ပြည်သူတွေ စိတ်ဝင်တစား စောင့်ဖတ်ရသော သတင်းတစ်ပုဒ်ဖြစ်နေလေပြီ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com





# Chapter (17)

## ဓာတ်တူသား စားကြသူများ

ရောင်နီ . . ရောင်နီရေ"

"ဖြိုး . . မောင် ဒီနားမှာ"

"လုပ်ပါဦး . . ဘာမှလည်း မမြင်ရတော့ဘူး။ မြူတွေက ပိန်းပိတ်နေတာပဲ။ ကိုယ့်လက်တောင် ကိုယ် ပြန်မမြင်ရတော့ဘူး။ ဖြိုး . . ကြောက်တယ်၊ ဖြိုးကို အမြန်လာခေါ်ပါ ရောင်နီရယ်"

"မကြောက်နဲ့ . . ဖြိုး၊ မောင် လာခေါ်မယ်။ အဲဒီနားမှာ ရပ်နေ၊ ဒါ လောကတစ်ခုရဲ့ လှည့်စားမှုသက်သက်ပါ။ မောင်လာပြီ"

"တောက်! . . ကွာ၊ အရေးထဲ နှယ်ပင်တွေက ခြေထောက်



www.burmeseclassic.com

www.burmeseclassic.com



ကို လာငြိနေသေးတယ်"

"အဟင့် .. ဟင့် ဖြိုး ကြောက်တယ်၊ သူငယ်ချင်းတွေလည်း မရှိကြတော့ဘူး။ သူတို့တွေ သေကုန်ကြပြီ။ ဖြိုးတို့လည်း သူတို့လို လိုက်သေရတော့မယ်နဲ့ တူတယ်။ ဖြိုး မသေချင်သေးဘူး၊ အိမ်ပြန်ချင်တယ်၊ ဖေဖေနဲ့မေမေ့ကိုလည်း တွေ့ချင်တယ်"

"စိတ်တင်းထား .. အားမာန်မလျှော့နဲ့၊ ကိုယ် ကတိပေးတယ်။ ဖြိုးကို အိမ်ပြန်ရောက်အောင် ပို့ပေးမယ်။ ဖြိုး မသေစေရဘူး"

"ရောင်နီကရော"

"မောင်လည်း မသေစေရဘူး။ ဖြိုးနဲ့ မောင်နဲ့ ဘယ်တော့မှ မကွဲကွာစေရဘူး။ ဖြိုးနဲ့မောင် ရာသက်ပန် ပေါင်းကြရမယ့်သူတွေပေ။ အဲဒါကို ဖြိုးခေါင်းထဲမှာ စွဲမှတ်ထားနော်၊ ရပြီ .. မောင်လာလို့ရပြီ .. နွယ်ရှင်တွေကို ရှင်းပစ်လိုက်ပြီ"

ထိုစဉ်မှာပင် ဖြိုးထံမှ စူးစူးဝါးဝါး အော်ဟစ်လိုက်သံကြီးကို ကြားလိုက်ရ၏။

"အား! .."

"ဖြိုး .. ဖြိုး"

ရောင်နီပြေးသွားပြီး လက်နှင့်တွေ့ရမ်းကာ လိုက်စမ်းရှာမိ၏။

"ဖြိုး .. ဘယ်မှာလဲ၊ ဖြိုး .. ဖြိုး"

"ရောင်နီရေ .. ကယ်ပါဦး၊ ဖြိုးကို .. အဟင့် .. ဟင့် ဟီး ဟီး ဟီး"

"ဖြိုး .. ဘာဖြစ်လို့လဲ၊ ဖြိုးကို ဘယ်သူ ဘာလုပ်နေတာလဲ မောင်လာပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



# ဧဘာင်

အသံကြားရာရောက်သွားလေ၊ အသံကဝေးရာကို ဆုတ်သွားလေပင်။ မျက်လုံးကို အဝတ်စည်းခံထားရသလိုပင်၊ ဘာဆိုဘာမှ မမြင်ရ။

"အမလေး . . သေပါပြီ"

"ဟင်! . . ဖြိုး . . ဖြိုး"

"အ . . အား . . ရောင်နီရေ၊ ဘာကောင်ကြီးမှန်း မသိဘူး၊ ဖြိုးရဲ့လက်ကို ဆုပ်ဆွဲထားတယ်။ ဖြိုးရဲ့ဆံပင်တွေကိုလည်း ဆောင့်ဆွဲထားတယ်။ အမွေးကြမ်းကြီးတွေနဲ့ ကြောက်စရာကြီး . . အီး ဟီး ဟီး၊ ဖြိုး နာတယ် . . ဖြိုး ကြောက်တယ်။ အမေရေ ကယ်ပါဦး"

"ဖြိုး ဘုရားစာရွတ်လိုက်၊ ရတဲ့ဘုရားစာ ရွတ်လိုက် . . မောင်လာနေပြီ"

ရောင်နီ ဒရောသောပါး ပြေးသွား၏။ အသံထွက်ပေါ်ရာနေရာကို ရောက်တော့ လက်နဲ့လိုက်စမ်းကြည့်လည်း ဘာကိုမှ မဖမ်းမိ။ လေထုထဲမှာသာ လက်တွေဝေ့ဝဲနေ၏။

"မောင်ရေ . . အား! . ."

"ဟင်! . . ဖြိုး"

ဘေးနားက အသံထွက်ပေါ်လာ၍ ဆတ်ခနဲ ဖမ်းဆွဲလိုက်သောအခါ ဖြိုးရဲ့လက်ကလေးတစ်ဘက်ကို ဆုပ်ကိုင်ဆွဲမိသွား၏။ ဖြိုးကို တစ်စုံတစ်ယောက် အားကြီးအင်ကြီးနှင့် ဆောင့်ဆွဲခေါ်နေ၏။

ရောင်နီလည်း အလိုက်သင့် လျှော့ပေးသလိုလုပ်ပြီး ဖြိုးရဲ့ ခန္ဓာကိုယ်လေးကို သိုင်းဖက်ကာ ဖြိုးရဲ့ အဆွဲခံထားရသော လက်ကောက်ဝတ်ဆီ ဖမ်းဆုပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

# ဗိညာဉ်ဘုံသားများ



အဖုအထစ်တွေ၊ အမွေးကြမ်း ထိုးထိုးထောင်ထောင်တွေနှင့် အကောင်ကြီးတစ်ကောင်ရဲ့ ရောမ လက်တုတ်တုတ်ခဲခဲကြီးကို သွားကိုင်မိ၏။

"မောင် . . လုပ်ပါဦး၊ အီး ဟီး ဟီး"

"မကြောက်နဲ့ ဖြိုး၊ မောင်ရောက်ပြီ။ ဟော့ကောင်ကြီး . . လွှတ်စမ်း၊ ဟာ . . ကဲကွာ"

လက်နှစ်ဘက် မအားရ၍ ရောင်နီလည်း ပါးစပ်ဖြင့် ထိုလက်ကြီးကို ပိတ်ကိုက်ပစ်လိုက်၏။ သင်းခွေချုပ်အရေခွံကြီးကို ကိုက်လိုက်သလိုပင်။ ကြမ်းကြမ်းရှူးရှူးကြီးကြီး။

အသားပြတ်အောင် ဖိကိုက်လေ၊ အပုပ်နံ့ကြီး ထောင်းထောင်းထွက်လာလေပင်။ အော်ဂလီဆန်ပြီး အန်ချင်လာ၍ ပါးစပ်ထဲပြတ်ပါလာသော အသားတစ်တုံးကို -

"ထွီ . . ဝေါ့ . . အော့"

အကောင်ကြီးက နှာမှုတ်သံကြီးလို ရှူးသံပြင်းပြင်းပေးပြီး ဖြိုးလက်ကို လွှတ်ပေးလိုက်၏။ ရောင်နီနှင့် ဖြိုးတို့ အားရပါးရ သိုင်းဖက်ထားမိလိုက်ပြီ။ ရှိုက်ကြီးတငင် ကြောက်လန့်ပြီး အသားတုန်အောင်ငိုနေသော ဖြိုးကို ကျောသပ်၊ ဆံပင်သပ်ပြီး ချော့မော့နှစ်သိမ့်ပေးနေလိုက်ရသည်။

"ဘုတ်"

"အင့်"

ရောင်နီ ကျောပြင်ကို လက်ကြမ်းကြီးနှင့် လာပုတ်ရိုက်၏။ ရောင်နီ ကျောထဲအောင့်တက်သွား၏။ ဖြိုးလက်ကိုသာ ကိုင်ပြီး မြို



www.burmeseclassic.com

www.burmeseclassic.com



ထုထဲကို ထိုးရိုက်ကန်ကျောက်ပစ်လိုက်၏။

"မောင် . . ဘာဖြစ်လို့လဲ၊ ဘာကောင်ကြီးလဲ"

"ဒီနားမှာ ကြာကြာ မနေသင့်တော့ဘူး။ လာ . . ပြေးရအောင် ဖြိုး"

ဖြိုးလက်ကို ဆုပ်ဆွဲပြီး ရောင်နီရေ့က ပြေး၏။ ကွင်းပြင်ကြီးလို ဖြစ်နေ၏။ ဘာနဲ့မှ တိုက်မိခြင်းမရှိ။ နင်းနေရသော မြေကြီးက တဖြည်းဖြည်းနဲ့ ပျော့အိလာ၏။ ရှေ့ဆက် မပြေးရဲတော့။

"မောင် ဘာဖြစ်လို့လဲ"

"ရှေ့မှာ နွံအိုင်၊ ဒါမှမဟုတ် ရေတွေ ရှိလိမ့်မယ်။ ဖြိုး . . ကြည့်စမ်း . . မြူထုက အမှောင်ပြောင်းသွားပြီ။ ပိန်းထူနေတာပဲ"

"အင်းနော် . . မှောင်တာမှ ဟုတ်ရဲ့လား။ ဖြိုးတို့ မျက်လုံးတွေ ကွယ်ကုန်ကြတာလား၊ ဖြိုး အသက်ရှူရတာ မွန်းကျပ်လာပြီ"

"လာ . . လေးဆယ့်ငါး ဒီဂရီစောင်းပြီး ပြေးကြည့်ရအောင် ဒီနေရာမှာ အန္တရာယ်ပေါ်တယ်"

ပြောနေရင်းမှာ ဖြိုးရဲ့လက်ကလေးကို ဆောင့်ဆွဲခေါ်သွား၏။ ရောင်နီလက်ထဲက လွတ်ထွက်သွား၏။

"ဖြိုး . . ဖြိုး"

"ရောင်နီ . . ရောင်နီရေ"

အဝေးကိုရောက်သလို တိုးကွယ်ပျောက်သွား၏။ အသံနောက်ကိုပြေးလိုက်ရင်း ရောင်နီ့ခများ အရှူးမီးပိုင်းသောကရောက်ရလေပြီ။

"ဖြိုး . . ဖြိုးရေ . . မင်းကို ဘယ်သူခေါ်သွားတာလဲ၊ ပြော . .



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဆိုးဝါးကြီး သတ္တိရှိရင်ပေါ်တင်ထွက်ခဲ့ . . မင်းရဲ့ ကမ္မဖိန္ဒြ ဘန်ခိုးတွေနဲ့ အမျိုးမျိုးဖန်ဆင်းပြီး လှည့်စားမနေနဲ့၊ ငါ့ရဲ့ ဖြိုးသာ တစ်ခုခုဖြစ်လို့ကတော့ အရှင်မထားဘူး။ အရည်ကျိုပစ်မယ်"

ရောင်နီ ဒေါသထွက်ထွက်နှင့် အော်ဟစ်ကြိမ်းမောင်းပြီး အမှောင်ထုထဲမှာ လိုက်လံကန်ကျောက် ထိုးကြိတ်ပစ်၏။ လေကို သာထိုးမိ၏။

ဖြိုး ပျောက်သွားပြီ။ အမှောင်ထုကြီးထဲမှာ ဘယ်လိုက်ရှာ ရမှန်း မသိတော့။ လူမော၊ စိတ်မောဆိုရာ၌ ရောင်နီ့ခမျာ စိတ်မော ဘာကြီးက ပိုဆိုးနေ၏။ ဖြိုးကို ခေါ်သွားမည်ဟုထင်ရသော နေရာ ဆီ စွတ်ပြေးလိုက်ရာက ခပ်လှမ်းလှမ်းမှာ အလင်းပျပျ မြင်တွေ့လိုက် ရ၏။ ပျပျရေးရေး အလင်းရောင်ဆီ ရောင်နီ သွန်ပြေးလာလိုက်၏။

အနားရောက်လာသောအခါ လောက်လန်းသဖွယ် ရှုစိထိုး နေသော အကောင်တွေကို တွေ့လိုက်ရ၏။ သေချာကြည့်လိုက်သော အခါ -

"အား! . . ဘုရား ဘုရား"

မမြင်အပ်သော သရဲတစ္ဆေတွေ ပုံပျက်ပန်းပျက်။ ထိတ်စရာ၊ လန့်စရာ ရုပ်ဆင်းသွင်ပြင်တွေနှင့်။ ကျီးကန်းတွေလို တစ်စုံတစ်ရာ ကို ဝိုင်းအုံခဲနေကြသည်။ ရောင်နီကို သတိမထားမိကြ။ သူတို့တတွေ အစာလုရင်း လုံးထွေးသတ်ပုတ်သူက သတ်ပုတ်နေကြ၊ ထိုးကြိတ်သူ က ထိုးကြိတ်နေကြ။ တစ်ယောက်ရသွားသောအစာကို တစ်ယောက် က လိုက်လုကြနှင့်၊ ကမ္ဘာပျက်သလို ဖြစ်နေကြ၏။

ရောင်နီလည်း ရင်တထိတ်ထိတ်နှင့် အနားကို တိုးကပ်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်၏။

ပုပ်ပွဖောရောင်နေသော လက်ပြတ်ကြီးတစ်ချောင်းကို အကောင်တစ်ကောင်က ကိုက်ခဲရင်း အစာလိုက်လုနေသူတွေကို မာန်ဖီနေ၏။ ထိုအကောင်မှာ မျက်နှာတွေက ပိုးထိုးလောက်ကိုက်သလို အပေါက်ရာဗရပွနှင့်။

ရောင်နီက အစာကို ကြည့်လိုက်သောအခါ ဗိုက်ပွင့်၊ ဦးနှောက်ပွင့်နေသော လူသေ အလောင်းတစ်လောင်းဖြစ်နေ၏။ လူသေမှာ လင်းတတွေ ဝိုင်းဆွဲထားခဲ့ထားရသလိုပင်။

လုစားနေသော သရဲ၊ တစ္ဆေကြီးတွေက စေ့စေ့ပင် မကြည့်ရဲလောက်အောင် ကြောက်လန့်ဖို့ ကောင်းလွန်းလှ၏။ အသံဆိုးကြီးတစ်သံကို ကြားလိုက်ရ၏။

သာမန်လူထက် သုံးဆခန့် ထွားကျိုင်းမြင့်မားပြီး တစ်ကိုယ်လုံး မီးလောင်ဖုလို အဖုအထစ်တွေနှင့်။ အမွေးကြမ်းကြီးတွေကလည်း ထိုးထိုးထောင်ထောင် ပေါက်နေသေး၏။ အဲ့ဒီအကောင်ကြီးက အသံပြုလိုက်ခြင်း ဖြစ်သည်။ အစာလုနေသူတွေ ရပ်တန့်သွား၏။ မီးကို ရေနဲ့ ငြိမ်းသတ်လိုက်သလို ရှဲခနဲ အသံတိတ်၊ လှုပ်ရှားမှုတွေ ရပ်ဆိုင်းသွားတော့၏။

အကြီးဆုံးကောင်ကြီးကို ဝိုင်းကြည့်ပြီး နားစွင့်နေကြ၏။ အကောင်ကြီးက အစွယ်ကြီးတွေ ပြူးထွက်နေ၏။ မျက်လုံးက အလယ်မှာ တစ်လုံးထဲ။ နဖူးက အထွတ်၊ အဖုတွေနှင့်။ သူ့နောက်မှာ ဖွက်ထားသောအရာကို ထုတ်ပြလိုက်၏။ အသံဗလံမျိုးစုံ ထွက်ပေါ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်ဘုံသားများ

"ဟင်! . . ဖြိုး . . ဖြိုး"

ဖြိုးက အကောင်ကြီးလက်ထဲမှာ ပျော့ခွေနုံးချိနေ၏။ အကောင်ကြီးက ပါးစပ်ပေါက်ကြီးကို ဖြဲပြလိုက်၏။ အုန်းသီး တစ်လုံး၊ လူခေါင်းတစ်ခေါင်းကို မျိုချနိုင်၏။ သွားတွေက လွှသွားတွေ လိုပင်။ ဝါးစားပစ်နိုင်၏။

အတ္တဘော ရုပ်သွင်ကြီးကိုက တော်တန်ရုံလူ မူးမေ့သွားနိုင်၏။ အကြောက်လွန်လွန်းပါက လိပ်ပြာလွင့်သွားနိုင်၏။

ဖြိုးကို ဝါးစားဖို့ လုပ်ပြနေ၏။ သရဲတစ္ဆေ ကောင်ထီး၊ ကောင်မ အရွယ်စုံတွေက အသံဆိုးမျိုးစုံဖြင့် ထောက်ခံအားပေးနေ၏။ မှင်စာလေးတွေက ပြေးသွားပြီး အကောင်ကြီးဆီက အစာကို ဖက်ယက်တောင်းနေကြ၏။ အကောင်ကြီးက မှင်စာတွေကို လက်နှင့် ရိုက်ထုတ်ပစ်လိုက်၏။ မှင်စာတွေလွင့်ပြီး ပျောက်သွား၏။

ရောင်နီ ရင်တွေ အရမ်းပူသွား၏။ အဲ့ဒီမိစ္ဆာကောင်ကြီးက ဖြိုးကို အစိမ်းလိုက်ဝါးစားပစ်မှာ သေမလောက် စိုးရိမ်၏။ အကောင်ကြီးနဲ့လည်း ရင်ဆိုင်ယှဉ်ပြိုင်ရမှာ ကြောက်ဒူးတုန်နေ၏။

မကောင်းဆိုးဝါးတွေ စုဝေးနေသောနေရာကို ရောင်နီနဲ့ ဖြိုးတို့ မျက်စိလည်လမ်းမှားပြီး ရောက်လာကြခြင်းပင်။

မိစ္ဆာအုပ်စုထဲမှ လေးငါး ဆယ်ကောင် ထွက်လာကြ၏။ ဝံပုလွေမျက်နှာ၊ တောခွေးမျက်နှာ၊ ကြွက်ကောင်ကြီးမျက်နှာမျိုးတွေနှင့်။

ခန္ဓာကိုယ်တွေကတော့ လူပုံနှင့် ခပ်ဆင်ဆင်၊ အမွေးအမျှင် ထူလပျစ်တွေနှင့်။

မိစ္ဆာကြီး ဆယ်ကောင်လောက်က အကောင်ကြီး လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



က အစာလို သဘောထားသော ဖြိုးကို ဝိုင်းလုဖို့ တာစူနေကြပြီ။ အကောင်ကြီးကလည်း တိုက်ချင်၊ ခိုက်ချင်နေပုံရသည်။ အစာပြပြီး ချဲလင်းခေါ်နေသလိုပင်။ တိုက်ခိုက်အနိုင်ယူပြီးမှ ဖြိုးကို အောင်သေ၊ အောင်သားစားလိုသည့် သဘောလားမသိ။ အမှောင်ထုအကွယ်ကနေ ရောင်နီ အသာခိုကပ်စောင့်ကြည့်နေ၏။

သိပ်မကြာလိုက်။ ဝရုန်းသုန်းကား ဝါးလုံးထိုး ပြေးဝင်ပြီး အကောင်ကြီးကို တိုက်ခိုက်ကြ၏။ အခြားနှစ်ကောင်က ဖြိုးကို ပြေးလု၏။

ရောင်နီ ဘုရားတနေမိ၏။ သူတို့လက်ထဲ ရောက်သွားလို့ကတော့ ဖြိုးခမျာ အရိုးရော၊ အသားပါ ကျန်မည်မဟုတ်။ လုံးထွေးသတ်ပုတ်သံတွေ ငရဲပွက်သွား၏။ အကောင်ကြီးနှင့် အလတ်စားအရွယ် အကောင်ပလောင်တွေ လုံးထွေး သတ်ပုတ်ကြနေကြ၏။ ဖြိုးက အကောင်ကြီးလက်မှာ ပျော့တိပျော့ခွေလေး။

တော်လဲသံလိုအသံမျိုးကြီး မြည်ဟီးသွားပြီး အကောင်ကြီးလက်ထဲက ဖြိုး လွင့်ထွက်သွား၏။ အကောင်ပလောင်တွေက ဝိုင်းအုံပြီး ဖြိုးကို ဖမ်းချုပ်လိုက်ကြ၏။

ရောင်နီလည်း မနေသာတော့။ ကြောက်စိတ်ကို ချစ်တဲ့စိတ်က ကြီးစိုးသွားပြီး ဒရောသောပါး ပြေးဝင်သွား၏။ တွေ့တဲ့ကောင်တွေကို ထိုးကြိတ်၊ ကန်ကျောက် ဆွဲလှဲပစ်၏။

မျက်လုံးကျွတ်ကျနေသည့် သရဲမနှစ်ကောင်က ဖြိုးရဲ့ ပေါင်ကိုကိုက်ဖို့ ပါးစပ်ကြီးတွေ အစွမ်းကုန် ဖြဲလိုက်၏။ အစွယ်ကြီးတွေကလက်လေးသစ်ခန့် ရှိနေပြီ။



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်ဘုံသားများ



ရောင်နီလည်း ပါးစပ်ပေါက်ကြီးတွေထဲကို ဘေးနားက သရဲ၊ ဘီလူးတွေရဲ့ လက်တွေ၊ ပုခုံးတွေကို ထိုးခံပေးလိုက်၏။ ရောင်နီလည်း သူတို့လို သရဲပုံဖမ်းပြီး တကီကီး၊ တဂဲဂဲနှင့် ဖြိုးကို မွေ့ဖက်ကာ ကာကွယ်ပေးထားမိ၏။

တစ်ဘက်မှာ အကောင်ကြီးတစ်ကောင်နှင့် အကောင်လတ်အုပ်စုတို့ တိုက်ခိုက်ထိုးသတ်နေကြဆဲ။ အကောင်ကြီးက ပါးစပ်တွေအတင်းဆွဲဖွဲ့ပစ်၏။ ခေါင်းတွေချိုးပြီး နင်းခြေပစ်၏။ ပေါင်နှစ်ချောင်းကနေ ဆွဲဖြဲပြီး အဝေးကိုလွှင့်ပစ်၏။

ရောင်နီ့ပုံစံကို ထူးဆန်းနေ၍ သရဲ၊ ဘီလူးအုပ်စုကြီး လန့်ပြီးနောက်ဆုတ် ရပ်တန့်သွား၏။ နောက်မှခေါင်းထဲ လက်ခနဲ အကြံရသွားပြီး ဘုရား၊ တရားကို အာရုံပြုလိုက်၏။

သရဏဂုံ ဆောက်တည်နေလိုက်၏။

"သုံးလောကထွဋ်ထား မြတ်စွာဘုရားရှင်သည်သာ လောက၏ အားထားကိုးကွယ်ရာ အစစ်အမှန်ဖြစ်တော်မူပါသည်။ ဤမှန်သော သစ္စာစကားကြောင့် ဤမိစ္ဆာလက်တွင်းမှ လွတ်ကင်းရပါလို၏"

ဘုရားစာရွတ်ဆိုပြီးသည်နှင့် သူသည် အမှန်ကန်ဆုံးသော သစ္စာစကားကို ဆိုပစ်လိုက်၏။

"ဒီကောင်နဲ့ ဒီကောင်မတို့ရဲ့ အသက်ကို လုကြပေါ့ . . လုကြ၊ ရအောင်လုကြစမ်း"

အော်ဟစ်သံကြီးသာ ကြားလိုက်ရ၏။ ပတ်ဝန်းကျင်မှာတော့ လေမုန်တိုင်းမွှေသလို၊ မြည်ဟီး သွက်သွက်လန်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ တစ်စက္ကန့်ခွဲလောက်အကြာမှာပင် အသံဗလံတွေ တိတ်ဆိတ်သွားတော့၏ ။ အကြောက်လွန်မိမှာ စိုး၍ ရောင်နီမျက်လုံးကို တင်းတင်းမှိတ်ထားမိ၏။ ဖြိုးကိုလည်း မလွှတ်တမ်း ဖက်ထားမိဆဲ။

"အင်း . . ဟင်း . . ဟင်း"

ဖြိုးရဲ့ ညည်းတွားသံကြောင့် ရောင်နီ မျက်လုံးကို ဖွင့်ကြည့်မိ၏။ အလင်းရောင် ပြန်မြင်ရ၏။ နီညိုရောင် အလင်းတွေရယ်သာ။ ဖြိုးကို စိုးရိမ်တကြီး ပြုစုလှုပ်နှိုးလိုက်တော့မှ ဖြိုး ပြန်သတိရလာ၏။ အကျိုးအကြောင်းပြောပြလိုက်တော့ ဖြိုး သိပ်အံ့သြပုံမရ။ ဖြိုး ပြောလိုက်သောစကားကြောင့် ရောင်နီသာ အံ့သြသွားရတော့၏။

"မောင် . . ရောင်နီ၊ ကျွန်မတို့နှစ်ယောက် မသေကြသေးဘူးနော်"

"ဒီဘဝကသေမှ ဒီတမလွန်ဘုံဘဝက သေမှ လူ့ဘဝထဲပြန်ရောက်သွားမလား၊ မောင် စဉ်းစားနေတာ"

နှစ်ယောက်သား အားကိုးတကြီး ပွေ့ဖက်ထားလိုက်မိပြန်သည်။ ပွေ့ဖက်ထားရင်းက ရောင်နီ့ရဲ့နှာခေါင်းထဲကို အနံ့တစ်မျိုးတိုးဝင်လာ၏။ သွေးညှီနံ့ (သို့မဟုတ်) အန္တရာယ်ရနံ့။ ဖြိုးရဲ့ လက်ကို ဆုပ်ကိုင်ဆွဲပြီး လှုချင်းခွာလိုက်၏။

"မောင် . . ဘာ . . ဘာဖြစ်လို့လဲဟင်"

"မောင်တို့ ဒီနေရာကနေ အမြန်လစ်စို့"

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# Chapter (18)

## လွှတ်လမ်းပေါ်က စိန်ခေါ်သံ

**ဟီတ်** . . မပြေးနဲ့၊ ငါ့လက်က လွှတ်ရိုးထုံးစံ မရှိဘူး၊ ငါ့မြှားက မင်းတို့ထက် ပိုမြန်တယ်။ ရပ်လိုက် . . မင်းတို့ (၂) ယောက် အဖမ်းခံရင် မင်းတို့အပေါ် သက်ညှာပေးမယ်။ အဖမ်း မခံရင် အသေပစ်ဖမ်းမယ်။ လေးသည်တော်တွေ မြှားတွေ အသင့်ပြင်ပြီး သူတို့ကို မလွှတ်တမ်း ချိန်ရွယ်ထားကြစမ်း”

ဂုမ္ဘာန်ကြီးက အသံနက်ဆိုးကြီးနှင့် ဟစ်အော်ထားပြီး သူ ကိုယ်တိုင်လည်း မြှားပြင်ကာ လေးညှို့ဆွဲငင် ချိန်ရွယ်ထား၏။ ရောင်နီနှင့် ဖြိုးတို့ တုန်လှုပ်ချောက်ချားနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရောင်နီ"

"ဖြိုး"

"ရှေ့မှာ ဘယ်လောက် ကျန်သေးသလဲ မသိဘူး။ သူတို့ မြှားတံတွေက မြူနိုးထဲအထိလိုက်လာရင် တို့ကို စိုက်ဝင်ကုန်မှာ"

"မြူတောထဲရောက်ဖို့ တံတားအတိုင်း ငါးလှမ်းလောက် ပဲ လျှောက်ရတော့မယ်။ လွတ်လမ်း မြင်နေပြီ။ ဒါ ထွက်ပေါက်ပဲ။ သူတို့ လက်ထဲပါသွားရင် ဆိုးတာပဲ ဖြစ်ဖို့ရှိတယ်။ ဖြိုး ကိုယ့် လက်ကို တင်းတင်း ဆုပ်ထား . . ဘုရား၊ တရားကို အာရုံပြုပြီး မြူတောထဲကို အတင်းပြေးဝင်ကြမယ်။ သေတစ်ကံ၊ ရှင်တစ်ကံ ပေါ့"

"ရောင်နီက ကံကောင်းတတ်တဲ့ လူပါ။ တကယ်လို့ ဖြိုး ကို မြှားထိပြီး ကျန်နေခဲ့ရင် ဖြိုးမိဘတွေကို ပြောပေးပါ . . ဖြိုး အတွက် ကောင်းမှုကုသိုလ် များများလုပ်ပေးပါ။ မိဘပေါ် ကျေးဇူး ဆပ်ဖြစ်ခဲ့သမျှ နောက်ဘဝ ရေစက်ဆုံတဲ့အခါကျမှ ဆပ်ခွင့်ပြု ပါလို့"

"ဖြိုးရယ် အဲလိုစကားတွေ မပြောပါနဲ့။ ကဲပါလေ . . ဖြိုး စိတ်ချမ်းအောင် ပြောပေးမယ် . . တကယ်လို့ ဖြိုးမသေဘဲ လွတ် မြောက်ခဲ့ရင် ကိုယ် ဒီမှာတင်သေဆုံးခဲ့ရင် ကိုယ့်မိဘတွေကို ပြော ပေးပါ။ ကိုယ့်ကိုလည်း ကုသိုလ်ကောင်းမှုလုပ်ပြီး အမျှဝေပေးပါ။ သေသွားတဲ့ သူငယ်ချင်းတွေကိုလည်း ရည်စူးပြီးဝေပေးပါ။ ယမမင်း ကြီးနဲ့တကွ ငရဲထိန်းတွေအားလုံးကိုပါ အမျှဝေပေးပါ"

ပြောရင်း ဖြိုးရော ရောင်နီပါ မျက်ရည်တွေတွေ ကျလာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





ကုန်၏။ ဖြိုးက မသိမသာလေး ခေါင်းညိတ်ပြ၏။

"ဟော့! . . ဘယ်လိုလဲ . . ပြန်လှည့်လာခဲ့ကြ"

ဂုဏ္ဍာန်ကြီးက လှမ်းအော်ပြန်၏။

"သူတို့ မေ့ခြင်းသစ်ပင်အောက်ကို ဖြတ်မလာရဲကြဘူး၊ ကိုယ်တို့လိုလည်း သူတို့ခန္ဓာကိုယ်နဲ့ ဖြတ်လို့မဖြစ်ဘူး။ ဖြတ်ရင် သူတို့မှတ်ဉာဏ်အဟောင်းတွေ ပျောက်ကုန်မှာလေ"

"ဒါဆိုတို့တွေ 'ဘုရား၊ တရား၊ သံဃာ ပူဇေမိ' လို့ တ,ပြီး တန်းပြေးကြမယ်"

"ကောင်းတယ် ဖြိုး၊ ကဲ . . စပြီ"

"ဘုရား . ."

"တရား . ."

"ဟိတ်! . . ထွက်ပြေးရင်ပစ်ပြီနော်။ မလွှတ်စေရဘူး၊ မြှား အစင်း (၅၀)လက်က မလွတ်ဘူး။ အသေဆိုးနဲ့ မသေချင်ရင် ပြန်လှည့်လာခဲ့ကြစမ်း"

"သံဃာ. ."

"ပူဇေမိ"

နှစ်ယောက်သား အားအင်ရှိသမျှ ရှန်းထွက်ပြေးကြ၏။

"ပစ်"

"ဝိုး . . ဝိုး . . ဝိုး"

"ဝှစ် . . ဝှစ် . . ဝှစ်"

"ရွှီး . . ရွှီး . . ရွှီး"

မြူတောထဲအရောက် အေးစိမ့်သော အငွေ့အရသာ[illegible]စား



www.burmeseclassic.com

www.burmeseclassic.com



ရစဉ် မြွားအစင်းပေါင်းများစွာ သူတို့ နားရွက်၊ နား၊ လက်ကြား၊ ဆံပင်ကြား၊ ခေါင်းပေါ်တွေကနေ အသည်းယားသဖွယ်ရာ ပွတ်ကာသီကာ ပျံဝဲပြီး ပျောက်ကွယ်သွားကုန်ကြ၏။

မြူခိုးပိန်းပိတ်ထဲ ဆက်ပြေးနေကြရင်းက ခြေထောက်တွေ ဆလထဲရောက်သွားသလိုပင်။ အောက်ကအခင်းကို မနင်းမိတော့။

"ဖြိုး"

"ရောင် . . နီ"

"သတိထား"

လေထဲငြိမ့်ဝဲနေရာက မျက်လုံးတွေ ငိုက်ဆင်းလာကြ၏။ တစ်ဦးလက်ကို တစ်ဦး ဆုပ်ကိုင်းရင်း အားအင်တွေ ပျော့ခွေကာ ငြိမ်မော မေ့လျော့သွားကုန်ကြတော့၏။

□ □ □



www.burmeseclassic.com

www.burmeseclassic.com





# Chapter (19)

## သေကံမကြို၊ ပြန်ရှင်ခုန်

အို! . . အံ့သြစရာပဲ"

"ရှင် ဘာဖြစ်လို့လဲ ဆရာမ"

သူတို့ နှလုံးခုန်သံတွေ ပုံမှန်အတိုင်း ပြန်ဖြစ်လာပြီ။ ဒီအတိုင်းဆို သူတို့ မကြာခင် သတိရ . . ရ"

"ဟော! . ."

"အင်း . . ဟင်း . . ဟင်း"

"သား . . သားလေး ရှောင်နီ သတိရလာပြီ"

"ရေ . . ရေ . . ရေပေးပါ"



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်ဘုံသားများ



"နေဦး . . ဖွမ်းစလေးနဲ့ ရေဆွတ်ပြီး နှုတ်ခမ်းကို အသာသုတ်ပေး"

ရောင်နီ သတိပြန်ရလာသလို၊ တစ်ဘက်မှာလည်း ဖြိုးရဲ့မိသားစုတွေ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြ၏။

"သမီးလေး ဖြိုး . . ပြန်သတိရလာပြီ၊ ပြန်သတိရလာပြီ။ ဝမ်းသာလိုက်တာ၊ ယောကျာ်းရယ်"

"အဲဒါ . . ဘုရားတန်ခိုး၊ တရားတန်ခိုး၊ သံဃာတန်ခိုးပေါ့ကွ"

ရောင်နီနဲ့ ဖြိုးတို့ရဲ့ မိဘတွေ အားလုံး ဝမ်းသာကုန်ကြ၏။ ဆရာဝန်ကြီးက လာစစ်ဆေးပြီးသည်နှင့် ရေအနည်းငယ်တိုက်ခွင့်ရ၏။ စကားတွေလည်း ပြောလာနိုင်လေပြီ။

"အဖေနဲ့ အမေ . . သားကို ခွင့်လွှတ်ပါ"

"ခွင့်လွှတ်ပါတယ် သားရယ်"

"ဖြိုးကော"

"ဖြိုး . . သတိရနေပါပြီ။ သားတို့၊ သမီးတို့ အသက်မသေတာပဲ ကံကောင်းလှပြီ"

"ဒါ . . ဒါနဲ့ . . . ရဲဝင်းနဲ့ ဖွန်တို့ကော"

"အင်း . . စိတ်မကောင်းစရာပဲ၊ ဆုံးသွားကြပြီ"

"ညီညိုနဲ့ ရွှေရောင်"

"သူတို့က အရင်ဆုံးသွားတာ"

"မိုးသဲနဲ့ မင်းထက်"

"ဆုံးသွားကြပြီ။ သူတို့မိဘတွေ ကြေကွဲ ဝမ်းနည်းနေကြ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။ သူတို့အသုဘတွေ မနက်ဖြန်ချလိမ့်မယ်"

"တစ်ကားလုံးမှာ သားနဲ့ဖြိုးပဲ ပြန်အသက်ရှင်ကြတာ။ ကားမှောက်တဲ့ဒဏ်ရာက ပြင်းတော့ ကျန်တဲ့သူတွေ သေကုန်ကြတာလေ"

"မဟုတ်ဘူး . . မေမေ။ သူတို့ ကားမှောက်လို့ သေကြတာမဟုတ်ဘူး။ သူတို့ သေရတာက. ."

ရောင်နီက ဖြစ်ကြောင်းကုန်စင် ရှင်းပြနေ၏။ ဖြိုးကလည်း ဝိုင်းကူပြီး ရှင်းပြလေသည်။ နှစ်ဘက်မိဘတွေ အံ့သြ ထိတ်လန့်၊ တုန်လှုပ်စွာ နားထောင်နေကြ၏။

BURMESE CLASSIC

သူတို့စကား နားထောင်ပြီးသောအခါ လူကြီးမိဘတွေ အထူးကုဆရာဝန်ကြီးနှင့် သွားတိုင်ပင်ကြ၏။

"သူတို့ ခေါင်းကိုထိသွားလို့ ကြောင်တောင်တောင်စကားတွေ ပြောနေကြတာ မဟုတ်ပါဘူး။ ဒီလိုကိစ္စမျိုးက ဟုတ်လည်းဟုတ်တယ်၊ မဟုတ်လည်းမဟုတ်ဘူး ဆိုသလိုပဲ။ ထားလိုက်ပါ၊ အချိန်သမားတော်က ကုစားရင် သူတို့မေ့သွားပါလိမ့်မယ်"

ရောင်နီနဲ့ ဖြိုးတို့ ဆေးရုံကဆင်းပြီး သူငယ်ချင်းတွေရဲ့ အသုဘကို ဝမ်းနည်းပက်လက် လိုက်ပို့ဖြစ်ကြ၏။ ကောင်းရာမွန်ရာရောက်ဖို့လည်း ဆုတောင်းပေးကြ၏။

အပြန်လမ်းမှာ ရောင်နီနဲ့ဖြိုးတို့ ကားနောက်ခန်းထဲမှာ အတူထိုင်ဖြစ်ကြ၏။ ဒါရိုင်ဘာကြီးက မောင်းပို့ပေး၏။ ရောင်နီက ဖြိုး လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်၏။ ဖြိုးက အားယူပွင့်အာသော အပြုံးလေးနှင့်တုံ့ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"တို့တွေ လက်ချင်းတွဲဆက်ပြီး ဘုရားမှာ ဆုတောင်း၊ ရေစက်ချခဲ့ကြလို့ အသက်နဲ့ခန္ဓာ အိုးစားမကွဲကြတာနော်။ ဖြိုး . . အဲဒါကြောင့် . ."

"ဘာဖြစ်လဲ"

"ဖြိုးကို အမြန်ဆုံး လက်ထပ်ချင်တယ်"

"ဟောတော့ . ."

နှစ်ယောက်သားရယ်သံတွေ ကားထဲကနေ လွင့်ပျံထွက်သွားကုန်တော့လေသတည်း။

✍ ✍ ✍

ဓေတန်

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

**စေတန်**

# စတုတ္ထမြောက် စာအုပ်

# သရဲမနဲ့ ညားတဲ့လူ

# ရုပ်ဆိုးမ သရဲ

**စေတန်**

- စေတန်၏ စတုတ္ထမြောက်စာအုပ်တွင် အလွန် ကြောက်စရာကောင်းသော သရဲ ဝတ္ထုလတ်နှစ်ပုဒ် စုစည်း ပါဝင်မည်။
- သရဲမနဲ့ညားတဲ့လူတွင် လူသေမင်္ဂလာဆောင်၊ မသေမရှင် မောင်လူခင်၊ ချွတ်သူနဲ့ ဖွတ်လူ စသည့် ဇာတ်ဝင်ခန်းများ၊
- တစ်ယောက်တည်း ညဘက်ဖတ်လျှင် လက်ထဲက စာအုပ် ပစ်ချရသည်အထိ ကြောက်စရာ ကောင်းလိမ့်မည်။
- ရုပ်ဆိုးမ သရဲမှာတော့ သနားစဖွယ်၊ ချောက်ချားစရာ၊ ကလဲ့စားချေတဲ့စိတ်ဖြင့် ချောက်လှန့်နေသော သရဲမလေး အကြောင်းကို ဖတ်ရှုရမည်။
- ဖြစ်ရပ်မှန် ဇာတ်လမ်းများဖြစ်ပြီး ညမဖတ်ရ စာအုပ်။

**မကြာမီ လာမည် . . မျှော်**



www.burmeseclassic.com